# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday, 26 December 2022 ၁၀၉၆၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

### နိုင်ငံတော်လွတ်လပ်ရေးနှင့် စာပေဗိမာန်၏ အခန်းကဏ္ဍ

ဆောင်းပါး စာမျက်နှာ » ၆

### ဘဝတိုးတက်မြင့်မားစေဖို့ လူတိုင်းစာဖတ်ပါ

ဆောင်းပါး စာမျက်နှာ » ၁၀



### နိုင်ငံအတွက်ဂုဏ်ယူဖွယ် မြန်မာပြည်မြောက်ဖျားက ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်

ဆောင်းပါး စာမျက်နှာ » ၁၈



ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)ညပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ စိန့်မေရီ(ရန်ကုန်)ကာသီဒြယ်ဘုရားကျောင်း၌ ရောင်စုံလျှပ်စစ်မီးများဖြင့် အလှဆင်ထားသည်ကို တွေ့ရစဉ်။

## ရန်ကုန်မြို့ရှိ ခရစ်ယာန်ဘုရားကျောင်းများ၌ ရောင်စုံလျှပ်စစ်မီးများ အလှဆင်ထွန်းညှိထား

ရန်ကုန် ဒီဇင်ဘာ ၂၅

ယနေ့ ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့တွင် ခရစ်ယာန်ဘာသာဝင်များသည် နိုင်ငံတစ်ဝန်းရှိ ခရစ်ယာန်ဘုရားကျောင်းများ၌ ဘုရားဝတ်ပြုဆုတောင်းခြင်းများကို စိတ်အေးချမ်းသာစွာဖြင့် ဆောင်ရွက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪



## ဒေသစုံမှထွက်ရှိလာသည့် ကုန်စိမ်းသီးနှံများ မန္တလေးဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်ကာ အရောင်းအဝယ်ကောင်းနေ

မန္တလေး ဒီဇင်ဘာ ၂၅

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းသို့ ဒေသစုံမှထွက်ရှိလာသည့် ကုန်စိမ်းသီးနှံများ လှိုင်လှိုင်ဝင်ရောက်ကာ အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း အဆိုပါဈေးအတွင်းရှိ ကုန်စိမ်းပွဲရုံများထံမှ သိရသည်။

**ပုံမှန်ဝင်ရောက်လျက်ရှိ**

လက်ရှိအချိန်တွင် ဒေသစုံမှ လှိုင်လှိုင်ထွက်ရှိလာသည့် ကုန်စိမ်းသီးနှံများ မန္တလေးမြို့သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ကားအစီးရေ ၃၀ မှ ၄၀ အထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဝင်ရောက်လာသည့် ကုန်စိမ်းသီးနှံများအားလုံး၏ ဈေးနှုန်းများမှာ ပြီးခဲ့သည့်လများကထက် ပိုမိုကောင်းမွန်ကာ ဈေးကွက်အတွင်း၌ အရောင်းအဝယ်များ ကောင်းနေခြင်းကြောင့် စိုက်ပျိုးသူတောင်သူများ အဆင်ပြေလျက်ရှိကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"ကုန်စိမ်းသီးနှံတွေအားလုံးက ခုချိန်မှာ နယ်စုံဒေသကထွက်ပြီး ဈေးကွက်ကို လှိုင်လှိုင်ဝင်ရောက်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒

ကြေးမုံ

# ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်း စီးပွားရေးမြှင့်တင်

မြန်မာနိုင်ငံလူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သည်။ ကျေးလက်ပြည်သူများသည် အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြ၍ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များသည် မြန်မာနိုင်ငံ၏ အဓိကထုတ်ကုန်ပစ္စည်းများဖြစ်သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ထုတ်ကုန်ပစ္စည်းနည်းပါးမှု၊ အရည်အသွေးမမီမှုတို့ကြောင့် ရောင်းဝယ်ဖောက်ကားမှုအားနည်းသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအားတွေ့ဆုံစဉ် “ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်ကုန်ပစ္စည်းနည်းပါးမှုကြောင့် ရောင်းဝယ်မှုနည်းပါးခြင်းဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် အရေအတွက်များပြားစွာထုတ်လုပ်နိုင်ရန် အရေးကြီးကြောင်း” ပြောကြားထားသည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတပစ္စည်းများ ပေါများကြွယ်ဝသဖြင့် ထုတ်ကုန်ပစ္စည်းများအတွက် ကုန်ကြမ်းအလုံအလောက်ရှိသည်။ သို့သော် ကုန်ပစ္စည်းထုတ်လုပ်မှုအပိုင်းတွင် ပူးပေါင်းဆောင်ရွက်မှု၊ ကျွမ်းကျင်လူသားအရင်းအမြစ်များလိုအပ်မှု၊ ခေတ်မီစက်ကိရိယာနှင့် ကုန်ထုတ်လုပ်မှုအရင်းအနှီးများလိုအပ်မှု၊ တီထွင်ကြံဆထုတ်လုပ်နိုင်မှု စသည့်အကြောင်းအချက်များကြောင့် အရည်အသွေးပြည့်ဝသောကုန်ပစ္စည်းများကို လုံလောက်စွာထုတ်လုပ်နိုင်ခြင်းမရှိပေ။ ရောင်းဝယ်ဖောက်ကား ကုန်သွယ်စီးပွားကဏ္ဍ၌ အခြားနိုင်ငံမှကုန်ပစ္စည်းများနှင့်နှိုင်းယှဉ်လျှင် လူကြိုက်နည်းသဖြင့် ကုန်ထုတ်လုပ်မှုလျော့နည်းလာခဲ့သည်။ ယင်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဝိုင်းဝန်းကြံဆပြုပြင်ပြောင်းလဲလုပ်ကိုင်ကြရန်လိုအပ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းရှင်များလိုအပ်သည့် အရင်းအနှီးအမျိုးမျိုးကိုထုတ်ချေးပေးပြီး အားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း ငွေကြေးလည်ပတ်သုံးစွဲမှု များပြားမှသာလျှင် စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် သွင်းအားစုများလိုအပ်သဖြင့် ယင်းတို့ကိုရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းများတွင် အဓိကလိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ဓာတ်မြေသြဇာထုတ်လုပ်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရေးနှင့် သဘာဝသယံဇာတမှ ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်မည်ဆိုပါက နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများမှ တာဝန်ရှိသူများကလည်း ထုတ်ကုန်လုပ်ငန်းမြင့်မားတိုးတက်ရေးအတွက် အကြံပြုတင်ပြထားသည်။ ကဏ္ဍအလိုက်ပို့ကုန်များကို ပိုမိုတိုးမြှင့်တင်ပို့နိုင်ရန် နိုင်ငံတကာအသိအမှတ်ပြုဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ လယ်ယာကဏ္ဍ၌ ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေး၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အရင်းအနှီး၊ ကျွမ်းကျင်လုပ်သား၊ နည်းပညာစသည်တို့တွင် ကူညီဆောင်ရွက်ပေးရေး၊ ကုန်ကြမ်းပစ္စည်းများတင်သွင်းရာတွင် အရည်အသွေးပြည့်မီမှု စစ်ဆေးပေးနိုင်ရေးနှင့် ကုန်သွယ်ခွန်ကောက်ခံမှုကို သက်သာသောနှုန်းထားဖြင့် ခွင့်ပြုပေးရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ပုဂ္ဂလိကကဏ္ဍကို အားပေးကူညီပေးရေး၊ လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များ တွင်ကျယ်စွာအသုံးပြုလာရေး၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ရရှိရေးအတွက် ကုန်စည်ပြပွဲများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများကောင်းမွန်လာရေး၊ ပြည်ပပို့ကုန်များ ဈေးကွက်ပိုမိုရရှိရေး၊ အိုင်စီတီနည်းပညာဆိုင်ရာ သွင်းကုန်ပစ္စည်းများ အခွန်နှုန်းသက်သာစွာရရှိရေး ကန့်သတ်ချက်များဖြေလျှော့ပေးရေး စသည့်လိုအပ်ချက်များကို တင်ပြခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း၌ ကုန်ကြမ်းပစ္စည်းများ အလုံအလောက်ရှိ၍ ပြည်တွင်းကုန်ကြမ်းပစ္စည်းများနှင့် ဆောင်ရွက်မည်ဆိုပါက မည်သည့်တိုင်းရင်းသားလုပ်ငန်းရှင်များကိုမဆို အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်ပစ္စည်းများဖြင့် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်များကို ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့လည်းတင်ပို့နိုင်လျှင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်။ မြန်မာနိုင်ငံတွင် လူသုံးကုန်ပစ္စည်းများကို ပြည်ပမှ အများဆုံးမှာယူတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေသုံးစွဲမှု များပြားလျက်ရှိသည်။ လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ပါက တိုင်းပြည်အတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း။ ။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး“ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ဆန်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဒီဇင်ဘာ ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးတော်မူကြသော သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ဆွမ်းအခက်အခဲအဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် ဝန်ထမ်းမိသားစုများက လားရှိုးမြို့နယ် နတ်ရေကန်ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသောဘိတ (မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် သာသနာ့အလင်းရောင် သီလရှင်စာသင်တိုက် ဒေါ်ဥတ္တရထေရီထံသို့ ဆန်၊ ဆီ၊ ပဲ များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၂၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မင်္ဂလာသီရိပတ္တာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာစကြာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်ဟင်္သာတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ကံသာကျောင်းတိုက်၊ ဒေါပုံမြို့နယ်ရှိ ပြဿဒ်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဥမင်ဓမ္မသုခပရိယတ္တိစာသင်တိုက်နှင့် လှိုင်မြို့နယ်ရှိ ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဓမ္မဝါသီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ခန္တောပရိယတ္တိစာသင်တိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ကံတက်ကုန်းမစိုးရိမ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ ကျောင်းကြီးကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ စိန်ပန်းပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ အရှေ့ခါးရိုးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်းတာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉) ကျောင်းဆင်းအရာရှိများ၏ ဆဋ္ဌမအကြိမ်အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၅**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉) ကျောင်းဆင်းအရာရှိများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ အနော်ရထာခန်းမ၌ ကျင်းပရာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၅)မှ(၁၉)အထိ ကျောင်းဆင်းအရာရှိများနှင့် ကန်တော့ခံဆရာကြီး ဆရာမကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၅)မှ(၁၉)အထိ ကျောင်းဆင်းအရာရှိများ၏ ကိုယ်စား အမှတ်စဉ်(၁၉)မှ ကျောင်းဆင်းအရာရှိတစ်ဦးက အာစရိယပူဇော်ပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၅)မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေမှပေးပို့သည့် ကန်တော့ပန်းဆင်စာလွှာအား အမှတ်စဉ်(၁၅)မှ ကျောင်းဆင်းအရာရှိတစ်ဦးက ဖတ်ကြားပြီး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၉)မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ပေးပို့သည့် ကန်တော့ပန်းဆင်စာလွှာအား အမှတ်စဉ်(၁၉)မှ ကျောင်းဆင်းအရာရှိတစ်ဦးက ဖတ်ကြားသည်။

ဆက်လက်၍ စစ်တက္ကသိုလ်တွင် ပညာသင်ကြား ပြသပေးခဲ့ကြသော ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၅)မှ(၁၉)အထိ ကျောင်းဆင်းအရာရှိများက ကန်တော့ချိုးဖြင့် ကန်တော့ကြပြီးနောက် ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီးတစ်ဦးက ဩဝါဒစကားပြောကြားကာ ကျောင်းဆင်းအရာရှိများက ကန်တော့ခံဆရာကြီး ဆရာမကြီးများအားကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် အာစရိယပူဇော်ပွဲအတွက် လှူဒါန်းကြသော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၅)မှ(၁၉)အထိ ကျောင်းဆင်းအရာရှိများနှင့် အလှူရှင်များအား အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့်အတူ ကျောင်းဆင်းအရာရှိများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ရုရှားဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Igor MUKHAMETSHIN ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂၅**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံ၌ရောက်ရှိနေသော ရုရှားဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Igor MUKHAMETSHIN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် ရေဝတီရေတပ်စခန်း ဌာနချုပ် အရာရှိရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံရေတပ်မှစစ်ရေယာဉ်များ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ လေ့လာလည်ပတ်နိုင်မှုနှင့် နှစ်နိုင်ငံရေတပ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးအတွက် အဆင့်လိုက်ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လေ့လာလည်ပတ်နိုင်ရေး၊ မြန်မာ့တပ်မတော်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သင်တန်းသားများစေလွှတ်သင်ကြားလျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံ ရေတပ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်အတူ တပ်မတော်(ရေ)မှ အရာရှိကြီးများ တက်ရောက်ကြသည်။ တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ရုရှားဒုတိယရေတပ်ဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် ရုရှားဒုတိယရေတပ်ဦးစီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ရေဝတီရေတပ်စခန်းဌာနချုပ် အမှတ်(၄)ရေတပ်ဖောတံတားမှ တပ်မတော်စစ်ရေယာဉ်ဖြင့်ထွက်ခွာကြပြီး ရေတပ်လေ့ကျင့်ရေးဌာနချုပ် အမှတ်(၅) ရေတပ်ဖောတံတားသို့ရောက်ရှိကြရာ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်နိုင်မင်းကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ယင်းနောက် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၏ လေ့ကျင့်ရေးဆိုင်ရာ ဆောင်ရွက်ပေးနေမှုကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး Ship Handling Simulator တွင် လေ့ကျင့်နေမှုကိုလည်းကောင်း၊ Engine Room Simulator တွင် လေ့ကျင့်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ သိရှိလိုသည်များအား တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၃၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၃၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်း၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုမည့် ဇင်ယော်ရေယာဉ်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းသို့ ရောက်ရှိပြီး ရန်ကုန်မြို့သို့ ရေကြောင်းမှ ဝင်ရောက်လာသည့် ပင်လယ်ကူးသင်္ဘောများ ကျောက်ချရပ်နားသည့်နေရာ၌ လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ဝန်ကြီးဌာန၏ ဇင်ယော်(၁)၊ (၂)၊ (၃) ရေယာဉ် သုံးစင်းကို ကြည့်ရှုစစ်ဆေးသည်။





ထို့သို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရေယာဉ်ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်များကြံ့ခိုင်ကောင်းမွန်ရေး အလေးထား ဆောင်ရွက်ရန်၊ ရေယာဉ်များလုံခြုံမှုရှိစေရေးအတွက် နေ့ညမပြတ် အလှည့်ကျတာဝန်ချထားရန်မှာကြားပြီး ဇင်ယော်ရေယာဉ်စက်ခန်း အခြေအနေနှင့် ရေယာဉ်တက်မခန်း အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ရေယာဉ်ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အေးရှားဝေါလ်ဆိပ်ကမ်းသို့ ရောက်ရှိရာ ဆိပ်ကမ်းရှင်းလင်းဆောင်၌ ဆိပ်ကမ်းများကြီးကြပ်ရေးဌာနခွဲ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဘုန်းက ဆိပ်ကမ်းများကြီးကြပ်ရေးဌာနခွဲ ဒုတိယဌာနခွဲမှူးရုံးရှိ ဝန်ထမ်းအင်အား၊ သီလဝါ၊ ရန်ကုန်နှင့် သန်လျင်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောများ ဝင်/ထွက်သွားလာမှုနှင့် အဆိုပါသင်္ဘောများ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်အဆင့်အလိုက် စစ်ဆေးဆောင်ရွက်မှု၊ ကမ်းလွန်ပင်လယ်ပြင်ရှိ ရေနံတူးစင်များသို့ ဝင်/ထွက်သည့် သင်္ဘောများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်မှု၊ ဇင်ယော်ရေယာဉ်များ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် ပြုပြင်ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနမှ လေဆိပ်ဝန်ထမ်းများသည် လေကြောင်းလိုင်းမှ ဝင်/ထွက်သွားလာမှုများကို တာဝန်ယူဆောင်ရွက်ရသကဲ့သို့ ရေဆိပ်ဝန်ထမ်းများသည်လည်း ရေကြောင်းမှ တရားဝင် ဝင်/ထွက်သွားလာမှုအဆင်ပြေစေရေးနှင့် တရားမဝင် ဝင်/ထွက်မှု မရှိစေရေး တာဝန်ယူဆောင်ရွက်ရသည့် နိုင်ငံ၏တံခါးမှူးများဖြစ်ကြောင်း၊ ပင်လယ်ဝမှ ရန်ကုန်မြစ်အတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံတကာသင်္ဘောများပေါ်သို့ တက်ရောက်စစ်ဆေးဆောင်ရွက်သည့် ဝန်ထမ်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဝတ်စားဆင်ယင်မှု စနစ်တကျဖြစ်စေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စစ်ဆေးဆောင်ရွက်ရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဝန်ထမ်းများနှင့် ရေယာဉ်များ လုံခြုံရေးအတွက် အမြဲဂရုပြုဆောင်ရွက်ရန်နှင့် ထူးခြားဖြစ်စဉ်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ်စုပေါင်းလမ်းလျှောက်ပွဲတွင် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပါဝင်ဆင်နွှဲ၊ လမ်းဖွင့်ပွဲများ တက်ရောက်

ပုသိမ် ဒီဇင်ဘာ ၂၅

ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ယမန်နေ့နံနက်ပိုင်းက ရွှေရုပ်တုအဝိုင်းရှေ့၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါစုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ အပါအဝင် အင်အား ၁၉၀၀ ခန့်က တပျော်တပါး ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကျိုက်လတ်- ပေါက်ကျွန်း-စက်ကုန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် ကျိုက်လတ်-မောင်းတီးလမ်း(ကျိုက်လတ်ကျေးရွာအဝင်လမ်း) ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲများသို့လည်းကောင်း၊ ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက်တွင် (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် လမ်းအရှည် ၅၁၆ ပေ၊ အကျယ် ၁၆ ပေ၊ ဒု ၆လက်မရှိ မင်္ဂလာလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ လည်းကောင်း တက်ရောက်၍ လမ်းသစ်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။



ထို့နောက် ကျောင်းကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသွင်းအားစု(ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေဩဇာနှင့် ယူရီးယားမြေဩဇာ) ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။ ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သောသွင်းအားစုများကို ကျောင်းကုန်းမြို့နယ်တွင် နွေစပါး ၅၄ ဧက၊ ပဲတီစိမ်း ၃၇၉ ဒသမ ၅ ဧကတို့အတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု ငါးတဲစုကျေးရွာတွင် ကျင်းပသည့် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး၊ ပေါ်ဆန်းဘေးကြားစံကွက်ရိတ်သိမ်းပွဲတက်ရောက်ခဲ့ပြီး ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။ ၂၀၂၂- ၂၀၂၃ခုနှစ် မိုးစပါး၊ ပေါ်ဆန်းဘေးကြားစံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစိုအထွက်နှုန်း ၁၀၃ ဒသမ ၆၅တင်း၊ အခြောက်အထွက်နှုန်း ၉၈ ဒသမ ၄၉ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မိုင်းလားမြို့နယ် တာပင်းကျေးရွာ၌ VDPစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

မိုင်းလား ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာပင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးစိုင်းစိုးစိုး၊ မိုင်းလားမြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ရှိသူများသည် တာပင်းကျေးရွာတွင် အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တာပင်းကျေးရွာတွင် အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင် ငွေကျပ် ၅ ဒသမ ၂၉၇ သန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**၂၂၂**

# အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဆိုင်ရာ သိကောင်းစရာTalk Show ပြုလုပ်

ကော့သောင်း ဒီဇင်ဘာ ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဆိုင်ရာ သိကောင်းစရာ Talk Show အား ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းမြို့နယ် ဦးစီးမှူးရုံးတို့ပူးပေါင်းကာ ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ကော့သောင်းခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေဇင်ဦးက ဆွေးနွေးပွဲ Talk Show ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမြတ်ဇော်မင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)ကိုင်ဆောင်မှုနှင့်ပတ်သက်၍ ပြည်သူများ သိသင့်သိထိုက်သည့်အကြောင်းအရာများ၊ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများ၊ ခရိုင်အတွင်းနှင့် မြို့နယ်များအလိုက် လူဦးရေစာရင်း မှန်ကန်စေရန် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး(Working Group)များဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ စသည့်အကြောင်းအရာများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

"နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်းအရေးမှာ ပြည်ပက ပါဝင်နေသမျှကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ ဖြစ်ပါတယ်။ တခြားပြည်ပနိုင်ငံတွေကနေပြီးတော့ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်မယ်။"

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၂-၅-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်]



ပြည်ထောင်စုတိုင်းရင်းသားများ ဓာတ်ပုံ - စိုင်းထွန်းနေလှိုင်

❂ ရှေ့ဖုံးမှ

ရန်ကုန်မြို့ ခရစ်ယာန်ဘုရားကျောင်းများတွင်လည်း ခရစ်ယာန်ဘာသာဝင် ပြည်သူများသည် သက်ဆိုင်ရာ ဘုရားကျောင်းများသို့ သွားရောက်ကြပြီး ခရစ်တော်ဘုရားသခင် မွေးနေ့တော်မြတ် အထိမ်းအမှတ် ဘုရားဝတ်ပြုဆုတောင်းခြင်း၊ ဓမ္မတေးများဖြင့် ချီးကျူးပူဇော်ခြင်းတို့ ပြုလုပ်ကြသည်။ ညပိုင်းတွင် ခရစ္စမတ်နေ့အထိမ်းအမှတ် ဘုရားကျောင်းများ၌ ရောင်စုံလျှပ်စစ်မီးများ အလှဆင်ထွန်းညှိထားသည့် အပြင် ပန်းခြံများ၊ စျေးဝယ်စင်တာများ၊ ဟိုတယ်များ၊ အဆောက်အအုံများ၌ ခရစ္စမတ်နေ့အထိမ်းအမှတ် ရောင်စုံလျှပ်စစ်မီးများ အလှဆင်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**



ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)ညပိုင်းတွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ရောင်စုံလျှပ်စစ်မီးများဖြင့် အလှဆင်ထားသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ - ဇော်မင်းလတ်



ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)ညပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး၌ ရောင်စုံလျှပ်စစ်မီးများဖြင့် အလှဆင်ထားသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ဇော်မင်းလတ်



ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)ညပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမ၌ ရောင်စုံလျှပ်စစ်မီးများဖြင့် အလှဆင် ထားသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ဇော်မင်းလတ်

❒ ဒေသစုံမှ

လာတဲ့အတွက် စျေးကတော့ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုချိန်မှာ စျေးကွက်ကို အပြိုင်ဝင်ရောက်လာပါတယ်။ ခရမ်းချဉ်သီးက လက်ရှိမှာ ၁၈ ပိဿာဝင်သေတ္တာတစ်လုံးကို ငွေကျပ် ၃၂၀၀၀ ကနေ ၃၇၀၀၀ စျေးထိရှိနေတယ်။ ဂေါ်ဖီထုပ်က ငွေကျပ် ၇၀၀ မှ ၁၀၀၀၊ ပန်းမုန်လာစျေးနှုန်းက ငွေကျပ်၆၀၀ မှ၇၀၀၊ ကြက်ဟင်းခါးသီးတစ်ပိဿာ ငွေကျပ် ၁၃၀၀ မှ ၁၄၀၀၊ ခရမ်းသီးတစ်ပိဿာ ငွေကျပ် ၆၀၀ မှ ၇၀၀၊ မုန်ညင်းဖြူက ငွေကျပ် ၆၀၀၀ မှ ၇၀၀၀ အထိရှိပြီး အာလူးတစ်ပိဿာ ငွေကျပ် ၂၀၀၀ မှ ၂၂၀၀၊ ကျန်တဲ့သီးနှံတွေလည်း သူစျေးနဲ့သူ ပုံမှန်အတိုင်း ရောင်းချနေပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် မန္တလေးသီရိမာလာကုန်စိမ်းစျေးသို့ နယ်စုံဒေသများမှ ကုန်စိမ်းသီးနှံများ နေ့စဉ် ကားအစီးရေအလိုက် ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း၊ အဆိုပါ ကုန်စိမ်းစျေးကို ပုံမှန်အတိုင်း ဖွင့်လှစ်ပြီး စည်ကားစွာ ရောင်းချနေကြောင်း၊ စျေးကို နံနက် ၄ နာရီမှ ည ၈ နာရီအထိ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ကာ စျေးဝယ်သူပြည်သူများကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **မောင်အေးချမ်း**

## အသိပေးနှိုးဆော်ချက်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ၄-၁-၂၀၂၃ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# နိုင်ငံတော်လွတ်လပ်ရေးနှင့် စာပေဗိမာန်၏ အခန်းကဏ္ဍ

••••••••• စိုးနိုင်ထွန်း (စာပေဗိမာန်) •••••••••


မိဘတို့၏မေတ္တာတရားကို မည်မျှပင် နားလည်သည်ဆိုစေကာမူ ကိုယ်ကိုယ်တိုင် မိဘနေရာမရောက်သေးသရွေ့ အပြည့်အဝနားလည် နိုင်မည်မဟုတ်ပေ။ ထို့အတူ မလွတ်လပ်ခြင်း၊ အခြားတိုင်းတစ်ပါးသား၏ စိုးမိုးချုပ်ချယ်၊ ကိုလိုနီပြုခြင်းဆိုးကျိုးကို မည်မျှပင် ကိုယ်ချင်းစာ၍ နားလည်သဘောပေါက်သည်ဆိုစေကာမူ ကိုယ်ကိုယ်တိုင် ထိုကဲ့သို့ ကိုလိုနီပြု စိုးမိုးခြင်းအောက်တွင်မရောက်ခဲ့ဘဲ ဂဃနဏ သိရှိခံစား နားလည်ပေးနိုင်မည်မဟုတ်ပေ။

ယခု ကျွန်ုပ်တို့နိုင်ငံတွင် မှီတင်းနေထိုင်နေကြသူအများစုမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှ မွေးဖွားလာကြသူများဖြစ်သည်။ ကိုလိုနီလက်အောက်ခံဘဝကို ကြုံတွေ့ခဲ့ရသူအနည်းငယ်သာရှိသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် မွေးဖွားသူများပင် ခုနစ်ဆယ်ကျော်ငါးနှစ်အတွင်း ချဉ်းနင်းဝင်ရောက်နေကြသူများဖြစ်သည်။ အရွယ်အားဖြင့်ကြည့်မည်ဆိုပါက တတိယအရွယ်ဖြစ်သည်။ ဘဝ၏ လှိုင်းထမ်းပိုးများဖြစ်သည့် ကောင်းခြင်း၊ ဆိုးခြင်းနှင့် အတက်အကျတို့ကို ဘဝစုံအရွယ်စုံဖြင့် အတွေ့အကြုံများခဲ့ကြပြီဖြစ်သည်။ နောက်သို့ ပြန်လှည့်ကြည့်မည်ဆိုပါက လွမ်းစရာများလည်းရှိမည်။ နာကြည်းစရာများလည်း ရှိမည်။ ပျော်စရာများလည်းကြုံခဲ့ရပြီ။ ဝမ်းနည်းစရာများကိုလည်း ဖြတ်သန်းခဲ့ပြီ။ သင်ခန်းစာယူစရာများလည်းရှိမည်။ နောင်တရစရာများလည်းရှိမည်ဖြစ်သည်။

### (၇၅)နှစ်ပြည့်၍ စိန်ရတုပင်တိုင်ခဲ့ပြီ

ထို့အတူပင် ကျွန်ုပ်တို့နေထိုင်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း လွတ်လပ်ရေးရခဲ့သည်မှာ (၇၅)နှစ်ပြည့်၍ စိန်ရတုပင်တိုင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကိုယ့်နိုင်ငံ၊ ကိုယ့်အချုပ်အခြာပိုင်မြေကို ကိုယ့်အစိုးရ၊ ကိုယ့်ဥပဒေဖြင့် လွတ်လွတ်လပ်လပ် အုပ်ချုပ်စီမံလာခဲ့သည်ကို လူသားသက်ရှိတစ်ဦးအနေဖြင့် နောက်သို့ပြန်လည်ကြည့်ရှုမည်ဆိုပါက အားသာချက်များလည်းရှိမည်။ အားနည်းချက်များကိုလည်း တွေ့ရမည်။ သင်ခန်းစာရယူစရာများကိုလည်း တွေ့မည်။ ဆက်လက်အကောင်အထည်ဖော်သွားရမည်များလည်း ရှိနေမည်သာဖြစ်သည်။ Life is Full of ups and downs ဆိုသည့်အတိုင်း ဘဝဆိုတာကြီးကိုက အတက်အကျများနှင့် ပြည့်နှက်နေသည်။ ထို့အတူ နိုင်ငံသည်လည်း အတက်အကျ၊ အနိမ့်အမြင့်များရှိခဲ့ပေသည်။ ယင်းအနိမ့်အမြင့်၊ အတက်အကျများမှ သင်ခန်းစာယူ၍ နိုင်ငံတိုးတက်ရေးအတွက် နိုင်ငံ့သားကောင်းတိုင်းက ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။


ထို့ကြောင့် ဆရာကြီးဒေါက်တာသန်းထွန်းက **'သမိုင်းသင်တာ မအအောင်လို့'** ဟုဆိုသည်။ သမိုင်းကို **'မအအောင်'** သင်တဲ့အပြင် ကိုယ်ကိုယ်တိုင်လည်း သမိုင်းကောင်းရေးထိုးနိုင်အောင် ကြိုးစားရမည်။ ကျွန်ုပ်တို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း **'ရာဇဝင်ကို သိရုံသာမဟုတ် ရာဇဝင်ကို ဖန်တီးနိုင်စေရမည်'**




ဟု ဆိုထားခဲ့ပါသည်။

မြန်မာ့သမိုင်းကို အနည်းငယ်ပြန်ပြောင်းကြည့်ပါက **'အနိရုဒ္ဓဒေဝ'** ဟူသော ဘွဲ့အမည်ခံ အနော်ရထာမင်းကြီး (၁၀၄၄-၁၀၇၇) သည် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။ ထေရဝါဒ ဗုဒ္ဓသာသနာ အခြေတည်အောင် ဆောင်ရွက်ခဲ့သောမင်းကြီးလည်းဖြစ်ပေသည်။ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ဘုရင့်နောင်မင်းတရားကြီး (၁၅၅၁-၁၅၈၁) က တည်ထောင်ခဲ့သည်။ ဘုရင့်နောင်မင်းတရားကြီးသည် အနော်ရထာမင်းလက်ထက်က မြန်မာ့ဘုန်းတန်ခိုး ထွန်းတောက်ခဲ့သည့် ပုဂံပြည်ထောင်ကဲ့သို့သော ပြည်ထောင်တစ်ခုကို ပြန်လည်တည်ဆောက်နိုင်ခဲ့သည်။

ဘုရင့်နောင်မင်းတရားကြီး၏ ရဲစွမ်းသတ္တိအပြည့်ဖြင့် တိုင်းပြည်အကျိုးဆောင်ရွက်ခဲ့ပုံ၊ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် အခြေခံအုတ်မြစ်ချခဲ့ပုံတို့ကို သမိုင်းပညာရှင် ဒေါက်တာကျော်သက်၏ ပြည်ထောင်စုမြန်မာနိုင်ငံ သမိုင်းစာအုပ်တွင် **"ဘုရင့်နောင်၏**




**စွမ်းရည်သတ္တိနှင့် တိုင်းပြည်အကျိုးဆောင်ရွက်ခဲ့ပုံတို့သည် နောင်လာနောက်သား မြန်မာမှန်သမျှတို့၏ အမျိုးဇာတိမာန်ကို အမြဲတစေနှိုးဆွပေးနိုင်သည့် ဂုဏ်သတ္တိထူးများနှင့် ပြည့်စုံလေသည်။ ထို့ကြောင့် လာမည့်ရာစုနှစ်များတွင် မြန်မာတို့ ဆုံရ၊ ကြုံရမည့် အခက်အခဲဆင်းရဲဒုက္ခဟူသမျှကို ခိုင်လုံသောအမျိုးဇာတိမာန်ဖြင့် ရင်ဆိုင်နိုင်စေသည့် အထောက်အကူတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိလေသည်"** ဟု ရေးသားထားသည်။ ဘုရင့်နောင်မင်းတရားကြီးသည်လည်း ကျွန်ုပ်တို့အတွက် ဂုဏ်ယူ၍ စံပြုအားထားရသည့် မင်းတရားကြီးပင်ဖြစ်ပေသည်။

ထို့အတူ တတိယမြန်မာနိုင်ငံတော်ကြီးကို ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားကြီး (၁၇၅၂-၁၇၆၀) က ပြန်လည်စုစည်းတည်ထောင်ခဲ့သည်။ ဤသို့ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံပြီး အမြော်အမြင်ကြီးမားစွာ တည်ဆောက်ထားခဲ့သည့် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်ကြီးကို ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်တို့က ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် မြန်မာတို့၏အရှင်နှစ်ပါးဖြစ်သော သီပေါမင်းနှင့် စုဖုရားလတ်တို့အား **"သူရိယ"** သင်္ဘောဖြင့် အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ခေါ်ဆောင်သွားခဲ့သည်။ ယင်းပါတော်မူခန်းကို ဆရာကြီးမြသန်းတင့်က **"သူရိယသင်္ဘောမှ ဥဩသံသည် ပဒေသရာဇ်မန္တလေးကို သင်္ဂြိုဟ်လိုက်သည့် ခေါင်းလောင်းသံဖြစ်ပြီး ကိုလိုနီမန္တလေးကို မွေးဖွားပေးလိုက်သည့် အချက်ပေးသံဖြစ်လေသည်"** ဟု ရေးဖွဲ့ထားသည်။ အမှန်အားဖြင့် ဆရာကြီးပြောသလို ကိုလိုနီမန္တလေးကိုသာမက မြန်မာတစ်နိုင်ငံလုံးကို ကိုလိုနီကျွန်ပြုမှုကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတို့ ချို့တဲ့ပျက်စီးခြင်းသို့ရောက်အောင် မွေးဖွားပေးလိုက်ခြင်းဖြစ်သည်။

ဤသို့ဖြင့် ကျွန်ုပ်တို့နိုင်ငံတော်ကြီး၏ အချုပ်အခြာကို ဖော်ပြသည့် မန္တလေးရွှေဗဟိုရ်စည်သံကြီးသည်လည်း တိတ်ဆိတ်သွားခဲ့ရလေတော့သည်။ သို့သော် ကိုလိုနီနယ်ချဲ့တို့အတွက်မူကား လော့ဒ်ရန်ဒေါ့ချာချီ (ဝင်စတန်ချာချီ၏ဖခင်) သည် ကျွန်ုပ်တို့နိုင်ငံတော်ကြီးအား ဧကရာဇ်ဘုရင်မကြီးသို့ နှစ်သစ်ကူးလက်ဆောင်တစ်ခုအဖြစ် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဆက်သလိုက်လေတော့သည်။

စာမျက်နှာ ၇ သို့ ☆

**"ကျွန်ုပ်တို့နေထိုင်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း လွတ်လပ်ရေးရခဲ့သည်မှာ (၇၅)နှစ်ပြည့်၍ စိန်ရတုပင်တိုင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကိုယ့်နိုင်ငံ၊ ကိုယ့်အချုပ်အခြာပိုင်မြေကို ကိုယ့်အစိုးရ၊ ကိုယ့်ဥပဒေဖြင့် လွတ်လွတ်လပ်လပ် အုပ်ချုပ်စီမံလာခဲ့သည်ကို လူသားသက်ရှိတစ်ဦးအနေဖြင့် နောက်သို့ပြန်လည်ကြည့်ရှုမည်ဆိုပါက အားသာချက်များလည်းရှိမည်။ အားနည်းချက်များကိုလည်းတွေ့ရမည်။ သင်ခန်းစာရယူစရာများကိုလည်းတွေ့မည်။ ဆက်လက်အကောင်အထည်ဖော်သွားရမည်များလည်း ရှိနေမည်သာဖြစ်သည်။** Life is Full of ups and downs **ဆိုသည့်အတိုင်း ဘဝဆိုတာကြီးကိုက အတက်အကျများနှင့် ပြည့်နှက်နေသည်။ ထို့အတူ နိုင်ငံသည်လည်း အတက်အကျ၊ အနိမ့်အမြင့်များရှိခဲ့ပေသည်။ ယင်းအနိမ့်အမြင့်၊ အတက်အကျများမှ သင်ခန်းစာယူ၍ နိုင်ငံတိုးတက်ရေးအတွက် နိုင်ငံ့သားကောင်းတိုင်းက ကြိုးစားဆောင်ရွက်ရမည်"**

✯ စာမျက်နှာ ၆ မှ

ယင်းသို့ ပါတော်မူစတွင် မင်းပြောင်းမင်းလွှဲတစ်ခုလိုလို၊ အိပ်မက်တစ်ခုလိုလိုဖြစ်နေသောကြောင့် ပြည်သူတို့အနေဖြင့် ကြက်သေသေကာ တွေဝေငေးမှိုင်၍နေကြလေ၏။ သို့သော် များစွာမကြာလိုက်ပါ။ အိပ်မက်မှ နိုးထလာကာ ကိုလိုနီနယ်ချဲ့တို့အား နည်းအမျိုးမျိုးဖြင့် တော်လှန်တိုက်ခိုက်လာကြလေတော့၏။ နယ်ချဲ့အင်္ဂလိပ်တို့သည် အထက်မြန်မာပြည်ကို သိမ်းပိုက်စဉ်က သုံးစွဲသည့် ကုန်ကျစရိတ်ထက် တော်လှန်ပုန်ကန်သည့် မြန်မာ့သူရဲကောင်းတို့အား နှိမ်နင်းရသည့် ကုန်ကျစရိတ်က ပို၍ပင်ကုန်ကျသည်ဟုဆို၏။

မြင်စိုင်းမင်းသား၊ မင်းသားထိပ်တင်မှတ်၊ မင်းသားထိပ်တင်သန့်၊ မင်းသားစောရန်နိုင်နှင့် မင်းသားစောရန်ပိုင်တို့ကဲ့သို့သော မင်းညီမင်းသားတို့သည်လည်းကောင်း၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ချင်းအမျိုးသား ခုခံရေးသမားများဖြစ်သည့် ကွမ်ဘိ၊ ထွမ်သမ်းနှင့် ရွှေချိုးဖြူမင်းသား၊ ကန္တာရဝတီစော်ဘွား စောလဖော်နှင့် ဘုန်းတော်ကြီးထဲမှ ဆရာတော် ဦးဥတ္တမ၊ တောင်တွင်းကြီးတစ်ဝိုက်တွင် ဗိုလ်မင်းရောင်၊ အင်းဝမှ ဗိုလ်ရွှေရန်နှင့် ဗိုလ်တုတ်၊ ပုပ္ပားတစ်ဝိုက်တွင် ဗိုလ်ချို၊ ကချင်မှ ဗိုလ်ဖိုးစောတို့သည်လည်းကောင်း တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် နေရာဒေသအသီးသီးမှ နယ်ချဲ့အင်္ဂလိပ်တို့အား နှစ်ရှည်လများ ပြောက်ကျားစနစ်ဖြင့် ခုခံတိုက်ခိုက်ခဲ့ကြသည်။

## ကမ္ဘာကြည့် ကြည့်တတ်လာ

သို့သော် လက်နက်အင်အား၊ လူအင်အားမမျှသဖြင့် အားမတန်မာန်လျှော့ခဲ့ကြရသည်ချည်းသာဖြစ်သည်။ ထိုကဲ့သို့ လူအင်အား၊ လက်နက်အင်အားမမျှသဖြင့် အသက်ပေးစတေးခဲ့ရသည့် မြန်မာမျိုးချစ်တို့၏ အားနည်းချက်ကို သခင်အောင်ဆန်းတို့ကဲ့သို့သော ၂၀ ရာစုအစောပိုင်းဖွား ခေတ်ပညာတတ် လူငယ်ခြေတက်များက နားလည်သည်။ သဘောပေါက်ကြသည်။ မြန်မာ့အရေးကို ကမ္ဘာကြည့်ကြည့်တတ်လာကြသည်။

ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေနှင့် တို့ဗမာအစည်းအရုံးတို့ကဲ့သို့သော အဖွဲ့အစည်းတို့သည်လည်းကောင်း၊ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်သည့် ပထမကျောင်းသားသပိတ်သည်လည်းကောင်း၊ ၁၉၃၆ ခုနှစ် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌကိုနုနှင့် အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဆန်းတို့အား ကျောင်းထုတ်လိုက်သောကြောင့် ပေါ်ပေါက်လာသည့် ဒုတိယကျောင်းသားသပိတ်သည် လည်းကောင်း၊ ၁၉၃၈ ခုနှစ်တွင် ဂျပ်ဆင်ကောလိပ်ကျောင်းသားကိုအောင်ကျော်ကျဆုံးခဲ့ရသည့် ရန်ကုန်တက္ကသိုလ် တတိယအထွေထွေကျောင်းသားသပိတ်ကြီးသည်လည်းကောင်း မြန်မာတစ်မျိုးသားလုံးအတွက် မျက်စိပွင့်နားပွင့်ဖြစ်စေကာ မျိုးချစ်စိတ်ဓာတ်ထက်သန်၍ သူ့ကျွန်ဘဝမှ လွတ်မြောက်ရန် မဖြစ်မနေလိုအပ်ကြောင်း ပိုမိုသိရှိလာခဲ့ကြသည်။

ထိုအချိန်ကား ဒုတိယကမ္ဘာစစ်ကြီးသည်လည်း အနောက်ကမ္ဘာတွင် စတင်နေပြီဖြစ်သည်။ ထို့ကြောင့် နယ်ချဲ့အင်္ဂလိပ်တို့အတွက် အကျပ်ရိုက်လျက်ရှိချိန်ဖြစ်သည်။ ၎င်းတို့အတွက် အခက်အခဲ အကျပ်အတည်းကို မြန်မာတို့က အခွင့်အရေးအဖြစ် အသုံးချဆောင်ရွက်ခဲ့ကြသည်။ သခင်အောင်ဆန်းခေါင်းဆောင်သည့် မြန်မာလူငယ် ၃၀ တို့သည် ဟိုင်နန်ကျွန်းတွင် မြန်မာ့လွတ်လပ်ရေးအတွက် စစ်ပညာများ ပြင်းထန်စွာသင်ယူခဲ့ကြသည်။

လွတ်လပ်ရေးအတွက် ပြင်ဆင်ရာတွင် ရှေးယခင်နည်းများအတိုင်းသွား၍မရ။ ကမ္ဘာ့နိုင်ငံများနှင့်အညီ စစ်နည်းပညာ၊ လူအင်အားအရင်းအမြစ်တို့ ခေတ်မီနည်းစနစ်များဖြင့် ပညာဉာဏ်ကို အသုံးပြုနိုင်မှသာ ရရှိမည်ဖြစ်ကြောင်း မြန်မာလူငယ်တို့ သိလာကြသည်။ ဤသို့ကြိုးစားရင်းဖြင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင်မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီတို့သည် တစ်နှစ်အတွင်း မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် မြန်မာအမျိုးသားခေါင်းဆောင်များနှင့် ဗြိတိသျှအစိုးရတို့၏ သဘောတူညီချက်များပါသည့် **“အောင်ဆန်း-အက်တလီ”** စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

## လွတ်လပ်ရေးကို တစ်ကမ္ဘာလုံးသို့ကြေညာ

၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် သခင်နုနှင့် မစ္စတာအက်တလီတို့သည် **“နု-အက်တလီ”** ဟုခေါ်ဆိုသည့် လွတ်လပ်ရေးစာချုပ်ကိုချုပ်ဆိုကာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ယူနီယံဂျက်အလံကို အောက်သို့ချကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်တင်၍ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို တစ်ကမ္ဘာလုံးသို့ ကြေညာခဲ့ကြသည်။ ထိုသို့ မြန်မာ့လွတ်လပ်ရေးအတွက် မြန်မာတို့ အသက်၊ သွေး၊ ချွေးတို့ပေးဆပ်ခဲ့ရသည်မှာ လူသိထင်ရှားဖြင့်တစ်မျိုး၊ လူမသိ သူမသိဖြင့်



မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း စတင်မွေးဖွားရာ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဒေါက်တာလှဘူး၏ နေအိမ်



စာပေဗိမာန်ပြည်လမ်း Sorrento Villa (၁၉၄၇-၁၉၅၄)



စာပေဗိမာန်ကုန်သည်လမ်း (၁၉၅၅-၂၀၂၂)

**“စာပေဗိမာန်ကြီးသည် ဗိုလ်ချုပ်ချမှတ်ခဲ့သော လမ်းညွှန်မှာကြားချက်များကို ခေတ်အဆက်ဆက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သောဌာနကြီး ဖြစ်ပါသည်။ ထို့ပြင် လွတ်လပ်ရေးနှင့် စာပေဗိမာန်၊ စာပေဗိမာန်နှင့် လွတ်လပ်ရေးသည် အတူယှဉ်တွဲလျက် အမျိုးသားရေးနှင့်အတူ သမိုင်းတည်မော်ကွန်းထိုးနိုင်ခဲ့သည့်အတွက် (၇၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးနေ့အား ဂုဏ်ပြု”**

တစ်ဖုံ များစွာရှိခဲ့ပေသည်။

မည်သည့်ကိစ္စမဆို ပြုမူဆောင်ရွက်ရာ၌ ဖွဲ့၊ လုံ့လ၊ ဝီရိယသာမက ပညာဉာဏ်လည်းလိုသည်။ တစ်နည်းအားဖြင့် ပညာဉာဏ်သည် အကြီးအမှူးဖြစ်သည်။ ပညာပါမှသာ အရာရာတွင် အမှားကင်း၍ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုအချက်ကို ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် မြန်မာလူငယ်တို့သိကြသည်။ မိမိတို့သိသလို မြန်မာတစ်နိုင်ငံလုံးကိုလည်း သိစေချင်သည့်ဆန္ဒ ဗိုလ်ချုပ်တွင်ရှိသည်။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုရာတွင်လည်း အကြောင်းအကျိုး၊ အကောင်းအဆိုးကို ကောင်းစွာ ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်သည့် ပညာဉာဏ်ဖြင့် ပြည့်စုံသော နိုင်ငံ့သားကောင်းများဖြစ်မှသာ နိုင်ငံတော် တည်ဆောက်ရေးတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

လွတ်လပ်သော မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးပညာရှင်များနှင့် ဌာနဆိုင်ရာကျွမ်းကျင်သူပညာရှင်များ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိအဖြစ် ဆောင်ရွက်သည့် **“ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားတိုးတက်ရေး ၂ နှစ် စီမံကိန်း”** ဆွေးနွေးပွဲကို ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း (ဟံသာဝတီအဝိုင်း)၊ အမှတ် (၃၆၁) ရှိ ဆိုရန်တိုဗီလာအဆောက်အအုံ၌ ကျင်းပခဲ့သည်။ ယင်းအဆောက်အအုံ၏ အင်္ဂလိပ်အမည်မှာ **“Sorrento Villa”** ဖြစ်သဖြင့် ဆိုရန်တိုဗီလာစီမံကိန်းဟုခေါ်ကြသည်။

## စာကောင်းပေမွန်များကို ပုံနှိပ်ထုတ်ဝေ

အဆိုပါစီမံကိန်း၏ ပဓာနရည်ရွယ်ချက်မှာ အမျိုးသားစီးပွားရေးကို စနစ်တကျ စီမံကိန်းဖြင့် ထူထောင်ရန်ဖြစ်သည်။ ရှိသမျှ လူအင်အားနှင့် ဓနအင်အားကို အစွမ်းကုန်အသုံးချ၍ နိုင်ငံ့စီးပွားရေးကို နှစ်နှစ်အတွင်း သိသိသာသာတိုးတက်ရေးသို့ ရှေးရှုသည့်စီမံကိန်းဖြစ်သည်။ ထိုစီမံကိန်းရေးဆွဲရေးကွန်ဖရင့်၌ ဗိုလ်ချုပ်ပြောခဲ့သည့် မိန့်ခွန်းထဲတွင် **“စာအုပ်တွေ ထုတ်တဲ့နေရာမှာလည်း လူအများအတွက် အရေးတကြီးလိုအပ်သည့် စာအုပ်တွေ၊ အသုံးကျမည့် စာအုပ် တွေကို ဘာသာပြန်ပြီး ပုံနှိပ်ထုတ်ဝေဖို့ကို စိတ်ထဲမှာ စွဲထားရမည်။ ဘာသာပြန်ဌာနကြီးကြီးတစ်ခု ဖွင့်ရမည်”**ဟူသည့် မှာကြားချက်လည်းပါရှိသည်။ ဗိုလ်ချုပ်သည် နိုင်ငံတော်တိုးတက်ရေးကိစ္စ ဆောင်ရွက်ရာ၌ ပြည်သူလူထုသည် အသိအမြင်ဗဟုသုတကြွယ်ဝပြီး ကမ္ဘာကြည့်ကြည့်ကာ အမျိုးသားရေးစိတ်ဓာတ် ရင့်သန်ထက်မြက်သည့် ပြည်သူလူထုဖြစ်ရန် လိုအပ်သဖြင့် ထိုကဲ့သို့ အကျိုးရှိသည့် စာကောင်းပေမွန်များကို ပုံနှိပ်ထုတ်ဝေရန် ထူးထူးခြားခြား မှာကြားခြင်းဖြစ်သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရသောကြောင့် ဗိုလ်ချုပ်၏လမ်းညွှန်မှာကြားချက်ကို ဝန်ကြီးချုပ် ဦးနုက ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (Burma Translation Society) ယခု (စာပေဗိမာန်) ကို တည်ထောင်ဖွင့်လှစ်ကာ အချက်(၁၄)ချက်ပါဝင်သည့် အသင်း၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုခဲ့သည်။ အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်လူကြီး ၁၂ ဦးကိုလည်း ရွေးချယ်တင်မြှောက်ခဲ့သည်။

ယင်းကောင်စီတွင် ဝန်ကြီးချုပ်ဦးနုက မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ စာပေဗိမာန်၏ ဆောင်ပုဒ်ကိုလည်း ဆရာမင်းသုဝဏ်က **“အမှောင်ခွင်း၍ အလင်းဆောင်အံ့”** ဟု ရေးဖွဲ့ခဲ့သည်။ ယင်းဆောင်ပုဒ်ကို စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ် ပထမဆုံးစာကြည့်တိုက်မှူးနှင့် စစ်ပြီးခေတ် မြန်မာ့အသံကို စတင်တည်ထောင်ခဲ့သူ ဦးခင်ဇော် (ဆရာK) က **“Light, where Darkness was”** ဟု ဘာသာပြန်ဆိုပေးခဲ့သည်။

ယင်းမြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) ကြီးက မြန်မာ့စွယ်စုံကျမ်းအတွဲများ၊ စာပေဗိမာန် လစဉ်စာစောင်များ၊ လူထုအလင်း၊ လူထုအိတ်ဆောင်၊ လူထုတက္ကသိုလ်စာစဉ်များ၊ သိပ္ပံစာစဉ်များ၊ သက်မွေးမှုဆိုင်ရာ ကျောင်းသုံးစာအုပ်များ၊ ပြည်တော်သာစာစဉ်၊ စာပေဗိမာန်မဂ္ဂဇင်းများအပြင် ကျောင်းသုံးစာအုပ်ထုတ်လုပ်မှုညွှန်ကြားရေးဝန်ကြီးဌာနကို မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးကပင် ဆောင်ရွက်ခဲ့ကြသည်။

## လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာ

၁၉၅၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်၌ စာပေဗိမာန်အဆောက်အအုံသစ်ကို အုတ်မြစ်ချကာ ၁၉၅၅ ခုနှစ် မေလတွင် ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် စာပေဗိမာန်ကြီးသည် ယခုလည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ဆက်လက်ထမ်းပိုးဆောင်ရွက်လျက်ရှိသော ဌာနကြီးပင်ဖြစ်ပါသည်။ စာပေဗိမာန်စာကြည့်တိုက်၊ ဘာသာပြန်နှင့် သုတရသဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ပြည်သူ့လက်စွဲစာစဉ်များ၊ လူငယ်ရေးရာနှင့် သုတပဒေသာမဂ္ဂဇင်း၊ ရွှေသွေးဂျာနယ်၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးတွဲဆောင်ရွက်ကာ မြန်မာ့စွယ်စုံကျမ်း (၁၅) တွဲကို ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်လျက်ရှိသော မြန်မာ့စွယ်စုံကျမ်း (မူသစ်) များ၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုဆိုင်ရာတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် စာပေဗိမာန်ကြီးသည် ဗိုလ်ချုပ်ချမှတ်ခဲ့သော လမ်းညွှန်မှာကြားချက်များကို ခေတ်အဆက်ဆက် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သောဌာနကြီးဖြစ်ပါသည်။ ထို့ပြင် လွတ်လပ်ရေးနှင့် စာပေဗိမာန်၊ စာပေဗိမာန်နှင့် လွတ်လပ်ရေးသည် အတူယှဉ်တွဲလျက် အမျိုးသားရေးနှင့်အတူ သမိုင်းတည်မော်ကွန်းထိုးနိုင်ခဲ့သည့်အတွက် (၇၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။

**ကိုးကား**

- *မြဟန်၊ ကိုလိုနီခေတ် မြန်မာ့သမိုင်း အဘိဓာန်*
- *မောင်ခေတ်ထွန်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုရက်စဉ်မှတ်တမ်း*
- *မြသန်းတင့်၊ တောင်သမန်ရွှေအင်းက လေညင်းဆော်တော့*

❂ (၇၅) နှစ်မြောက်မှ

ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။





ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ညနေ ၅ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်၍ ဘောလုံးအားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးတို့၌ ကျင်းပကြသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နယ်မြေခံစစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်စစ်ရေးပြကွင်းများ၌ လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ကြီးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းများ၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ် အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် အားကစားကွင်း၌ လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်စုပေါင်း တန်းစီကွင်းများ၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့်တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီးနှင့် တပ်နယ်အားကစားကွင်းတို့၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့နှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း အသီးသီး ကျင်းပကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ ဌာနများ၏ ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





❒ ကျောဖုံးမှ

စွယ်တော်မြတ်စေတီ၊ မဟာငှက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမင်္ဂဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကျွဲနားငွေ့ာင်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနူဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ ဓမ္မရံကြီးနှင့် စူဠာမဏိဘုရားများတွင် ကားထားသည့်နေရာအခက်အခဲဖြစ်သည်အထိ လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဘုရားဖူးဧည့်သည် များပြားလျက်ရှိကြောင်း သိရသည်။

**ခရီးသွားများ အမြဲမပြတ်ရှိ**

ပွဲတော်အချိန်ခါမဟုတ်သည့်(အခါကြီးရက်ကြီး) အချိန်မှာပင် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပြည်တွင်းပြည်ပ ခရီးသွား အဆက်မပြတ်လာရောက်သည့် မြို့ဖြစ်ကာ သီတင်းကျွတ်ရုံးပိတ်ရက်၊ တန်ဆောင်တိုင် ရုံးပိတ်ရက်၊ ဒီဇင်ဘာခရစ္စမတ် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ပြည်တွင်းပြည်ပ ခရီးသွားများ အမြဲတမ်းမပြတ်ရှိနေသည်။

ခရစ္စမတ်အားလပ်ရက် ပုဂံ- ညောင်ဦးသို့ ဘုရားဖူးလာရောက်သူ ၁၅၀၀၀၀ ကျော်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ တာဝန်ရှိသူများထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း ကမ္ဘောဒီးယားနှင့် စတင်ကစားရမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

**အုပ်စုရှစ်ခုခွဲ ကျင်းပမည်**

ပထမအဆင့်ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် တရုတ်၊ လာအို၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် နီပေါ၊ ယူအေအီး၊ မြောက်မာရီယာနာကျွန်းစု၊ ပါလက်စတိုင်း၊ အုပ်စု(ဂ)တွင် ဩစတြေးလျ၊ ကာဂျစ္စတန်၊ ဂူအမ်၊ အီရတ်၊ အုပ်စု(ဃ)တွင် လက်ဘနွန်၊ ဂျော်ဒန်၊ မွန်ဂိုလီးယား၊ ဘူတန်၊ အုပ်စု(င)တွင် ထိုင်း၊ တရုတ်(တိုင်ပေ)၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ အုပ်စု(စ)တွင် ဗီယက်နမ်၊ အိန္ဒိယ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အုပ်စု(ဆ)တွင် မြန်မာ၊ မလေးရှား၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ အုပ်စု(ဇ)တွင် အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ တာ့ခ်မင်နစ္စတန်အသင်းတို့ ပါဝင်နေသည်။

ပထမအဆင့်ခြေစစ်ပွဲကို မတ် ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု တစ်ခုစီမှ ထိပ်ဆုံးရှစ်သင်းသာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် အုပ်စု(ဆ)ပွဲစဉ်များကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများအဖြစ် မတ် ၈ ရက်တွင် မြန်မာနှင့် ကမ္ဘောဒီးယား၊ မလေးရှားနှင့် ပါကစ္စတန်၊ မတ် ၁၀ ရက်တွင် ကမ္ဘောဒီးယားနှင့် မလေးရှား၊ ပါကစ္စတန်နှင့် မြန်မာ၊ မတ် ၁၂ ရက်တွင် မြန်မာနှင့် မလေးရှား၊ ကမ္ဘောဒီးယားနှင့် ပါကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဒုတိယအဆင့် ခြေစစ်ပွဲကိုလည်း ၂၀၂၃ ခုနှစ်အတွင်း ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်ခြေစစ်ပွဲမှ တက်ရောက်လာသည့် ရှစ်သင်းကို လေးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေ

နေပြည်တော် ဒီဇင်ဘာ ၂၅

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာစွာ နေ့မအား ညမနား ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ မိသားစုများအပေါ် လွမ်းဆွတ်သတိရသည့်စိတ်များ ခေတ္တခဏမျှ ပြေပျောက်စေရန်နှင့် စိတ်ပျော်ရွှင်ကြည်နူးစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူအဖွဲ့သားများက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်း ဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။



အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ရှေ့တန်းဖျော်ဖြေရေးအဖွဲ့ ရှေ့တန်းရောက် အရာရှိ၊ စစ်သည် မိသားစုဝင်များကို တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

### ကြည့်ရှုအားပေး

ထိုသို့ သွားရောက်ဂုဏ်ပြု သီဆိုကပြဖျော်ဖြေလျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေရှိ လွိုင်ကော်မြို့၊ ဘော်လခဲမြို့၊ ဖားဆောင်းမြို့နှင့် ဒီမော့ဆိုမြို့နယ်တို့ရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်း ဌာနချုပ်များသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်း တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များနှင့် မိသားစုများက လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံများရိုက်ကြသည်။

ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ အဖွဲ့သားများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် နယ်မြေခံတပ်များမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများနှင့် မိသားစုဝင်များက ဒေသထွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




## ကမ္ဘာတည်မည့် မြန်မာပြည်၏လွတ်လပ်ရေး

❖ စိန်ရတုပွဲတော်၊ တို့ပွဲတော်
နွှဲပျော်ကြစို့ ညီနောင်တော်
တောင်ပေါ်၊ မြေပြန့်မခွဲခြား
သွားကြ၊ ပျော်ကြ ညီအစ်မများ။

❖ ဘိုးဘွားတို့ရဲ့အစစ်အမွေ
တို့ ပြည်ထောင်စုမြန်မာပြည်
မဝေးရှေးက လွတ်လပ်စွ
ပျော်ကြ၊ မော်ကြ လွတ်လပ်လှ။

❖ မြန်မာ့မြေက အဖိုးတန်
နယ်ချဲ့ညစ်က ဆင်ကြံ၊ ကြံ
တော်လှန်သူတို့ သွေးချင်းဆက်
အသက်ပေးခဲ့ ပြည်အတွက်။

❖ ရက်, လ, မက နှစ်တစ်ရာကျော်
တောင်ပေါ်၊ မြေပြန့်သွေးခွဲသော်
မသူတော်၊ ညစ်နယ်ချဲ့ တို့ မြန်မာပြည်ကို အုပ်စိုးခဲ့။

❖ နယ်ချဲ့ခြေအောက် ကျွန်အစစ်အမှန်
ကျွန်သပေါက်ဘဝ တို့, မခံ
အဖန်ဖန်တော်လှန်ကြမှ ၄-၁-၄၈ လွတ်လပ်ရ။

❖ မြန်မာ့လွတ်လပ်ရေးရခဲ့ပြီ အောင်စည် , အောင်မောင်း ဝေဝေစည်
တို့, မြန်မာပြည် လွတ်လပ်ရေး တို့အသက်ပေးလို့ ကာကွယ်ပေး။
အသက်ပေးဖို့ တို့ဝန်တာ အဓိဋ္ဌာန်ပြုစို့ ညီညီညာ
တို့ မြန်မာသည်သာသခင်အစစ် မြန်မာပြည်ရဲ့ ပိုင်ရှင်အစစ်။
ချစ်မြတ်နိုးလို့ အစွန့်ရှည်ရေး ပြည်ထောင်စုသားတိုင်းစောင့်ရှောက်ပေး။
ကမ္ဘာတည်မည့်လွတ်လပ်ရေး၊ မြန်မာပြည်၏လွတ်လပ်ရေး။

ကြံခင်းဦးရဲဆွေ (တရားလွှတ်တော်ရှေ့နေ)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၅

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ သီရိလင်္ကာနိုင်ငံကို ထရီကိုမာလီမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းငယ်သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ကိုမိုရင်းဧရိယာနှင့် အနီးတစ်ဝိုက်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

## မြန်မာ့ပင်လယ်ပြင်

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

# ဘဝတိုးတက်မြင့်မားစေဖို့ လူတိုင်းစာဖတ်ပါ

— — — မျိုးမြတ်မိုး (MANA) — — —



၂၀ ရာစုကုန်ခါနီးကာလမှစ၍ လက်ရှိအချိန်အထိ ကမ္ဘာ့အသီးသီးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအရင်းအမြစ်မှာ အသိပညာနှင့် ဉာဏ်ပညာဖြစ်သည်။ အသိပညာကို ငယ်ရွယ်စဉ်က စာသင်ကျောင်းများတွင် ပညာရှာဖွေခြင်းဖြင့် စတင်ရရှိနိုင်ပြီး အသက်အရွယ်ရလာချိန်တွင် ကျင်လည်ရသည့် ပတ်ဝန်းကျင်၌ ဘဝအတွက် တိုးတက်စေမည့် အသိပညာများကို ထပ်မံရှာဖွေနိုင်သည်။ မြန်မာမှုနယ်ပယ်တွင် ပညာရှာရာ၌ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခ သုဏောယျ-ပညာကိုကြားနာရ၏။ စိန္တေယျ-ကြံစည်တွေးတောရ၏။ ပုစ္ဆေယျ - မေးမြန်းရ၏။ ဘာသေယျ-ပြောဆိုဆွေးနွေးရ၏။ ဝိစာရေယျ-စူးစမ်းဆင်ခြင်ရ၏။ လိခေယျ - ရေးမှတ်ရ၏။ သိက္ခေယျ-လေ့ကျင့်ရ၏။ ခာရေယျ - နှုတ်တက်အာဂုံဆောင်ရ၏ဟူ၍ ရှေးပညာရှိများက ဆိုမိန့်ခဲ့ကြသည်။ အသိပညာများကို စာအုပ်စာတမ်းများ၊ မှတ်စုများ၊ သက်သေခံချက်များ၊ သိပ္ပံနည်းကျစုံစမ်းစစ်ဆေးမှု ပညာရေးနှင့် လေ့ကျင့်မှုများအပါအဝင် နည်းလမ်းများစွာ၊ အရင်းအမြစ်များစွာမှ ရရှိနိုင်သည်။ အသိပညာရှိခြင်းသည် မည်သည့်အခြေအနေတွင်မဆို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ရပ်တည်နိုင်စွမ်းရှိသည်။ အသိပညာကို ရှာဖွေလိုသူတိုင်းသည် စိတ်ဝင်စားဖွယ်အကြောင်းအရာတစ်ခုကို တွေ့ရှိပါက ထဲထဲဝင်ဝင် လေ့လာကြရမည်ဖြစ်သည်။

**အသိပညာနှင့် ဉာဏ်ပညာနှစ်ရပ်စလုံး**

စာအုပ်စာပေများ ဖတ်ရှုခြင်း၊ စိတ်ပါဝင်စားသည့် သင်တန်းများတက်ရောက်ခြင်း၊ မေးခွန်းများမေးမြန်းခြင်းသည် အသိပညာနှင့်ဗဟုသုတကို ပိုမိုကြွယ်ဝစေသည့်အချက်များဖြစ်သည်။ သို့ရာတွင် အသိပညာရှာဖွေမှုသည် အကန့်အသတ်ရှိသည်ဖြစ်ရာ မိမိ၏လေ့လာအားထုတ်မှုအပေါ်မူတည်၍ အသိပညာကြွယ်ဝခြင်း၊ ချို့တဲ့ခြင်း ကွဲပြားခြားနားနိုင်သည်။ ဉာဏ်ပညာရှိခြင်းသည် အသိပညာ၊ အတွေ့အကြုံ၊ နားလည်မှု၊ အသုံးချမှု သို့မဟုတ် တွေးခေါ်မှုတို့ကို အခြေခံ၍ ပြုလုပ်နိုင်သော စွမ်းရည်တစ်ခုဖြစ်သည်။ ဉာဏ်ပညာရှိသူသည် ခေါင်းဆောင်တစ်ဦး၏ ဘဝအခြေခံအုတ်မြစ်ဖြစ်သည်။ ဉာဏ်ပညာ၏ ထွက်ကုန်သည် ပြဿနာများကို ဖြေရှင်းရာ၌ ကောင်းကျိုးဖြစ်စေပြီး မိမိ၏ဘဝခရီးအတွက် ရှေ့ဆောင်လမ်းပြဖြစ်သည်။ လူတစ်ဦးသည် ဉာဏ်ပညာမြင့်မားလာလေ၊ ဂုဏ်သိက္ခာတိုးလာလေဖြစ်ကာ ဘဝကို အခြားသူများက အတုယူကြရသည့် စံနမူနာတစ်ခု ဖြစ်လာသည်။ အသိပညာနှင့် ဉာဏ်ပညာနှစ်ရပ်စလုံးပိုင်ဆိုင်ထားသူများသာ ဘဝတစ်လျှောက် အောင်မြင်မှုများ အလီလီရရှိနေသည်ကို တွေ့မြင်နေရခြင်းဖြစ်သည်။

**“စာအုပ်စာပေများ ဖတ်ရှုခြင်း၊ စိတ်ပါဝင်စားသည့် သင်တန်းများတက်ရောက်ခြင်း၊ မေးခွန်းများမေးမြန်းခြင်းသည် အသိပညာနှင့်ဗဟုသုတကို ပိုမိုကြွယ်ဝစေသည့်အချက်များဖြစ်သည်။ သို့ရာတွင် အသိပညာရှာဖွေမှုသည် အကန့်အသတ်ရှိသည်ဖြစ်ရာ မိမိ၏လေ့လာအားထုတ်မှုအပေါ်မူတည်၍ အသိပညာကြွယ်ဝခြင်း၊ ချို့တဲ့ခြင်း ကွဲပြားခြားနားနိုင်သည်။ ဉာဏ်ပညာရှိခြင်းသည် အသိပညာ၊ အတွေ့အကြုံ၊ နားလည်မှု၊ အသုံးချမှု သို့မဟုတ် တွေးခေါ်မှုတို့ကိုအခြေခံ၍ ပြုလုပ်နိုင်သော စွမ်းရည်တစ်ခုဖြစ်သည်။ ဉာဏ်ပညာရှိသူသည် ခေါင်းဆောင်တစ်ဦး၏ ဘဝအခြေခံအုတ်မြစ်ဖြစ်သည်။ ဉာဏ်ပညာ၏ ထွက်ကုန်သည် ပြဿနာများကိုဖြေရှင်းရာ၌ ကောင်းကျိုးဖြစ်စေပြီး မိမိ၏ဘဝခရီးအတွက် ရှေ့ဆောင်လမ်းပြဖြစ်”**

အသိပညာကို အသုံးချရာ၌ အသိပညာဖန်တီးခြင်း၊ အသိပညာသိုလှောင်ခြင်း၊ အသိပညာမျှဝေခြင်း စသည့် အဆင့်သုံးဆင့်ဖြင့် လုပ်ဆောင်လေ့ရှိပါသည်။ မျက်မှောက်ကာလတွင် အသိပညာရှာဖွေသူများအနေဖြင့် စာအုပ်၊ စာပေများမှတစ်ဆင့် အသိပညာအမျိုးမျိုးကို လေ့လာဆည်းပူးနိုင်သကဲ့သို့ သတင်းအချက်အလက်များစွာ စီးဆင်းနေသော ဒစ်ဂျစ်တယ်ရေစီးကြောင်းသည်လည်း အသိပညာရရှိနိုင်သော ပညာဘဏ်တိုက်ကြီး ဖြစ်ပါသည်။ အသိပညာများကို ရှာဖွေနိုင်သည်။ ပြန်လည်မျှဝေပေးနိုင်သည်။

လူတစ်ဦးတစ်ယောက်သည် ကျောင်းနေအရွယ်မှ အသက်အရွယ်ရလာသည်အထိ အသိပညာအမျိုးမျိုးကို လေ့လာဆည်းပူးနေကြရသည်ဖြစ်ရာ စာဖတ်ခြင်းသည်သာ ဘဝအောင်မြင်ရေး၏ လမ်းကြောင်းမှန်ပေါ် ရောက်ရှိနိုင်မည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ စာဖတ်ခြင်းသည် နှလုံးခုန်နှုန်းကို လျှော့ချခြင်းနှင့် ကြွက်သားတင်းမာမှုကို သက်သာစေခြင်း စသည့် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်သည်။ စာဖတ်အားကောင်းသည့်သူများသည် ရင့်ကျက်တည်ငြိမ်မှုကိုရစေခြင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုစွမ်းရည်မြင့်တက်စေခြင်း၊ စိတ်ကူးစိတ်သန်းကောင်းစေခြင်း၊ အခက်အခဲများအပေါ်ဖြတ်ကျော်ရန် တုံ့ဆိုင်းမှုမရှိခြင်း၊ ဆုံးဖြတ်ချက်မှန်ကန်ခြင်း၊ မကောင်းမှုကိုဖယ်ရှားကာ သူတစ်ပါးအပေါ် စာနာထောက်ထားသည့် စိတ်ဓာတ်မြင့်မားစေခြင်း၊ စကားပြောကောင်းစေခြင်း၊ ကောင်းမွန်သည့် ပတ်ဝန်းကျင်ကို ရွေးချယ်တတ်လာစေခြင်း စသည့် အကျိုးတရားများကိုလည်း ရရှိစေမည်ဖြစ်သည်။ ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် လူ၏တစ်သက်တာတွင် ကုန်ဆုံးသည်ဟု မဆိုနိုင်ပေ။ ပညာတတ်သူသည် လောကရှိ အရာရာကို အခွင့်အလမ်းအလိုက် ဆင်ခြင်သုံးသပ်နိုင်စွမ်းသော ဉာဏ်အားကိုလည်းကောင်း၊ မိမိဉာဏ်အမြင်အရ စိတ်နေစိတ်ထား စိတ်ဓာတ်ကိုလည်းကောင်း ပြုပြင်ပြုစုစီမံထားခဲ့သူသာလျှင်ဖြစ်သည်ဟူသော အသိပညာနှင့်စပ်လျဉ်းသည့် အဆိုအမိန့်ကို မှတ်သားရဖူးသည်။ ကမ္ဘာကျော်လုပ်ငန်းရှင်ကြီးများဖြစ်သည့် ဝါရင်းဘတ်ဖက်သည် တစ်ရက်လျှင် စာမျက်နှာ ၅၀၀ ကျော် ဖတ်ရှုလေ့ရှိပြီး ဘီလ်ဂိတ်သည်လည်း တစ်နှစ်လျှင် စာအုပ်ပေါင်း ၅၀ ကျော် ဖတ်ရှုလေ့ရှိကြောင်း သိရသည်။

**သွန်သင်ပေးသည့်စာအုပ်မျိုးကို ရွေးချယ်ဖတ်ရှုခြင်း**

လူတစ်ဦးသည် ခြောက်မိနစ်မျှ စာဖတ်ခြင်းဖြင့် စိတ်ဖိစီးမှုကို ၆၈ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်ဖြစ်ရာ လက်လှမ်းမီသမျှ စိတ်ပါဝင်စားရာစာအုပ်များကို ဖတ်ရှုခြင်းဖြင့် ကာလတစ်ခုတွင် မိမိကိုယ်မိမိ မယုံကြည်နိုင်လောက်သည့် အတွေ့အကြုံတစ်ခုကို ရရှိစေမည်ဖြစ်သည်။ စာဖတ်ခြင်းနှင့်ပတ်သက်၍ မည်သည့်စာအုပ်ကို ဖတ်ရှုရမည်ဟူသည့် သတ်မှတ်ချက်မရှိသော်လည်း စိတ်နေစိတ်ထားကို ပြုပြင်ပေးသည့်စာအုပ်မျိုး၊ ဉာဏ်ပညာဗဟုသုတအတွေးအခေါ် ရင့်သန်စေရန် သွန်သင်ပေးသည့်စာအုပ်မျိုးကို ရွေးချယ်ဖတ်ရှုခြင်းကသာ အကောင်းဆုံးဖြစ်ပေသည်။ မျက်မှောက်ကာလတွင် လူငယ်အများစုအနေဖြင့် ဆိုရှယ်မီဒီယာပေါ်မှစာများကိုသာ ဖတ်ရှုမှုပိုများလာသဖြင့် စာအုပ်များကို ကိုင်တွယ်ဖတ်ရှုမှု နည်းပါးလာသည်။ လက်ကိုင်ဖုန်းဖြင့် စာဖတ်ခြင်း၊ ကွန်ပျူတာဖြင့် စာဖတ်ခြင်းထက် စာအုပ်ကိုကိုင်တွယ်၍ ဖတ်ရှုရခြင်း၏ အရသာကို ယှဉ်နိုင်မည်မဟုတ်၊ စာအုပ်တစ်အုပ်ကို ကျကျနန ကိုင်တွယ်ဖတ်ရှုမှ အာသာပြေသည့် စာဖတ်ဝါသနာပါသူများလည်း အတန်းအစားတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်သည်။

အမျိုးသမီးများ၏ ပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးပင်အရေးကြီးသည်။ အမျိုးသမီးတစ်ဦးသည် ပညာပြည့်စုံခြင်းဖြင့် ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ ကြီးထွားမှုကို စွမ်းဆောင်ပေးနိုင်သည်။ လုပ်ငန်းခွင်မှ ဝင်ငွေရရှိသဖြင့် မိသားစုအတွက် အထောက်အကူပြုနိုင်သည်။ စာတတ်မြောက်နှုန်းကို တိုးစေပြီး လူ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှမှု၊ နိုင်ငံရေးအရ တန်းတူညီမျှမှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရာတွင် အရေးပါသည်။ ဖွံ့ဖြိုးရေးပညာရှင်များက ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုမှ ပြန်ရမှုသည် အမျိုးသားများထက် အမျိုးသမီးများက ပိုများကြောင်း ထောက်ပြလေ့ရှိသည်။ ပညာရေးသည် လူ့အခွင့်အရေးဖြစ်သဖြင့် လူသားတစ်ဦးအသက်ရှင်ရပ်တည်နိုင်ရန်အတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ လူတိုင်း အသက်အရွယ် ကျား၊ မ မရွေး ပညာသင်ကြားခွင့်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆ တွင် ပြဋ္ဌာန်းထားသည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းတွင်လည်း အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဆင့်မြင့်ပညာရေးကို လူတိုင်းလက်လှမ်းမီနိုင်စေရမည်ဟု ပြဋ္ဌာန်းထားသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များတွင် အားလုံးပါဝင်ခွင့်ရှိပြီး အရည်အသွေးရှိသောပညာရေးကို ရရှိစေခြင်းဖြင့် ပညာရေးသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအားအရှိဆုံးဟု သတ်မှတ်ထားသည်။ ကမ္ဘာတစ်ဝန်း၌ စာမတတ်သူ ၁၆၃ သန်း၏ ၆၃ ရာခိုင်နှုန်းနီးပါးသည် အမျိုးသမီးများဖြစ်နေသေးသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိန်းကလေး လေးဦးအနက် တစ်ဦးသည် ကျောင်းတက်ခွင့်မရရှိကြသေးပေ။ ဘာသာရေးအစွန်းရောက်နိုင်ငံအချို့တွင်မူ ဆိုဖွယ်ရာမရှိတော့သည့် အခြေအနေမျိုးဖြစ်သည်။ ပညာရည်မြင့်မားမှုနှင့် ဆင်းရဲမှုလျှော့ချရေးသည် ဆက်စပ်လျက်ရှိသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ပညာရေးစွမ်းဆောင်ရည်မြှင့်တင်မှုသည် ကုလသမဂ္ဂ၏ ရည်မှန်းချက်ဖြစ်သော တိုက်ဖျက်ခြင်း၊ စားနပ်ရိက္ခာဖူလုံမှုမရရှိခြင်း၊ လူတိုင်းအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရရှိစေခြင်းတို့နှင့် ဆက်နွှယ်လျက်ရှိသည်။ ပညာရေးသည် လူတိုင်းအတွက်ဖြစ်သည်။ နိုင်ငံများအနေဖြင့် မိန်းကလေးများ ပညာသင်ယူခွင့်ကို နည်းပေါင်းစုံဖြင့်လမ်းဖွင့်ပေးထားရန် လိုအပ်သည်။

ပညာရေးနိမ့်ကျမှုသည် ဆင်းရဲနွမ်းပါးမှုနှင့် တစ်ဆက်တစ်စပ်တည်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျေးလက်နေလူဦးရေသည် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိနေပြီး ကျေးလက်တွင် နေထိုင်သူသည် မြို့ပြတွင်နေထိုင်သူထက် ၂ ဒသမ ၇ ဆပို၍ ဆင်းရဲနွမ်းပါးနိုင်ခြေရှိသည်။ ဆင်းရဲနွမ်းပါးခြင်းသည် ကျေးလက်ဒေသတွင် နေထိုင်ခြင်း၊ ပညာအရည်အချင်းနိမ့်ကျခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်ခြင်းတို့နှင့် ဆက်စပ်လျက်ရှိကြောင်း အစီရင်ခံစာတစ်ရပ်က ပြဆိုသည်။ အခြေခံပညာမူလတန်းသို့ စတင်ကျောင်းဝင်လာသည့် ကျောင်းသား ကျောင်းသူတိုင်း အနိမ့်ဆုံး အခြေခံပညာ အလယ်တန်းအောင်မြင်သည်အထိ မဖြစ်မနေ ကျောင်းတက်နိုင်ရေးအတွက် လက်ရှိအခမဲ့ပညာရေးစနစ်အပြင် ကျေးလက်ဒေသကျောင်းများ၊ ဝေးလံဒေသကျောင်းများ၌ ကျောင်းသားကျောင်းသူများအား နေ့စဉ် ထမင်းတစ်နပ်စာကျွေးမွေးခြင်း သို့မဟုတ် ရိက္ခာရာရှင်ထောက်ပံ့ခြင်းအစီအစဉ်များ၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ကျောင်းပညာရေးမဆက်နိုင်သူ၊ မဆက်လိုသူများအတွက် ပြည်တွင်း ပြည်ပလုပ်သားဈေးကွက်နှင့် တိုက်ရိုက်ချိတ်ဆက်ထားသည့် ကျွမ်းကျင်/ သက်မွေးပညာရေးအစီအစဉ်များအား ပြည်ပနိုင်ငံများမှ အတွေ့အကြုံများကို လေ့လာရယူကာ ပညာရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့ ☆




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ကမ္ဘာကြည့် ကြည့်မြင်မိသော အယူအဆရေးရာ ပဋိပက္ခများ

စာရေးသူ မိုးမြင့်ဝင်း (မဟာဝိဇ္ဇာ) စီစဉ်ရေးသားသည့် ကမ္ဘာကြည့် ကြည့်မြင်မိသော အယူအဆရေးရာ ပဋိပက္ခများစာအုပ် ထွက်ရှိလာသည်။

ကမ္ဘာကြည့် ကြည့်နိုင်သူများက နိုင်ငံတကာကော်ပိုရေးရှင်းများ၏ CEOများ၊ ကုမ္ပဏီအုပ်စုကြီးများ၏ ပိုင်ရှင်၊ အစုရှင်များလည်း ဖြစ်နေတတ်သည်။ ထိုအထဲတွင် ကျောင်းသင်ပညာ အခြေခံနည်းပေမယ့် ငွေကြေးကြွယ်ဝသူများဖြစ်၍ ပညာရှင်များကို ငှားရမ်းသုံးစွဲမည်၊ နိုင်ငံရေးအာဏာရှိသူများကို ငွေဖြင့်ပေါက်ပြီး ဝယ်မည်ဆိုသည့်သဘောထားရှိနိုင်သည်။ ဈေးကွက်စီးပွားရေးအရ ပြိုင်ဆိုင်မှုကြီးမားနေသဖြင့် မိမိတို့၏ အရင်းအနှီးလုပ်ငန်း မဆုံးရှုံးစေရန် ကမ္ဘာကြည့် ကြည့်မြင်နေသူများဖြစ်သည်။ အစိုးရအသီးသီး၏ ပေါ်လစီအတိုင်း မိမိတို့၏ စီးပွားရေးကို မထိခိုက်စေရန် ကြံဆောင်နေသူများဖြစ်သည်။ တစ်ဖက်တစ်လမ်းကလည်း ပညာရှင်ကြီးများ၏အယူအဆကို လေ့လာနေကြသူများဖြစ်သည်။

အယူအဆရေးရာ ပဋိပက္ခများဆိုလိုသည်ကား ဘာသာရေးကိုးကွယ်မှု၊ နိုင်ငံရေးမူဝါဒချမှတ်မှု၊ နိုင်ငံရေးဝါဒအသီးသီး၊ စီးပွားရေးမူဝါဒ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတို့အရ လူမျိုးအလိုက် ဘာသာရေး၊ စီးပွားရေးစနစ်များအရ ထိပ်တိုက်တိုးခြင်း၊ တင်းမာခြင်း၊ နယ်ခြားစစ်ဖြစ်ခြင်း၊ ကမ္ဘာစစ်ကြီးများဖြစ်လာသည်အထိ ပဋိပက္ခများဖြစ်လာနိုင်သည်။ အယူအဆဆိုသည်မှာ နိုင်ငံစီးပွားရေးစနစ် မတူညီမှု၊ ဘာသာတရားကိုးကွယ်ရာ ခြားနားမှုတို့ကြောင့် သင့်မြတ်မှုမရှိကြဘဲ နိုင်ငံအလိုက် တင်းမာမှုများရှိနေမည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများအကြား လူမျိုးရေး၊ ဘာသာရေး၊ စီးပွားရေးအရ နယ်စပ်စစ်ပွဲများ ဖြစ်ပွားနေကြသည်။ စီးပွားရေးစနစ်မှတစ်ဆင့် နိုင်ငံရေးစနစ်ဖြစ်ထွန်းလာကြပြီး နိုင်ငံရေးစနစ်ကိုကာကွယ်ရန် စစ်တပ်များချဲ့ထွင်မှုကို ပြုလုပ်လာကြသည်။ စစ်တပ်အင်အားတည်ဆောက်မှုမှ နိုင်ငံရေးစနစ်မတူသည့် အနောက်အုပ်စုနှင့် အရှေ့အုပ်စု စစ်ရေးနှင့် နိုင်ငံရေးပြိုင်ဆိုင်မှုများ တိုးပွားလာခြင်းဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို နှစ်ဆယ့်ခွန်စာပေ၊ အမှတ်(၂၃၃)၊ သီရိမြိုင် (၉) လမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ သတ်မှတ်ထားသည်။**




## ရွှေအင်းတိမ်ဘုရားသမိုင်း

စာရေးသူ သီပေါကိုလတ် ရေးသားပူဇော်သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ ကျေးပေါခုံအုပ်စုတွင် တည်ထားကိုးကွယ်တော်မူသည့် ရှေးဟောင်းသမိုင်းဝင် ရွှေအင်းတိမ်ဘုရားသမိုင်းစာအုပ် (ဒုတိယအကြိမ်) ထွက်ရှိလာသည်။

ရွှေအင်းတိမ်ဘုရားသည် ဗုဒ္ဓသာသနာထွန်းကားစည်ပင်ခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ ကျေးပေါခုံကျေးရွာအုပ်စုတွင်ပါဝင်သော အင်းလေးကန်၏ အနောက်တောင်အရပ်၌ တည်ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က ပါဋ္ဌလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီး ဇမ္ဗူဒိတ်ကျွန်း၌ မြတ်စွာဘုရား၏ သီရိရမွေတော်ဓာတ်တော်များကို မုဋ္ဌောစေတီတော်များ တည်ထားကိုးကွယ်ခဲ့ရာတွင် တန်ခိုးကြီး ရှေးဟောင်းသမိုင်းဝင်စေတီတော်တစ်ဆူအဖြစ် ပါဝင်ခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ပုဂံပြည့်ရှင်အနော်ရထာမင်းက ထပ်ဆင့်တည်ထား၍ ဝတ်မိုးဝတ်မြေအရံစောင့် ကျွန်သီးတော်များပါ လှူဒါန်းခဲ့သည်။

ထို့နောက် အလောင်းစည်သူမင်းကြီးနှင့် မင်းအဆက်ဆက်တို့က ထပ်မံပြုပြင်မွမ်းမံတော်မူခဲ့ကြသည်။ ရှေးက ပြုစုမှတ်တမ်းတင်ထားသော အရံကျွန်သီးတော်စာရင်းတွင် အရံကျွန်သီးတော် ၅၀၀ အိမ်ခြေ ၈၁ အိမ်၊ အမျိုးသားကျားကြီး ၅၀၊ ကျားငယ် ၁၀၀၊ အမျိုးသမီးမကြီး ၆၈ ဦး၊ မငယ် ၅၉ ဦးရှိကြောင်းနှင့် ၎င်းသမိုင်းကျောက်စာကို ကောဇာသက္ကရာဇ် ၁၁၄၇ခုနှစ်၊ သီးတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့တွင် ကျောက်စာပြုစုခဲ့သည်ဟု သိရသည်။ ရွှေအင်းတိမ်ဘုရာသည် ကုန်းမြင့်တစ်ခုပေါ်၌ မြတ်စွာဘုရား၏ သီရိရမွေတော်ဓာတ်တော်များ ဌာပနာ၍တည်ထားကိုးကွယ်ခဲ့သည့် အဓိက မုဋ္ဌောစေတီတော်မြတ်တစ်ဆူမှစ၍ အရံစေတီတော်များ ခြံရံစုပြုံပြီး တည်ထားလာခဲ့သော ဘုရားအစုအဝေးကြီးဖြစ်သည်ဟု ဆိုပါသည်။ ထို့ကြောင့် သာသနာရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုတို့ စုစည်းတည်ရှိရာ ရှမ်းပြည်နယ်၏အမွေအနှစ် ရတနာသိုက်ကြီးဟု သုတေသီများက ဆိုထားပါသည်။

**စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်(၂၁၉)၊ လမ်း (၄၀) အလယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၇၇၁၃၉၄၇၇နှင့် ၀၉ ၇၆၀၄၆၈၁၃၈တို့မှ ဖြန့်ချိသည်။**

☆ စာမျက်နှာ ၁၀ မှ

နိုင်ငံများအနေဖြင့် ကျား၊ မ မရွေး ၂၀၃၀ ပြည့်နှစ်တွင် မူလတန်းနှင့် အလယ်တန်းကျောင်းများကို အခမဲ့ပြီးမြောက်အောင် ပြုလုပ်ပေးရန်ဖြစ်သည်။

### ဖွံ့ဖြိုးဆဲဒေသများ၏ ကျောင်းအပ်နှံမှုနှုန်း

အမျိုးသားများနှင့် အမျိုးသမီးများအကြား မညီမျှမှုသည် ကမ္ဘာတစ်ဝန်းရှိ အမျိုးမျိုးသော အကျပ်အတည်းများအပေါ် လွှမ်းမိုးမှုကိုဖြစ်ပေါ်စေကြောင်းနှင့် ကျေးလက်ဘဝ၏ စိန်ခေါ်မှုများသည် ပြဿနာကို ပိုမိုဆိုးရွားစေကြောင်း၊ ကျေးလက် မိန်းကလေးငယ်များ ၃၉ ရာခိုင်နှုန်းသာ အလယ်တန်းကျောင်းတက်ကြရကြောင်း ဆိုကြသည်။ ကျား၊ မ ရေးရာဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းအားလုံးနီးပါးကလည်း ကမ္ဘာတစ်ဝန်းရှိ ကျေးလက်အမျိုးသမီးများသည် ကျေးလက်နေအမျိုးသားများနှင့် မြို့ပြအမျိုးသမီးများထက် ပိုမိုဆိုးရွားနေကြောင်း ကုလသမဂ္ဂ၏ မှတ်တမ်းအချို့၌ ဖော်ပြကြသည်။ ကမ္ဘာတစ်ဝန်းတွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ကမ္ဘာလုံးဆိုင်ရာ မူလတန်းပညာရေးတွင် တိုးတက်မှုများဖြစ်ပေါ်ခဲ့သည်။ ဖွံ့ဖြိုးဆဲဒေသများ၏ ကျောင်းအပ်နှံမှုနှုန်းသည် ၂၀၁၅ ခုနှစ်တွင် ၉၁ ရာခိုင်နှုန်းရှိခဲ့ပြီး ကမ္ဘာ့အနှံ့ရှိ ကျောင်းထွက်နှုန်းထက်ဝက်နီးပါး ကျဆင်းခဲ့သည်။ စာတတ်မြောက်မှုနှုန်း သိသိသာသာမြင့်တက်လာပြီး မိန်းကလေးများသည် ကျောင်းတွင် ယခင်ကထက် ပိုမိုများပြားလာသည်။ နိုင်ငံအချို့တွင်မူ ဆင်းရဲနွမ်းပါးမှု၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေမှုနှင့် အခြားသော အရေးပေါ်အခြေအနေတို့က ကျောင်းတက်ခွင့်မရသော ကလေးသူငယ်များကို ပိုမိုတိုးပွားစေသည်။

လူ့ဘဝ၏ အဖိုးတန်ဆုံးသော အချိန်ကာလသည် ပထမအရွယ် လူငယ်ဘဝ ဖြစ်သည်။ လူငယ်ဘဝတွင် အကောင်းဆုံးသောအရာများကို ပိုင်ဆိုင်နိုင်အောင် လုပ်ဆောင်ကြရန် အရေးကြီးသည်။ ကျောင်းပညာများသင်ယူရမည့်အချိန်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရပ်များကို ဆုံးခန်းတိုင်အောင် သင်ကြားကြရမည်ဖြစ်သည်။ အခြေခံပညာအဆင့်သည် လူငယ်ဘဝ၏ ပထမလှေကားထစ်ဟု ဆိုနိုင်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်အောင် ကြိုးစားနိုင်ခြင်းသည် ပထမဆုံးသော လှေကားထစ်ကို အောင်မြင်စွာ ကျော်ဖြတ်လိုက်ခြင်းပင် ဖြစ်သည်။

လူငယ်တို့သည် ကောင်းသောယှဉ်ပြိုင်မှုဖြင့် ကြိုးစားကြမည်ဆိုလျှင် ပထမအရွယ်ကို အောင်အောင်မြင်မြင် ဖြတ်သန်းနိုင်ကြမည် ဖြစ်သည်။ ပထမအရွယ်ကို အောင်မြင်သွားမည်ဆိုပါက ဒုတိယအရွယ်ဟူသော စီးပွားရှာဖွေချိန်တွင် အခက်အခဲရှိတော့မည်မဟုတ်ပေ။ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်မည်ဆိုပါက ကြိုးစားရရှိထားသော ဘွဲ့များအလိုက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ရရှိထားသော ဘွဲ့၊ အရည်အချင်းပေါ်မူတည်၍ အလုပ်အကိုင်အခွင့်အလမ်းမှန်သမျှက စောင့်ကြိုနေမည်သာဖြစ်သည်။ ကြိုးစားသင်ယူတတ်မြောက်ထားသော ပညာအရည်အချင်းသည် မိမိတို့ဘဝကို မြှင့်တင်ပေးသွားမည်သာ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပညာရေးစနစ်နှင့်ပတ်သက်၍ နှစ် ၃၀ အမျိုးသားပညာရေး စီမံကိန်းဖြင့် ဆက်လက်ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာတတ်များပေါ်များရန် လိုအပ်သဖြင့် ပညာတတ်များ ပေါ်များပေါ်ထွန်းစေရေးကို ကြိုးပမ်းဆောင်ရွက်နေသည်။ မြန်မာနိုင်ငံရှိ လူဦးရေ ၅၅ သန်းတွင် ဘွဲ့ရသည်မှာ သုံးသန်းခန့်သာ ရှိနေသည့်အတွက် လူဦးရေ၏ ၁၀ ရာခိုင်နှုန်း အဆင့်မြင့်ပညာကိုသင်ကြားနိုင်ကြောင်း သိရသည်။ လူဦးရေ ၁၈ သန်းကျော်ခန့်သည် အခြေခံပညာသင်ကြားမှုတွင် မူလတန်းနှင့် အလယ်တန်းအဆင့်တွင်သာ သင်ကြားနိုင်သည်ကို လေ့လာသိရှိရသည်။

### ကျောင်းအပ်နှံသူ ၉၁ ရာခိုင်နှုန်း

မျက်မှောက်ကာလတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မူလတန်းပညာရေး၌ ကျောင်းအပ်နှံသူ ၉၁ ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်သော်လည်း ကလေးငယ် ၅၇ သန်းမှာ ကျောင်းပြင်ပတွင် ရှိနေပါသေးသည်။ အခြေခံစာတတ်မြောက်မှုမရှိကြသော လူငယ် ၁၀၃ သန်းအနက် ၆၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်။ စာဖတ်ခြင်းသည် ပစ္စုပ္ပန်အတွက်ဖြစ်စေ၊ အနာဂတ်အတွက်ဖြစ်စေ ပညာဗဟုသုတတိုးပွားစေပြီး အတွေးအခေါ် ရင့်သန်စေမည်ဖြစ်သည်။ အသိပညာကြွယ်ဝခြင်းကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများကို အထောက်အကူပြုစေနိုင်ပြီး စိတ်ကူးဉာဏ် အတွေးအခေါ် ရင့်သန်ကာ ဘဝတိုးတက်မှုကို ရရှိစေမည်ဖြစ်သည်။ စာကောင်းပေကောင်းနှင့် စပ်လျဉ်း၍ ဆရာဇေယျက စာများသည် မကောင်းသော စာပေ၊ မလေ့လာအပ်သော စာပေဟူ၍ မရှိ၊ ထိုစာပေမှရအပ်သော ဗဟုသုတကိုသာ သုံးအပ်သည်။ မသုံးအပ်သည်၊ ရှောင်သင့်၊ ဆောင်သင့် ချင့်ချိန်ဝေဖန်ခြင်းသာလျှင် အရေးကြီးသည်ကို မှတ်အပ်သည်ဟု မှတ်ချက်ချခဲ့ဖူးရာ လူတိုင်းက စာဖတ်ခြင်းဖြင့် မိမိကိုယ်ကို မြှင့်တင်ကြရန် လိုအပ်သည်။

လူငယ်ဆိုသည်မှာ တက်ကြွရှင်လန်းကြိုးစားလိုစိတ်ရှိသည်။ လူငယ်တိုင်းတွင် တူညီသောစိတ်မှာ မခံချင်စိတ်ဖြစ်သည်။ ထိုမခံချင်စိတ်ကို ကောင်းသည့်ဘက်တွင် အသုံးပြုကာ ဘဝတက်လမ်းကို လျှောက်လှမ်းကြရမည်ဖြစ်သည်။ ကောင်းသည့်ဘက်တွင် ယှဉ်ပြိုင်ခြင်းသည် အကောင်းဆုံးကို ရောက်အောင် ကြိုးစားခြင်းဖြစ်သည်။ ကျောင်းသားကျောင်းသူချင်းအတူတူ သူကစာတော်ပြီး မိမိက စာညံ့နေလျှင် သူ့လိုဖြစ်အောင် ငါလည်းကြိုးစားမည်ဆိုသောစိတ်ဖြင့်ကြိုးစားကြရမည်ဖြစ်သည်။

မသိသူကျော်သွား၊ သိသူဖော်စား ဟူသည့် စကားပုံကဲ့သို့ အသိပညာကို အကောင်းဆုံး ရှာဖွေခြင်း မပြုနိုင်သူသည် ၎င်း၏ဘဝတွင် အောင်မြင်မှုလမ်းကြောင်းပေါ်ရောက်ရှိရန် လွယ်ကူနိုင်မည်မဟုတ်ပေ။ ပြိုင်ဆိုင်မှုပြင်းထန်သော ယနေ့ကာလတွင် ပြိုင်ဘက်များအပေါ် ယှဉ်ပြိုင်နိုင်စွမ်းရှိနေစေရန်မှာ အသိပညာကို အပတ်တကုတ် လေ့လာဖြည့်ဆည်းခြင်းကသာ အခရာဖြစ်သည်။ အသိပညာဟူသည် သူဆင်းရဲအတွက် ဥစ္စာဓနဖြစ်၍ လူချမ်းသာအတွက် ကျက်သရေမင်္ဂလာ ဖြစ်သည်။ ငယ်ရွယ်သူတို့အတွက် လိုအပ်ချက်ကြီးဖြစ်၍ ကြီးရင့်အိုမင်းသူတို့၌လည်း စိတ်နှလုံးချမ်းမြေ့စရာ အထောက်အပံ့တစ်ခုဖြစ်သည်ဟူသည့် ဂျွန်စီလာဗာတာ၏ မှတ်ချက်ပြုမှုကို လူတိုင်းက အလေးထားကြရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# တစ်မြေတည်းနေ တစ်ရေတည်းသောက် ညီအစ်ကိုမောင်နှမများသဖွယ် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်

ဘားအံ ဒီဇင်ဘာ ၂၅

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ခရစ်ယာန်ဘာသာဝင်များနှင့် ပြည်နယ်သူ ပြည်နယ်သားများအားလုံး ခရစ္စမတ် အခါသမယတွင်



ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ သာယာဝပြောခြင်းများနှင့် ပြီးပြည့်စုံ၍ ခရစ်တော်၏ မေတ္တာတရားနှင့် ငြိမ်းချမ်းသာယာရှိကြပါစေကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ (ခရစ္စမတ်နေ့) နံနက် ၁၁ နာရီတွင် ဘားအံမြို့ စိန့်ဖရန့်စစ်ဇေးဗီးယဲ ကက်သလစ်ဘုရားရှိခိုးကျောင်း ဘားအံသာသနာနယ်ဂိုဏ်းအုပ်ဆရာတော် ဂျပ်စတင်းစောမင်းသိုက်နှင့် ဘုန်းတော်ကြီးများအား ဂါရဝပြု တွေ့ဆုံစဉ် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ကရင်ပြည်နယ်အတွင်း ကရင်၊ ဗမာ၊ မွန်၊ ပအိုဝ်း၊ ရှမ်းအစရှိသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအား ကိုးကွယ်ယုံကြည်ရာ ဘာသာအမျိုးမျိုးကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားပြီး တစ်မြေတည်းနေ တစ်ရေတည်းသောက် ညီအစ်ကိုမောင်နှမများသဖွယ် ချစ်ချစ်ခင်ခင်စည်းစည်းလုံးလုံးဖြင့် နေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းသာယာဝပြောသော မေတ္တာတရားထုံလွှမ်းသော လူ့ဘောင်လောကကို တည်ဆောက်သွားကြရမည်ဖြစ်ပြီး ယဉ်ကျေးလိမ္မာသော လူ့အသိုင်းအဝိုင်းဖြစ်စေရန် ဆရာတော်ကြီးများကလည်း ဘာသာတရား၏ အဆုံးအမဖြင့် ကူညီပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ခရစ်ယာန်ဘာသာဝင်များ၏ ထူးကဲကြီးမြတ်သော နေ့ထူးနေ့မြတ် ဘုရားရှင်မွေးနေ့ (ခရစ္စမတ်နေ့)နှင့်အတူ ပြည်သူအားလုံး စိတ်အေးချမ်းသာ ရှိကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံသာသနာနယ်ဂိုဏ်းအုပ်ဆရာတော် ဂျပ်စတင်းစောမင်းသိုက်နှင့် ဘုန်းတော်ကြီးများအား ခရစ္စမတ်အမှတ်တရလက်ဆောင်များနှင့် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်ရာ ဂိုဏ်းအုပ်ဆရာတော်က ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များ ပြန်လည် ပေးအပ်ပြီး မိတ်သဟာယ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်နယ်ဝန်ကြီးချုပ် ခရစ္စမတ်ပွဲတော် ဝတ်ပြုဆုတောင်းပွဲသို့ တက်ရောက် မျိုးစေ့ထုတ်နေကြာစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှု ကြည့်ရှု

မြစ်ကြီးနား ဒီဇင်ဘာ ၂၅

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ခရစ္စမတ်ပွဲတော် ဝတ်ပြုဆုတောင်းပွဲသို့ တက်ရောက်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများနှင့် ဆီထွက်သီးနှံနေကြာ တိုးမြှင့်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထုတ် နေကြာစိုက်ခင်းအောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခရစ္စမတ်အထိမ်းအမှတ် ကက်သလစ်ဘုန်းတော်ကြီး၊ ဓမ္မဆရာတော်များနှင့်တက်ရောက်လာကြသော တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များအတွက် အမှတ်တရလက်ဆောင်များ ပေးအပ်ကြပြီး ခရစ္စမတ်အထိမ်းအမှတ် နေ့လယ်စာ သုံးဆောင်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ နောင်နန်းရပ်ကွက်အတွင်းရှိ ကဆန်ထီအမည်ဖြင့် ပူတာအိုဒေသထွက် ကျောက်ပျားရည်၊ ဂရိတ်ဖရု၊ သစ်ကြားသီး၊ ချဉ်စော်ကားသီး၊ အမေရိကန်သံပရာနှင့် ရှောက်ကောသီးနှံများအား အသင့်စား စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စိုက်ပျိုးရေးဦးစီးဌာနပိုင် ဇီးလွန်မျိုးသန့်ခြံ၌ ဆီထွက်သီးနှံ နေကြာ (ရေဆင်း-၃) မျိုးစေ့ထုတ်စိုက်ခင်း ဧက ၄၀ နှင့် ဆင်းရှေကြာနှစ်မျိုး စိုက်ပျိုးထားရှိပြီး တစ်ဧက နေကြာမျိုးစေ့ ၁၀ တင်း ထုတ်ပေးနိုင်မှုအခြေအနေနှင့် မျိုးပြန့်ပွားရေးအတွက် ပျားဖြင့် ဝတ်မှုန်ကူးခြင်း၊ လူမှဝတ်မှုန်ကူးပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)





# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ခရစ္စမတ်ညစာစားပွဲ တက်ရောက်

ထားဝယ် ဒီဇင်ဘာ ၂၅

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ ဝန်ကြီးများအိမ်ရာဝင်းအတွင်း ခရစ္စမတ်ညစာစားပွဲကို ယမန်နေ့ ညနေ ၆ နာရီက ကျင်းပသည်။

**ဆုတောင်းမေတ္တာပို့သ**

ညစာစားပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ယနေ့သည် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်း၊ မည်သည့်ဘာသာမဆို ကောင်းတာလုပ်ပါက ဝိုင်းဝန်းကူညီ အားပေးရမည်ဖြစ်ပြီး စုပေါင်း၍လည်း ပျော်ရွှင်ရမည်ဖြစ်ကြောင်း၊ ညစာစားပွဲသို့ တက်ရောက်လာသူများအနေဖြင့် ပျော်ရွှင် ချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပြီး ခရစ္စမတ် အမှတ်တရ လက်ဆောင်များ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

ထို့နောက် ဆရာဦးသန်းလှိုင်က ခရစ္စမတ် အဓိပ္ပာယ်ကို ရှင်းလင်းပြောကြားပြီး ကရင်နှစ်ခြင်း ကျမ်းစာသင်ကျောင်းမှ ခရစ္စမတ်ဓမ္မသီချင်း၊ နန်းအဲလိဇဘက်က ထူးခြားသောခရစ္စမတ်သီချင်း၊ Grace မိသားစုက နှင်းစက်သီချင်းနှင့် ကယ်တင်ရှင်မေရှိယ သီချင်းတို့ဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဆက်လက်၍ ကက်သလစ်အသင်းတော်မှ ဖာသာဂျိုးဇက်သိန်းခင်က နှုတ်ကပါဌ်တော်အား ဟောပြောပြီး မြို့သစ်အသင်းတော် ဆရာဦးဇွန်ဇာခိုင်က ကျေးဇူးတင်စကားပြောကြား၍ Grace မိသားစုက ခရစ္စမတ် အကသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ကရင် နှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရ စောစန်းလှိုင်လူးက ကောင်းချီးပေး ဆုတောင်းစကား ပြောကြားသည်။

ယင်းနောက် ကရင်နှစ်ခြင်းအသင်းတော်မှ ဆရာဦးထွန်းဦးက အစားအသောက်များအတွက် ဆုတောင်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား အစားအသောက်များဖြင့် တည်ခင်းဧည့်ခံ၍ သီဆိုဖျော်ဖြေသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆုငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီးတွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနပေါင်းစုံအားကစားပြိုင်ပွဲများ ဖွင့်ပွဲကျင်းပ

မုံရွာ ဒီဇင်ဘာ ၂၅

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**အားပေးမြှင့်တင်**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံတော်အနေဖြင့် အားကစားကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အဘက်ဘက်မှ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစား အဆင့်အတန်း မြင့်မားလာစေရေးအတွက် မူဝါဒချမှတ်ပြီး အားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း နိုင်ငံတော်၏ အားကစားမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် အစွမ်းကုန် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ အရည်အချင်းများ ပေါ်လွင်အောင် အားကစားစိတ်ဓာတ်ပြည့်ဝစွာဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀၊ မီတာ ၂၀၀၊ မီတာ ၁၀၀ ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ အားကစားနည်း ခုနစ်မျိုးဖြင့် ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးဌာန ၁၀ ခုမှ အားကစားသမား ၄၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးပြောကြား

**ပေကျင်း ဒီဇင်ဘာ ၂၅**

တရုတ်နိုင်ငံသည် ကမ္ဘာ့လူသားများ၏ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဒီဇင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။


အထက်ပါ ပြောကြားချက်များအား ၂၀၂၂ ခုနှစ် နိုင်ငံတကာအခြေအနေနှင့် တရုတ်နိုင်ငံခြားဆက်ဆံရေး အမည်ရှိ ဆွေးနွေးပွဲတစ်ရပ်ကို ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပနေစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်လျက်ရှိပြီး အခြားတစ်ဖက်တွင်လည်း ကမ္ဘာ့လူသားများအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးကျေးဇူးများကို ခံစားစေရေးနှင့် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုရရှိလာစေရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံသည် မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်သကဲ့သို့ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းကပြောကြားသည်။ တရုတ်နိုင်ငံသည် မိမိတစ်နိုင်ငံတည်း ဖွံ့ဖြိုးတိုးတက်ရမည်ဟူသည့် လက်ဝါးကြီးအုပ်စနစ်ကို ရှောင်ရှားပြီး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်ကို မျှဝေသုံးစွဲခြင်းဖြင့် ကမ္ဘာ့နိုင်ငံများအားလုံး၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးကဏ္ဍတွင် ကမ္ဘာ့နိုင်ငံများအား အခွင့်အရေးများစွာပေးအပ်ထားပြီး ဘုံအကျိုးစီးပွားကိုရှေးရှုသည့် လူ့အသိုင်းအဝိုင်းကို မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**



# အီရန်ရေတပ်က နိုင်ငံတောင်ပိုင်းရေပိုင်နက်၌ တရားမဝင်လောင်စာဆီ လီတာပေါင်း ၁၁၅၀၀၀ သိမ်းဆည်းရမိ

**တီဟီရန် ဒီဇင်ဘာ ၂၅**

အီရန်နိုင်ငံရေတပ်သည် နိုင်ငံတောင်ပိုင်းရေပိုင်နက်အတွင်း၌ တရားမဝင်လောင်စာဆီ လီတာပေါင်း ၁၁၅၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း အိုင်အာရ်အိုင်ဘီ သတင်းအေဂျင်စီက ဒီဇင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အီရန်နိုင်ငံ ရေတပ်သည် နိုင်ငံတောင်ပိုင်းရေပိုင်နက်တွင် ကင်းလှည့်နေစဉ် ကီရှမ်ကျွန်းအနီးတွင် တရားမဝင်လောင်စာဆီတင်သင်္ဘောကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဟော်မုဇ်ဂန်ပြည်နယ် တရားသူကြီးချုပ် မော့ဂျ်တာဘာကာရီမာနီ၏ ပြောကြားချက်ကို ကိုးကား၍ အိုင်အာရ်အိုင်ဘီ သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

အဆိုပါ တရားမဝင်လောင်စာဆီများကို နိုင်ငံတောင်ပိုင်းကမ်းရိုးတန်းမှတစ်ဆင့် မြန်နှုန်းမြင့်ရေယာဉ်များပေါ်သို့ လွှဲပြောင်းတင်ဆောင်ရန် ရည်ရွယ်လျက်ရှိသည်ကိုလည်း သိရကြောင်း တရားသူကြီးချုပ် မော့ဂျ်တာဘာကာရီမာနီက ပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

အမေရိကန်ဒေါ်လာ ၇၈၇၅၀၀ တန်ဖိုးရှိ အဆိုပါ တရားမဝင်လောင်စာဆီများကို အီရန်နိုင်ငံ အမျိုးသားရေနံသန့်စင်ရေးနှင့် ဖြန့်ဖြူးရေးကုမ္ပဏီထံသို့ လွှဲပြောင်းပေးအပ်ထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**



# အမေရိကန်နိုင်ငံတစ်ဝန်း အင်အားပြင်းနှင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ် ၂၃ ဦးထက်မနည်း သေဆုံး

**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

အမေရိကန်နိုင်ငံတစ်ဝန်း၌ အင်အားပြင်းနှင်းမုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်ခဲ့ရာ ၂၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ သေဆုံးသူများသည် အိုကလာဟိုးမား၊ ကန်တက်ကီ၊ မစ်ဆူရီ၊ တန်နက်ဆီ၊ ဝစ်ကွန်ဆင်၊ ကန်းဆက်စ်၊ နီဘရာစကာ၊ အိုဟိုင်းယိုး၊ နယူးယောက်၊ ကော်လိုရာဒိုနှင့် မစ်ချီဂန်ပြည်နယ်များမှ ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် အိုဟိုင်းယိုးပြည်နယ်အတွင်း မော်တော်ယာဉ် ၄၆ စီး အစုလိုက်အပြုံလိုက်တိုက်မိမှုဖြစ်ပွားခဲ့ပြီး လေးဦးသေဆုံးခဲ့သည်။

ဆောင်းရာသီမုန်တိုင်းသည် ကနေဒါအရှေ့ပိုင်းကို ဗဟိုပြု၍ ဆက်လက်တိုက်ခတ်နေကြောင်း အမေရိကန် မိုးလေဝသခန့်မှန်းသူများက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ သမိုင်းဝင်နှင်းမုန်တိုင်းကြောင့် နယူးယောက်ပြည်နယ် ဘက်ဖဲလိုးဧရိယာနှင့် ပြင်ပတွင် ခရီးသွားလာမှုများ ရပ်ဆိုင်းခဲ့ရကြောင်း အုပ်ချုပ်ရေးမှူး ကက်သီဟူကဆိုသည်။

ဖင်းဂါးလိပ်နှင့် ဗဟိုနယူးယောက်ဒေသများ၌ နှင်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၆၀ (၉၆ ကီလိုမီတာ)ထက်မနည်း လေပြင်းများတိုက်ခတ်လျက်ရှိကြောင်း သိရသည်။

နယူးယောက်အနောက်ပိုင်းတွင် လေပြင်းတိုက်နှုန်း တစ်နာရီလျှင် ၇၉ မိုင် (၁၂၇ ကီလိုမီတာ) နှုန်းသို့ရောက်ရှိခဲ့သည်။ ဘက်ဖဲလိုးနှင့် ဝါးတားတောင်းဧရိယာများသည် ဒီဇင်ဘာ ၂၆ ရက်မှစပြီး နှင်းထုစုစုပေါင်း သုံးပေမှ ငါးပေ (၉၁ မှ ၁၅၂ စင်တီမီတာ) အထိ ဆီးနှင်းများထူထပ်စွာ ကျဆင်းနိုင်သည်ဟု မျှော်လင့်ရသည်။

ခရစ္စမတ်အကြိုကာလတွင် အမေရိကန်ပြည်ထောင်စု၌ လူနေအိမ်အများစုနှင့် စီးပွားရေးလုပ်ငန်းများသည် လျှပ်စစ်မီး ပြတ်တောက်မှုများနှင့် ရင်ဆိုင်နေရသည်။

အမေရိကန်ပြည်ထောင်စုအတွင်း လေယာဉ်ခရီးစဉ် ၃၃၀၀ ကျော်ကို ဒီဇင်ဘာ ၂၄ ရက်တွင် ဖျက်သိမ်းခဲ့ပြီး ၇၅၀၀ ခန့် နှောင့်နှေးကြန့်ကြာခဲ့ကြောင်း လေကြောင်းပျံသန်းမှုဆိုင်ရာ ဝက်ဘ်ဆိုက်အရ သိရသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၁ ဦး ထပ်မံသေဆုံး

**မနီလာ ဒီဇင်ဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၁ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၅၂၃၆ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၆၆၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၆၁၆၆၃ ဦးရှိကြောင်း သိရသည်။

**ပိုးတွေ့ဆဲလူနာ ၁၆၈၉၆ ဦး**

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၆၈၉၆ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၅၅ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရ



ခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှု အရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၈ သန်းကျော်ကို ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၈၈ သန်းကျော်ကို ကိုဗစ်- ၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**




# ဘရူနိုင်းနိုင်ငံ၌ စွန့်ပစ်ပစ္စည်းပြန်လည်သုံးစွဲရေးလှုပ်ရှားမှု ဆောင်ရွက်

**ဘန်ဒါဆရီဘီဂါဝမ် ဒီဇင်ဘာ ၂၅**

ဘရူနိုင်းနိုင်ငံ၌ စွန့်ပစ်ပစ္စည်းပြန်လည်သုံးစွဲရေးနေ့ အထိမ်းအမှတ်အဖြစ် အသုံးပြုပြီးသည့် စွန့်ပစ်ပစ္စည်းများအား ပြန်လည်စုဆောင်းသည့်လှုပ်ရှားမှုကို ပြုလုပ်ခဲ့ကြောင်း ဘရူနိုင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန သဘာဝပတ်ဝန်းကျင်၊ ပန်းခြံနှင့် အပန်းဖြေရေးဌာနက ပြောကြားသည်။

ယင်းအစီအစဉ်အရ ဒေသခံကုမ္ပဏီ လေးခု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အသုံးပြုပြီးသည့် စွန့်ပစ်စက္ကူများ၊ စက္ကူပုံးများ၊ ပလတ်စတစ်ပုလင်းများ၊ အသုံးပြုပြီးဟင်းချက်ဆီများနှင့် အီလက်ထရွန်နစ်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများကို စုဆောင်းနိုင်ခဲ့ကြောင်း ၎င်းဌာနကပြောကြားသည်။

အဆိုပါစွန့်ပစ်ပစ္စည်းများကို ပြည်တွင်းနှင့် ပြည်ပဈေးကွက်တွင် ပြန်လည်အသုံးပြုနိုင်သည့်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရေးအတွက် ဒေသခံစွန့်ပစ်ပစ္စည်းပြန်လည်တီထွင်ဆန်းသစ်ထုတ်လုပ်ရေး ကုမ္ပဏီများထံသို့ ပေးပို့ခဲ့ကြောင်း သိရသည်။

ယခု စွန့်ပစ်ပစ္စည်းပြန်လည်အသုံးပြုရေးလှုပ်ရှားမှုသည် နိုင်ငံသားများအား နေ့စဉ်ဘဝတွင် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ရန် လေ့ကျင့်ပေးခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကို သန့်ရှင်းစိမ်းလန်းစေရေးသည် နိုင်ငံသားများတွင် တာဝန်ရှိကြောင်း အသိပညာပေးခြင်းဖြစ်သည်ဟု ၎င်းဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပါရမီရပ်ကွက်နေ လင်းလင်းထိုက်(ခ) လင်းလင်းသည် ၎င်းအသုံးပြုသည့် “Lynn Lynn” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနေ သီတာတင်သည် ၎င်းအသုံးပြုသည့် “Thida Tin” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■



## ရွှေပြည်သာမြို့နယ်၌ အလုပ်သမားရေးရာဥပဒေ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန်နှင့် သာစုကန်စက်မှုဇုန်တို့၌ ယမန်နေ့နံနက်ပိုင်းက Hajen Manufacturing Co.,Ltd. အထည်ချုပ်စက်ရုံနှင့် New Plus အထည်ချုပ်စက်ရုံတို့မှ အလုပ်သမားများအား အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက အလုပ်သမားရေးရာဥပဒေများ အသိပညာပေးဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီးဦးစီးမှူးများက အလုပ်သမားဥပဒေပါ အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် အလုပ်သမားများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ရာ သက်ဆိုင်ရာတာဝန်ခံအရာရှိများက ပြန်လည်ဖြေကြားခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က အဆိုပါစက်ရုံများရှိ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## အင်းစိန်မြို့နယ်၌ ခုခံကျကာလသားရောဂါတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ခုခံကျကာလသားရောဂါတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်ဆုမွန်က ရန်ကုန်တိုင်းဒေသကြီးတွင် HIV ပိုးကူးစက်မှုကို ထိန်းချုပ်နိုင်ပြီးဖြစ်သဖြင့် သေဆုံးနှုန်း လျော့ကျလာကြောင်း၊ မိခင်မှကလေးသို့ HIV ပိုးကူးစက်မှု လျှော့ချနိုင်ရေး ဆောင်ရွက်နေသော လုပ်ငန်းစဉ်များအကြောင်း၊ အဓိကဦးတည်ချက်ထားသော လူအုပ်စုများကို HIV ပိုးစစ်ဆေးခြင်း၊ ကွန်ဒုံးစနစ်တကျအသုံးပြုနိုင်ရေးဖြန့်ဝေပေးခြင်း၊ သန့်ရှင်းသောဆေးထိုးအပ်များ ဖြန့်ဝေပေးခြင်း၊ အသုံးပြုပြီးဆေးထိုးအပ်များကို စနစ်တကျပြန်လည်သိမ်းဆည်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို မိတ်ဖက်အဖွဲ့အစည်းများဖြင့် ဆောင်ရွက်နေခြင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးမှူး (စီမံ/ဘဏ္ဍာ)မှ ဒေါက်တာမိုးမိုးမြင့်က ဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြရာ တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းပြီး သွေးစစ်ဆေးမှုများကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဟိုတယ်၊ မိုတယ်၊ ကာရာအိုကေများမှ တာဝန်ရှိသူများ၊ မိတ်ဖက်ပရဟိတအသင်းမှ တာဝန်ရှိသူများနှင့် အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (Myanmar International Arbitration Centre–MIAC) Incorporated မှ ဖွင့်လှစ်သော ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာ သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနှင့် ဖျာပုံလမ်းထောင့်ရှိ MIAC (ဗဟို) သင်တန်းခန်းမ၌ ယမန်နေ့ညနေ ၃ နာရီခွဲတွင် ကျင်းပရာ MIAC(ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်း၊ သင်တန်းနည်းပြဆရာကြီး ဆရာမကြီးများ၊ သင်တန်းတာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် MIAC (ဗဟို) ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာကြီး ဆရာမကြီးများက သင်တန်းသား သင်တန်းသူများကို အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။



ဆက်လက်ပြီး သင်တန်းသား သင်တန်းသူများက MIAC နှင့်ပတ်သက်၍ မေးမြန်းသည်များကို MIAC(ဗဟို) ဥက္ကဋ္ဌနှင့် သင်တန်းတာဝန်ခံနည်းပြဆရာကြီးများက ပြန်လည်ဖြေကြားကြသည်။

၎င်းနောက် သင်တန်းသား သင်တန်းသူများက နည်းပြဆရာကြီး ဆရာမကြီးများကို ဂါရဝပြုလက်ဆောင်များပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ စုပေါင်း၍အမှတ်တရဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**မောင်မောင်(လှိုင်စစ်)**

## ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံ၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေး

**ဒိုက်ဦး ဒီဇင်ဘာ ၂၅**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ယမန်နေ့နံနက် ၉ နာရီခွဲက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမိုးမိုးအေး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်း ၅၁ ဦးအား ဆီးချိုသွေးချိုတိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် ဖြစ်ပွားနေသည့်ရောဂါများအလိုက် စမ်းသပ်စစ်ဆေးပေးပြီး လိုအပ်သည့်ဆေးဝါးနှင့် ကုသခြင်းများကို အခမဲ့စစ်ဆေးဆောင်ရွက်ကုသပေးခဲ့သည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦး၊ အဖွဲ့ဝင် ဦးတင်ထွဋ်မြင့်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ လာရောက်အားပေးကူညီခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား မြန်မာပြည်သိန်းတန် တေးသီချင်းများဖြင့် ဖျော်ဖြေ

နေပြည်တော် ဒီဇင်ဘာ ၂၅

နိုင်ငံတော်နှင့် တပ်မတော်အတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား အငြိမ်းစားသက်ကြီးဘိုးဘွားများ နားခိုရာ နေပြည်တော် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်က ဘိုးဘွားရိပ်သာခန်းမ၌ တစ်ကိုယ်တော် လာရောက်ဖျော်ဖြေရာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများ၊ ဘိုးဘွားများနှင့် ဝန်ထမ်းမိသားစုများ ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် မြန်မာပြည်သိန်းတန် တစ်ကိုယ်တော်ဖျော်ဖြေရာ ရတနာပုံ၊ အောင်စေ တည်စေ ညီစေ၊ လွတ်လပ်ရေးတေးသံ၊ စနေထောင့်မှာ ပန်းလှူမယ်၊ နှင်းပွင့်သစ္စာ၊ တောင်ပြာတန်းက မောင့်ချစ်သူ၊ ရွှေသုန္ဒရီ၊ အန်ကယ် နီး၊ ရွှေရုပ်ကလေး ကောက်ရသလို၊ စုံတောမြိုင်၊ ခွင့်လွှတ်ပေးဖို့တောင်းပန်ချင်၊ ယောသူတို့ရွာ၊ မြစ်ဆုံကို လွမ်းစိတ်မပြေ၊ လူလိမ္မာ၊ တစ်ပါးသူမနမ်းစေချင် စသည့် နာမည်ကြီး တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်နှင့် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာမှ ဘိုးဘွားများ အမှတ်တရဓာတ်ပုံရိုက်ကြပြီး ဘိုးဘွားရိပ်သာ ကြီးကြပ်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူက မြန်မာပြည်သိန်းတန်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

သတင်းစဉ်

## မိုးနဲမြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ

မိုးနဲ ဒီဇင်ဘာ ၂၅



ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲတပ်နယ်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ ဆန်၊ ကြက်သားများကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၆ နာရီခွဲက နာဟောင်ရပ်ကွက် ဆုတောင်းပြည့်ဘုန်းတော်ကြီးကျောင်းရှေ့ နေရာ၌ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် ဆန်တစ်ပြည် ငွေကျပ် ၁၅၀၀၊ ကြက်သား တစ်ပိဿာ ငွေကျပ် ၈၀၀၀၊ ကြက်ဥ တစ်လုံး ငွေကျပ် ၁၈၀ နှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ ပြည်သူများ အဆင်ပြေချောမွေ့စွာဝယ်ယူနိုင်ရေးတို့အတွက် မိုးနဲတပ်နယ်မှတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ (မိုးနဲ)

■

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငါးကုန်ထုတ်သမဝါယမအသင်းများ၏ အသင်းပိုင်ငါးကန်များမှ ငါးများ မွေးမြူဖြန့်ဖြူးပေးလျက်ရှိ

ပဲခူး ဒီဇင်ဘာ ၂၅

သမဝါယမကဏ္ဍက ရေထွက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးမြို့နယ်ရှိ နေဝန်းနီငါးကုန်ထုတ်သမဝါယမအသင်းနှင့် ဥသျှာငါးကုန်ထုတ်သမဝါယမအသင်း၊ တောင်ငူမြို့နယ်ရှိ ကေတုမတီ ငါးကုန်ထုတ်သမဝါယမအသင်း၊ ကျောက်တံခါးမြို့နယ်ရှိ ကန်သာယာငါးကုန်ထုတ်သမဝါယမအသင်း၊ လက်ပံတန်းမြို့နယ်ရှိ ကန် ၁၀၀ ငါးကုန်ထုတ်သမဝါယမအသင်းနှင့် သဲကုန်းမြို့နယ်ရှိ ချမ်းမြေ့ ငါးကုန်ထုတ် သမဝါယမအသင်းများ၏ အသင်းပိုင်ငါးကန်များ၌ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန်နှင့် ငါးခေါင်းပွ ငါးမျိုးများ မွေးမြူထားရှိပြီး ယခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ယင်းငါးကန်များမှ ဖော်ထုတ်ရရှိသည့် ငါးမျိုးစုံ ၃၈၅၅၇ ဒသမ ၇ ပိဿာကို စားသုံးသူပြည်သူများ ဝယ်ယူစားသုံးနိုင်စေရန် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၁၅ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၅၅ | ၂၂၇၅ | ၂၇၆၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၅ | ၁၉၄၆ |
| 95 Ron | ၁၉၅၇ | ၂၀၂၉ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၆၈ |
| HSD (50 ppm) | ၂၂၆၈ | ၂၃၄၃ |
| HSD (10 ppm) | ၂၂၆၈ | ၂၃၄၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နိုင်ငံအတွက်ဂုဏ်ယူဖွယ် မြန်မာပြည်မြောက်ဖျားက ခါကာဘိုရာဇီအမျိုးသားဥယျာဉ်

သစ္စာ (MNA)
ဓာတ်ပုံ - ဇွဲမာန်

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများကြားတွင် ရေခဲတောင်တည်ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်တင့်လျက်ရှိပြီး ရေမြေတောတောင်နှင့် သဘာဝ သယံဇာတများ၊ ရုက္ခနှင့်ဇီဝပေါကြွယ်ဝ၍ ပင်လယ်ပြင်ကို ပိုင်ဆိုင်ထားသောကြောင့် ရေအောက်သယံဇာတကြွယ်ဝသောနိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ မြန်မာ ပြည်တောင်ဖျားတွင် ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းကြီးကို ပိုင်ဆိုင်ထားပြီး မြန်မာပြည်မြောက်ဖျား၌ ရေခဲဖုံးလွှမ်းလျက်ရှိသော ရေခဲတောင်များကို ပိုင်ဆိုင်ထားရာ နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့်အမျိုးသားရေးကို ချစ်မြတ်နိုးသောစိတ်များ တဖွားဖွားပေါ်ပေါက်စေသည့် လှပသောနိုင်ငံတွင် မွေးဖွား ကြီးပြင်းခွင့်ရရှိမှုအပေါ် နိုင်ငံသားတစ်ဦးအနေဖြင့် ဂုဏ်တင့်စေလျက်ရှိသည်။

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တွင် ရေခဲတောင်ဒေသ၌နေထိုင်သော တောရိုင်းတိရစ္ဆာန်မျိုးစိတ်သစ်များနှင့် ရှားပါးရေခဲတောင်ကျားသစ်များ၊ ရေခဲတောင်တွင်ပေါက်ရောက်သော ဇီဝမျိုးစုံမျိုးကွဲများ၊ ရှားပါးအပင်များ၊ သစ်ခွမျိုးစိတ်များနှင့် ဇီဝအရင်းအမြစ်များစွာ ရှင်သန်တည်မှီလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံအတွက် တန်ဖိုးဖြတ်၍မရသော ရုက္ခနှင့်ဇီဝရတနာများစွာ စုဝေးရာဘဏ္ဍာတိုက်ကြီးတစ်ခုလည်းဖြစ်သည်။ နိုင်ငံအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေရရှိရန် ဆွဲဆောင်လျက်ရှိသည့်အပြင် သုတေသနလုပ်ငန်းများတွင်လည်း တတိယနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် သဘာဝအရင်းအမြစ်များစွာ သိုမှီးထားသော ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီးဖြစ်သည်။



## တည်နေရာ

ခါကာဘိုရာဇီအမျိုးသားဥယျာဉ် (Khakabo-razi National Park) သည် ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်အတွင်း တည်ရှိပြီး မြောက်လတ္တီတွဒ် ၂၇ ဒီဂရီ ၃၀ မိနစ်မှ ၂၈ ဒီဂရီ ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၁၅ မိနစ်မှ ၉၈ ဒီဂရီ ၁၅ မိနစ်ကြားတွင် တည်ရှိသည်။ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ အနောက်တောင်ဘက်တွင် နောင်မွန်မြို့နယ်၊ ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် တောင်ဘက်တွင် နောင်မွန်မြို့နယ်တို့ ဝန်းရံတည်ရှိလျက်ရှိသည်။

## ကမ္ဘာ့သဘာဝ အမွေအနှစ်ဥယျာဉ်ကြီးတစ်ခုအဖြစ်

ခါကာဘိုရာဇီတောင်သည် အရှေ့တောင်အာရှနိုင်ငံများအတွင်း အမြင့်ဆုံးတောင်ဖြစ်ပြီး တစ်နှစ်ပတ်လုံး ရေခဲများဖုံးလွှမ်းရာဒေသတစ်ခုဖြစ်သည့်အပြင် နိုင်ငံအတွက် ဂေဟစနစ် (Ecosystem) နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ဆိုင်ရာ အရေးပါသည့်နယ်မြေတစ်ခုလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်၏ မြစ်ဖျားခံရာ အဓိကရေဝေရေလဲဒေသဖြစ်ခြင်း၊ ဟိမဝန္တာအရှေ့ဖျားနှင့်ဆက်စပ်နေသော အရေးပါသည့် ရေခဲတောင်ဂေဟစနစ်တစ်ခုဖြစ်ခြင်း၊ ရှားပါးတောရိုင်းတိရစ္ဆာန်များဖြစ်သော သားမင်း၊ ကတိုးဂျီ၊ ရေခဲတောင်ဆိတ်၊ ပန်ဒါနီတို့ ကျက်စားရာဒေသဖြစ်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအတွက် အရေးပါသည့်နေရာတစ်ခုဖြစ်ခြင်းတို့ကြောင့် နိုင်ငံအတွက် အမျိုးသားအဆင့် ထိန်းသိမ်းရမည့် ဥယျာဉ်ကြီးတစ်ခုအဖြစ် သတ်မှတ်ကာကွယ် ထိန်းသိမ်းထားပြီး အာဆီယံအတွက်အရေးပါသော နေရာတစ်ခုဖြစ်သောကြောင့် ကမ္ဘာ့သဘာဝအမွေအနှစ်များ စုဝေးရာနေရာတစ်ခုအဖြစ် သတ်မှတ်ထိန်းသိမ်းသွားရန် လိုအပ်လျက်ရှိသည်။

ခါကာဘိုရာဇီဒေသကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ယခင်-သစ်တောရေးရာဝန်ကြီးဌာန)မှ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်ရည်ရွယ်ကြောင်း ကြေညာခဲ့သည်။ ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၇၆/၉၈) ဖြင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ အာဆီယံဒေသအတွင်း နိုင်ငံအလိုက် သဘာဝထိန်းသိမ်းရေးနယ်မြေများကို ကမ္ဘာ့အဆင့်မီဆောင်ရွက်နိုင်ရေး ပထမအဆင့်အနေဖြင့် အာဆီယံအမွေအနှစ်ဥယျာဉ်အစီအစဉ် (ASEAN Heritage Park Programme)တွင် အာဆီယံအဆင့် သဘာဝအမွေအနှစ်ဥယျာဉ်များအဖြစ်သတ်မှတ်ရန် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အာဆီယံပတ်ဝန်းကျင်ဝန်ကြီးများ အစည်းအဝေးမှ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အား အာဆီယံအမွေအနှစ်ဥယျာဉ်အဆင့်သို့ သတ်မှတ်အတည်ပြု ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့သဘာဝအမွေအနှစ်(UNESCO)အဖွဲ့ကြီး၏ ကမ္ဘာ့အမွေအနှစ်ကွန်ဗင်းရှင်း သဘောတူညီမှုအရ ကမ္ဘာ့သဘာဝအမွေအနှစ်နယ်မြေ (World Natural Heritage Site)၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ (World Cultural Heritage Site)နှင့် ရောနှောပါဝင်နေသည့် အမွေအနှစ်နယ်မြေ (Mixed Heritages)များအဖြစ် သတ်မှတ်ထားလျက်ရှိသည်။ ထို့အပြင် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် သဘာဝတောကျန်များကိုစုပေါင်း၍ ခါကာဘိုရာဇီဒေသအား ကမ္ဘာ့သဘာဝအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

## ရည်ရွယ်ချက်

မြန်မာပြည်မြောက်ဖျားတွင်ရှိသော ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီးအား ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဟိမဝန္တာအရှေ့ဖျားနှင့်ဆက်စပ်နေသော မြန်မာနိုင်ငံမြောက်ဘက်စွန်း ဆီးနှင်းများဖုံးလွှမ်းရာဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအား ထိန်းသိမ်းကာကွယ်ရန်၊ ဧရာဝတီမြစ်ဖျားရေဝေဒေသနှင့် သဘာဝပတ်ဝန်းကျင်အား ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်ရန်၊ သုတေသနလုပ်ငန်းများဆောင်ရွက်၍ မှတ်တမ်းမတင်ရသေးသော ဇီဝမျိုးစိတ်များနှင့် မျိုးစိတ်သစ်များကို ဖော်ထုတ်မှတ်တမ်းတင်ရန်၊ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားများနှင့် နိုင်ငံတော်၏အကျိုးစီးပွားအား အထောက်အကူပြုစေရန်နှင့် ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်အတည်ပြုသွားနိုင်ရန် စသည့် ရည်ရွယ်ချက်တို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

## လမ်းပန်းဆက်သွယ်ရေးနှင့် ရာသီဥတု

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် ၁၄၇၂ စတုရန်းမိုင် (၉၄၂၀၈၀ ဧက) ကျယ်ဝန်းပြီး အမျိုးသားဥယျာဉ်ကြီး၏ သဘာဝအရင်းအမြစ်များ ဆုံးရှုံးမှုမရှိစေရန် ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သွားလာရေးခက်ခဲမှုကြောင့် ရုက္ခနှင့်ဇီဝထိန်းသိမ်းကာကွယ်မှုတွင် နည်းပညာနှင့်အထောက်အကူပစ္စည်းများဖြည့်ဆည်းခြင်းဖြင့် ဥယျာဉ်အား ကာကွယ်စောင့်ရှောက်မှုနှင့် သုတေသနလုပ်ငန်းတို့ကို အထောက်အကူဖြစ်စေမည့်အပြင် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ ပိုမိုပွင့်လန်းလာစေမည်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ ပူတာအိုမြို့သို့ လေကြောင်းခရီးဖြင့် တိုက်ရိုက်သွားလာနိုင်ပြီး မြစ်ကြီးနားမြို့မှ ပူတာအိုမြို့သို့ လေကြောင်းခရီးဖြင့်သာ အဓိကဆက်သွယ်သွားလာလျက်ရှိသည်။ ရန်ကုန်မှ မြစ်ကြီးနားသို့ လေယာဉ်ဖြင့် နှစ်နာရီခရီး၊ မြစ်ကြီးနားမှ ပူတာအိုသို့ လေယာဉ်ဖြင့် ၂၅ မိနစ်နှင့် ပူတာအိုမှ နောင်မွန်သို့ ၃၅ မိုင်ခရီးကို ကားဖြင့် သွားလာနိုင်လျက်ရှိသည်။ မြစ်ကြီးနားမှ ပူတာအိုသို့ ကုန်းလမ်းခရီးသည် ၂၁၈ မိုင်ကွာဝေးပြီး ပွင့်လင်းရာသီတွင် အများဆုံးသွားလာကြလျက်ရှိကာ ပူတာအိုမြို့မှ နောင်မွန်မြို့နှင့် ဥယျာဉ်နယ်နိမိတ်အစဖြစ်သော ပန်နန်းဒင်မြို့အထိ မော်တော်ဆိုင်ကယ်ဖြင့်ဖြစ်စေ၊ ကားဖြင့်ဖြစ်စေ သွားလာလျက် ဥယျာဉ်အတွင်း၌ ခြေကျင်ခရီးဖြင့်သာ သွားလာနိုင်သည်။

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် တစ်နှစ်ပတ်လုံး ပျမ်းမျှမိုးရေချိန် ၁၅၆ လက်မရရှိပြီး ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် မိုးအများဆုံးရွာသွန်းလေ့ရှိကာ အမြင့်ဆုံးအပူချိန်မှာ ၃၃ ဒီဂရီစင်တီဂရိတ်ရှိ၍ ပျမ်းမျှအားဖြင့် ၂၅ ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ အနုတ် (-၃) ဒီဂရီစင်တီဂရိတ်ရှိသည်။

## မြေမျက်နှာသွင်ပြင်နှင့်မြေအမျိုးအစား

ပင်လယ်ရေမျက်နှာပြင်အထက် အနိမ့်ဆုံးပေ ၃၀၀၀ မှ အမြင့်ဆုံး ခါကာဘိုရာဇီတောင်ထိပ်အထိ ၁၉၂၉၆ ပေမြင့်ပြီး ခါကာဘိုရာဇီတောင်ပတ်ဝန်းကျင်ဒေသသည် တစ်နှစ်ပတ်လုံး ရေခဲဖုံးလွှမ်းလျက်ရှိသည်။ ဟိမဝန္တာအရှေ့ဖျားနှင့်ဆက်စပ်တည်ရှိသော တောင်စဉ်တောင်တန်းများ၊ လျှိုမြောင်ချိုင့်ဝှမ်းများနှင့် ရေစီးမြန်သည့်ကျောက်ချောင်းများစွာ တည်ရှိလျက်ရှိရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်လျက်ရှိသည်။ တောင်ပေါ်အမြဲစိမ်းတော၏ အောက်ခြေသည် ဖွတ်ချေးမြေအမျိုးအစားဖြစ်ပြီး တောင်စောင်းများသည် ဂဝံနှင့်ကျောက်စရစ်ဆန်သော မြေအမျိုးအစားဖြစ်ရာ ပေ ၁၀၀၀၀ ကျော်မြင့်မားသည့်တောင်များတွင် ကျောက်သားများဖြစ်ပေါ်လျက်ရှိသည်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဧရိယာတွင် ဂဝံကျောက်၊ ထုံးကျောက်၊ သလင်းကျောက်များ လွှမ်းခြုံလျက်ရှိသည်။

## ဂေဟစနစ်၊ တောအမျိုးအစားများနှင့် သဘာဝပေါက်ပင်များ

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် တောင်တန်းဂေဟစနစ် (Mountain Ecosystem)၊ သစ်တောဂေဟစနစ် (Forest Ecosystem)၊ မြက်ခင်းဂေဟစနစ် (Grassland Ecosystem)၊ ကုန်းတွင်းရေဝပ်ဒေသဂေဟစနစ် (Inland Wetland Ecosystem) များဖြင့် ဖွဲ့စည်းထားပြီး တောင်ပေါ်မြက်ခင်းတော (Alpine Meadow and Shrub)၊ တောင်ပေါ်ထင်းရှူးတော (Sub-alpine Conifer Forest)၊ တောင်ဇလပ်တော (Rhodod-end ron Forest)၊ တောင်ပေါ်သမပိုင်းစွတ်စိုတော (Mountain Wet Temperate Forest)နှင့် အပူလျော့ပိုင်းမြေနိမ့်တော (Subtropical Lowland Forest) တို့ဖြင့် အပင်နှင့်တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကြီးထွားမျိုးပွားရန် မိခင်သစ်တောကြီးများအဖြစ် စိမ်းစိုအုပ်ဆိုင်းလျက်ရှိသည်။

စာမျက်နှာ ၁၉ သို့ ✳







※ စာမျက်နှာ ၁၈ မှ

သဘာဝပေါက်ပင်များအနေဖြင့် လောက်ယား၊ စကားဝါ၊ အုံတုံ၊ သစ်ချ၊ သစ်အယ်၊ သစ်မွှေးနှင့် တောင်ဇလပ်အပါအဝင် သစ်ပင် ၂၉၇ မျိုး၊ ဝါးနက်၊ ဝါးပိုးမျက်ဆံကျယ်၊ တစ်ပင်တိုင်ဝါး၊ ဝါးနွယ်ဂုတ်နှင့် ဝါးပါးအပါအဝင် ဝါး ၁၃ မျိုး၊ ကြက်ဥကြိမ်၊ ရေကြိမ်၊ ကြိမ်နီ၊ ရမထာကြိမ်အပါအဝင် ကြိမ် ၁၀ မျိုး၊ မချစ်ဥ၊ ဂူရှား၊ အဆိပ်ဥ၊ ခန်းတောက်မြစ်၊ ဆားချီ(ဆေးပိန်းဥ)၊ ရှိပဒီးအပါအဝင် ဆေးဖက်ဝင်အပင် ၂၂ မျိုးနှင့် ခါကာဘိုရာဇီဒေသအတွင်းသာ ပေါက်ရောက်သော ဒေသရင်းမျိုးစိတ်ဖြစ်သည့် သစ်ခွနက်အပါအဝင် သစ်ခွမျိုးစိတ်ပေါင်း ၂၂၀ ရှင်သန်ပေါက်ရောက်လျက်ရှိသည်။

**တောရိုင်းတိရစ္ဆာန်များနှင့်**
**ထင်ရှားသောသဘာဝအသွင်အပြင်များ**

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အတွင်း ပန်ဒါနီ၊ သားမင်း၊ ကတိုးဂျီ၊ ရေခဲတောင်ဆိတ်၊ တောင်ဆိတ်နီ၊ ဂုန်ရှန်ဂျီ၊ မျောက်မြီးရှည်၊ အာသံမျောက်အပါအဝင် နို့တိုက်သတ္တဝါ ၄၃ မျိုးကျက်စားလျက်ရှိပြီး ဟိမဝန္တာအမောက်ရှည်ရစ်၊ သွေးရစ်၊ ဇာမဏီငှက်အပါအဝင် ငှက်မျိုးစိတ်ပေါင်း ၃၇၀ ရှင်သန်လျက်ရှိ၍ လိပ်ပြာမျိုးပေါင်း ၃၆၅ မျိုး၊ ဖားမျိုးစိတ် ၄၃ မျိုး၊ မြွေမျိုးစိတ် ၃၂ မျိုး၊ ပုတ်သင်မျိုးစိတ်ခြောက်မျိုးနှင့် အအေးပိုင်းတောင်ပေါ်ဒေသ အခွံမာပိတုန်းမျိုးစိတ် ၄၉ မျိုးတို့ဖြင့် ရေခဲတောင် အမျိုးသားဥယျာဉ်ကြီး၏အလှကို သဘာဝအသွင် အပြင်များဖြင့် ဝင့်ထည်စွာရှင်သန်တည်ရှိလျက်ရှိသည်။

**လှပဝင့်ကြွားစွာတည်ရှိ**

ခါကာဘိုရာဇီဒေသသည် မြန်မာနိုင်ငံတွင် လူနေထိုင်မှုအကျဲပါးဆုံး ဒေသတစ်ခုဖြစ်ပြီး သဘာဝသစ်တောများနှင့် ဂေဟစနစ်များ ပကတိအတိုင်းတည်ရှိကာ အချို့သောဂေဟစနစ်များမှာ တို့ထိမှုမရှိသေးသော အပျိုစင်သဘာဝဂေဟစနစ်များအဖြစ်တည်ရှိလျက်ရှိရာ နိုင်ငံအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။ အပင်မျိုးစိတ်များစွာ ပေါကြွယ်ဝသည့်နေရာတစ်ခုဖြစ်ပြီး သိပ္ပံနည်းကျ လေ့လာမှတ်တမ်းတင်ခြင်းမပြုရသေးသော မျိုးစိတ်အများအပြားတည်ရှိလျက်ရှိသည်။ ဒေသခံတိုင်းရင်းသားများအနေဖြင့် ရဝမ်၊ လီဆူး၊ ဂျိမ်းဖော၊ ရှမ်း၊ တိဘက်၊ ထရုံ စသည့်တိုင်းရင်းသားလူမျိုးများ နေထိုင်လျက်ရှိပြီး ယခုအခါထရုံလူမျိုးစုသည် ဦးရေအနည်းငယ်သာကျန်ရှိတော့သည်။


ထူးခြားထင်ရှားသော သဘာဝအသွင်အပြင်အဖြစ် အမြင့်ပေ ၁၀၀၀၀ ကျော်မြင့်သည့် ဆီးနှင်းဖုံးလွှမ်းနေသော တောင်စဉ်တောင်တန်းများ၊ လျှိုမြောင်တောင်ကြောများနှင့် ရေတံခွန်များ တည်ရှိခြင်း၊ တောင်ပေါ်ထင်းရှူးတောများနှင့် တောင်ဇလပ်အပင်များပေါက်ရောက်ခြင်း၊ ဆီးနှင်းဖုံးလွှမ်းသည့်ဒေသတွင် ဆေးဖက်ဝင်အပင်များ ပေါက်ရောက်ရှင်သန်ခြင်း၊ ရေစီးမြန်သည့် ကျောက်ချောင်း၊ ရေထွက်စသည့် တောင်ပေါ်ရေဝပ်ဒေသတည်ရှိခြင်း၊ ဟိမဝန္တာအရှေ့ဖျားဒေသရင်း ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိနေခြင်းနှင့် ဧရာဝတီမြစ်ကြီးအတွက် အရေးပါသောရေဝေရေလဲဒေသဖြစ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် အရေးပါသော ရေခဲတောင်ဂေဟစနစ်၏ သဘာဝထိန်းသိမ်းရေးနယ်မြေကြီးတစ်ခုအဖြစ် ယနေ့တိုင်လှပဝင့်ကြွားစွာ တည်ရှိလျက်ရှိသည်။











**ဥယျာဉ်ကိုထိန်းသိမ်းစောင့်ရှောက်လျက်**

ခါကာဘိုရာဇီအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးကို ပူတာအိုမြို့၌ ၁၉၉၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နောင်မွန်မြို့တွင် အခြေစိုက်ရှေ့တန်းစခန်းရုံးနှင့် ပန်နန်းဒင်မြို့၊ မခွမ်ကန်၊ ဒဇုံဒမ်းတို့တွင် ကင်းစခန်းများထားရှိသည်။ ခွင့်ပြုဝန်ထမ်း ၆၃ ဦးတွင် ယခင်က ဝန်ထမ်း ၂၆ ဦးခန့်ခဲ့ပြီး လက်ရှိတွင် ဝန်ထမ်းအင်အား ၁၄ ဦးဖြင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီးအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကာ နေ့စား/ပုတ်ပြတ်အလုပ်သမား လေးဦးတို့ဖြင့် ဥယျာဉ်ကြီး၏ရေိယာအတွင်း ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**သဘာဝအခြေခံခရီးသွားလုပ်ငန်းများက**
**ဆွဲဆောင်နေ**

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းများက ဆွဲဆောင်လျက်ရှိရာ ဇီဝနှင့် သဘာဝအရင်းအမြစ်များကို လေ့လာနိုင်ခြင်း၊ ရုက္ခနှင့်ဇီဝဆိုင်ရာ သုတေသနနှင့် စာတမ်းများပြုစုနိုင်ခြင်း၊ ရေခဲတောင်ဒေသရှိ သဘာဝအလှရှုခင်းများအား လေ့လာခံစားနိုင်ခြင်း၊ တောတွင်းခရီးရှည်၊ ခြေကျင်ခရီးစဉ်များ သွားလာနိုင်ခြင်း၊ တောင်တက်ခြင်းနှင့် တောတွင်းစခန်းချ၍ သဘာဝဝန်းကျင်အလှကို ခံစားနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲတို့၏ဂေဟစနစ်များကို လေ့လာနိုင်ခြင်း၊ ဌာနေတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနှင့် ရိုးရာအလေ့အထများကို လေ့လာနိုင်ခြင်း၊ ရှားပါး တောရိုင်းတိရစ္ဆာန်များ၊ ရေခဲငါးမျိုးစိတ်များနှင့် ဒေသမျိုးရင်းအပင်မျိုးစိတ်များကို လေ့လာနိုင်ခြင်းနှင့် ရေစီးကြမ်းသော ကျောက်ချောင်းများတွင် ဖောင်၊ လှေတို့ဖြင့် စူးစမ်းသွားလာ ခရီးသွားလာနိုင်ခြင်းတို့ဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများက ဆွဲဆောင်လျက်ရှိသည်။

**သုတေသနလုပ်ငန်းနှင့် နိုင်ငံတကာနှင့်**
**ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများ**

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာအစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများကို နားလည်မှုစာချွန်လွှာများ၊ သဘောတူညီချက်စာချုပ်တို့တွင် လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီး ရေရှည်တည်တံ့လုပရေးအတွက် အဖွဲ့အစည်းများနှင့် ဆောင်ရွက်ခဲ့သည့်အပြင် အချို့သောစီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်ပြီးစီမံကိန်းများတွင် အမေရိကန်နိုင်ငံ New York Botanical Garden (NYBG)နှင့် (၂၀၁၅-၂၀၁၇) အထိ ခါကာဘိုရာဇီဒေသအတွင်း အပင်မျိုးစိတ်များ၏ သုတေသနလုပ်ငန်းများ လေ့လာဖော်ထုတ်မှုကို ဆောင်ရွက်ခဲ့ပြီး အမေရိကန်အခြေစိုက် Panthera Coporation နှင့် ၂၀၁၇ ခုနှစ်တွင် နှင်းကျားသစ်(Snow Leopard) ကျက်စားမှုကို သိရှိနိုင်ရန် Camera Traps တပ်ဆင်၍ ခါကာဘိုရာဇီအထက်ပိုင်းဒေသတွင် ဆောင်ရွက်ခဲ့သည်။ ဂျာမနီနိုင်ငံ Philip Marburg University နှင့် ၂၀၁၄-၂၀၁၆ ခုနှစ်အတွင်း အမြင့်ပေအလိုက် ရာသီဥတုနှင့် အပင်မျိုးစိတ်များပြောင်းလဲမှု၊ ပျံ့နှံ့မှုတို့ကို သုတေသနများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ဆောင်ရွက်ဆဲ ရပ်နားထားသည့် စီမံကိန်းလုပ်ငန်းများအနေဖြင့် ကိုရီးယားနိုင်ငံ အမျိုးသားဇီဝအရင်းအမြစ်များသိပ္ပံဌာန- National Institute of Biological Resources (NIBR)အဖွဲ့နှင့် ပူးပေါင်း၍ အပင်မျိုးစိတ်များ၊ ပရဆေးအသုံးဝင်သောအပင်များနှင့် ကျောရိုးရှိမျိုးစိတ်များ၊ ကုန်းနေ၊ ရေနေတွားသွားသတ္တဝါမျိုးစိတ်များ စာရင်းကောက်လေ့လာသုတေသနပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရပ်နားထားပြီး တရုတ်သိပ္ပံအကယ်ဒမီ၊ ရုက္ခဗေဒဌာန Institute of Botany , Chinese Academy of Sciences (IBCAS)အဖွဲ့နှင့်ပူးပေါင်း၍ အပင်မျိုးစိတ်များ သုတေသနပြုလုပ်ခြင်းလုပ်ငန်းကို ခါကာဘိုရာဇီဒေသတွင် ဆောင်ရွက်လျက်ရှိသည်။

**အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်**

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ကြီး၏ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့မှုကို ခြိမ်းခြောက်နေသော အကြောင်းရင်းများတွင် ဒေသခံတို့၏ နားလည်သဘောပေါက်မှုနှင့် လက်ခံမှုရရှိရန် ယနေ့တိုင်ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းမျိုးစုံကိုအသုံးပြု၍ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရန် အားနည်းခြင်း၊ တောင်ယာခုတ်ထွင်ခြင်းနှင့် ဆေးဥဆေးမြစ်များ အလွန်အကျွံရှာဖွေစုဆောင်း၍ တရားမဝင်ကူးသန်းရောင်းဝယ်ခြင်း၊ တရားမဝင် အမဲလိုက်ခြင်း၊ သဘာဝသစ်တောများကို ခုတ်ထွင်၍ ရွာကောစိုက်ခင်းများပြုလုပ်ခြင်း၊ ဌာနေဝန်ထမ်းများနှင့် သုတေသနပြုအဖွဲ့အစည်းများအား နည်းမျိုးစုံသုံး၍ ကန့်ကွက်နှောင့်ယှက်နေခြင်း စသည့်အခက်အခဲများကို ရင်ဆိုင်နေရဆဲဖြစ်သည်။ အမျိုးသားဥယျာဉ်ကြီးကို ထိန်းသိမ်းကာကွယ်ရာတွင် ဒေသခံပညာတတ်တိုင်းရင်းသားလူငယ်များကို ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းဖြင့် အမျိုးသားဥယျာဉ်ကြီး ထိန်းသိမ်းကာကွယ်ရေးကို ဒေသခံအချင်းချင်း၏ ဘာသာစကားဖြင့် နားလည်သိရှိနိုင်ကာ မိမိတို့နေထိုင်ကြီးပြင်းရာ အမျိုးသားဥယျာဉ်ကြီး၏ ဧရိယာအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထဲထဲဝင်ဝင်သိရှိလာစေမည်ဖြစ်သည်။

**အသိပညာပေးနည်းလမ်းများဖြင့်**

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် ဟိမဝန္တာတောင်တန်းများနှင့် ဆက်စပ်လျက်ရှိပြီး မြန်မာပြည်မြောက်ဖျား ဆီးနှင်းဖုံးလွှမ်းရာ ဧရိယာလည်းဖြစ်သည်။ ဧရာဝတီမြစ်၏ အဓိကအရေးကြီးသော မြစ်ဖျားခံရာဒေသဖြစ်ခြင်း၊ သဘာဝအနေအထားကောင်းမွန်ပြီး ဇီဝမျိုးစုံမျိုးကွဲများ စုံလင်ခြင်း၊ အဖိုးတန်ဆေးဖက်ဝင်အပင်များ ပေါက်ရောက်ခြင်းနှင့် ရှားပါးသစ်ခွမျိုးစိတ်များစွာ တည်ရှိခြင်းတို့ကြောင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ရေရှည်တည်တံ့စေရေးအတွက် ဒေသခံများအား စည်းရုံးပညာပေးခြင်း၊ ညွှန်ကြားချက်များနှင့်အညီ ဒေသအာဏာပိုင်အဖွဲ့အစည်းများကိုယ်တိုင် သိရှိနားလည်၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ပူတာအိုမြို့၊ မြို့မဈေးနှင့် လေယာဉ်ကွင်းဈေးတို့တွင် ဆောင်းခိုငှက်များ ထိန်းသိမ်းကာကွယ်ရေးနှင့် တောရိုင်းတိရစ္ဆာန်များ၏အသားများနှင့် ဆက်စပ်ပစ္စည်းများ မရောင်းချရေးတို့ကို ပညာပေးခြင်း၊ ပူတာအိုမြို့၏ မြို့မဈေးနှင့် လေယာဉ်ကွင်းဈေးတို့တွင် ပညာပေးပိုစတာများစိုက်ထူခြင်း၊ ဒေသခံဈေးများတွင် အသိပညာပေးဟောပြောခြင်း၊ တားမြစ်ဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် အခြေခံပညာကျောင်းများ၊ အိမ်တွင်းမှုသင်တန်းကျောင်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးကျောင်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်း စသည့်နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာပြည်သည် ပထဝီအနေအထားအရ လှပဆန်းကြယ်သည့်အပြင် ဥတုသုံးလီနှင့်အညီ လိုက်လျောညီထွေစွာတည်ရှိသော တောင်ပေါ်၊ မြေပြန့်နှင့် ပင်လယ်ကမ်းရိုးတန်းဒေသတို့ဖြင့် ရာသီအလိုက် လှပလျက်ရှိသည်။ အထူးသဖြင့် မြန်မာပြည်မြောက်ဖျား ရေခဲဖုံးလွှမ်းလျက်ရှိသည့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ကြီးအပါအဝင် အမျိုးသားဥယျာဉ်ကြီးများ၊ ဘေးမဲ့တောများ၊ တိရစ္ဆာန်ဥယျာဉ်များ၊ ဥယျာဉ်ကြီးများနှင့် ဆင်စခန်းများစွာ တည်ရှိသောကြောင့် ပြည်တွင်း/ပြည်ပခရီးသွားတို့အတွက် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများအနေဖြင့် လေ့လာအပန်းဖြေရာနေရာများစွာ တည်ရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီးအား ဇီဝသဘာဝ ထိန်းသိမ်းရေးနယ်မြေအဖြစ်လည်းကောင်း၊ အမျိုးသားဥယျာဉ်အဖြစ်လည်းကောင်း၊ အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် လည်းကောင်း သတ်မှတ်ထိန်းသိမ်းထားလျက်ရှိသည်။ နိုင်ငံအတွက် တန်ဖိုးဖြတ်၍မရသော သဘာဝအရင်းအမြစ်များစွာတည်ရှိလျက်ရှိပြီး တစ်နှစ်တာပတ်လုံး ရေခဲဖုံးလွှမ်းလေ့ရှိသည့် မြန်မာပြည်မြောက်ဖျားမှ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီးသည် နိုင်ငံအတွက်၊ တိုင်းရင်းသားညီအစ်ကိုတို့အတွက် ဂုဏ်ယူမြတ်နိုးတန်ဖိုးထားရမည့် နေရာတစ်ခုဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပုံပြင်

# မောင်ခွေးနှင့် မအေး

မင်းယုဝေ

လွန်လေပြီးသောအခါ အလွန်ဆင်းရဲသော သစ်ခုတ်သမား လင်မယားနှစ်ယောက်ရှိသည်။ သူတို့တွင် သားကလေးတစ်ယောက်နှင့် သမီးကလေး တစ်ယောက်ရှိသည်။ ကလေးများကို မောင်ခွေးနှင့် မအေးဟု အမည်ပေးထား၏။ မိခင်သည် သမီးငယ် မအေးကို မွေးဖွားပြီးနောက် မကြာမီပင်ကွယ်လွန် သွားရှာ၏။ ထိုအခါဖခင်က နောက်အိမ်ထောင်ပြု လိုက်ရာ ကလေးများမှာ မိထွေးနှင့်နေရလေတော့ သည်။

မိထွေးသည် စိတ်ထားဆိုးယုတ်သူ မဟုတ် သဖြင့် ကလေးများကို ချစ်ခင်ကြင်နာပေသည်။ သို့ရာ တွင် သစ်ခုတ်သမားသည် ဆင်းရဲလှသဖြင့် မိသားစု ဝလင်အောင် အစာရေစာ ရှာဖွေမကျွေးနိုင်ချေ။ ထို့ကြောင့် သူတို့သည် အထူးပင်စိတ်မချမ်းမြေ့ခြင်း ဖြစ်နေကြလေသည်။

တစ်ညအိပ်ရာဝင်ခါနီးတွင် မိထွေးသည် ယောကျ်ားဖြစ်သူအား..

“အမောင်၊ ကျွန်မတို့မှာ အလွန်ဆင်းရဲကြသည်။ ကလေးများမှာလည်း မဝရေစာသာ စားနေကြရ သည်။ အထူးသဖြင့် ယခုအခါတွင် အိမ်၌သိုမှီးထား သော စားစရာအနည်းငယ်မှာ ကုန်လုနီးပါပြီ။ သည်အတိုင်းဆိုလျှင် မကြာမီအားလုံးဒုက္ခရောက် ကုန်ကြတော့မည်။ သို့ဖြစ်ရမည့်အတူ ကလေးများကို တောထဲ၌ သွားရောက်ပစ်ထားရလျှင် ကောင်းလိမ့် မည်ထင်သည်”ဟုဆို၏။ ထိုစကားကိုကြားလျှင် ဖခင်ဖြစ်သူသည် လွန်မင်းစွာတုန်လှုပ်သွားလေတော့ ၏။

“မဖြစ်နိုင်ပါ ရှင်မ၊ အသို့လျှင် ငါတို့၏ကလေး များကို စွန့်ပစ်နိုင်ပါအံ့နည်း။ ကလေးတို့သည် သားရဲ တိရစ္ဆာန်တို့လက်ချက်ဖြင့် အသက်သေဆုံးကြရမည် ကို သင်ရှုရက်ပါသလော” ဟု သူကပြောဆိုငြင်းဆန် လေ၏။ သို့ရာတွင်မယားဖြစ်သူသည် အတန်တန် သွေးဆောင်ပြောဆိုလေရကား နောက်ဆုံးတွင် သစ်ခုတ်သမားသည် သဘောတူလိုက်ရလေတော့၏။

သူတို့တိုင်ပင်ပြောဆိုကြသော စကားအားလုံး ကို အိပ်မပျော်သေးသော မောင်နှမနှစ်ဦးသည် ကောင်းစွာကြားလိုက်လေသည်။ မိထွေးနှင့် ဖခင် ကား ထိုအကြောင်းကို မသိပေ။ မအေးသည် မိဘ တို့၏ ပြောသံကိုကြားလျှင် ထိတ်လန့်သဖြင့် ပြင်းစွာ ငိုယိုလေ၏။ မောင်ခွေးသည် ညီမငယ်အား မငိုရန် ချော့မော့သည်။ သူ့တွင်လွတ်မြောက်နိုင်သည့် နည်းလမ်းရှိကြောင်း ပြောဆိုနှစ်သိမ့်လေသည်။

ဖခင်နှင့် မိထွေးတို့ အိပ်ပျော်ကြလျှင် မောင်ခွေး သည် တဲပြင်သို့ တိတ်တဆိတ်ထွက်၏။ သူသည် လရောင်တွင်မြင်ရသော ဖြူဖွေးသည့်ကျောက်စရစ်ခဲ လေးများကို ကောက်ယူကာ အင်္ကျီအိတ်ထဲတွင် အပြည့်ထည့်လေသည်။ နောက်တစ်နေ့နံနက်၌ သူတို့သည် တောထဲသို့ မိဘများနှင့်အတူ လိုက်ပါ သွားကြရသည်။ သို့သွားရာတွင် မောင်ခွေးသည် လမ်းကွေ့တစ်ခုသို့ရောက်တိုင်း ကျောက်စရစ်ခဲတစ်ခု ပစ်ချထားခဲ့သည်။ ထိုခဲများအတိုင်း မှတ်သားကာ အိမ်သို့ပြန်မည်ဟု သူကကြံစည်ထားလေသည်။ တောလယ်ကောင်သို့ ရောက်သောအခါ ဖခင်သည် မီးဖိုသည်။ ထို့နောက် အားလုံးဝိုင်းထိုင်ကာ ပါလာ သော စားစရာအနည်းငယ်ကို စားသောက်ကြ၏။ ပြီးလျှင် မိထွေးက ကလေးများအား သူတို့ပြန်မလာ မချင်းအိပ်နေရန် မှာကြားကာ ဖခင်ကိုခေါ်၍ ထွက်သွားလေ၏။ သူတို့သည် မိုးချုပ်သည့်တိုင် ပြန်မလာချေ။ ကလေးများလည်း သူတို့အား မိဘများ စွန့်ပစ်သွားကြောင်း အိပ်ရာမှနိုးလျှင်ပင် ရိပ်မိကြ လေသည်။

သို့ရာတွင် မောင်ခွေးသည် ထိတ်လန့်ခြင်း မဖြစ် ချေ။ လထွက်လာသောအခါသူသည် ညီမဖြစ်သူ မအေးအားခေါ်၍ ကျောက်စရစ်ခဲများရှိသည့် လမ်း အတိုင်းလာခဲ့ကြလေသည်။ ထို့ကြောင့် များမကြာ မီပင် သူတို့မောင်နှမသည် မိဘများ၏အိမ်သို့ ပြန်လည်ရောက်ရှိကြလေသည်။ ဖခင်ဖြစ်သူကား သူတို့ကိုမြင်လျှင် အလွန်ပင်ဝမ်းမြောက်ဝမ်းသာရှိရှာ သည်။ မိထွေးမှာမူ ဝမ်းသာသည့်အမူအရာကို ပြသော် လည်း စိတ်ထဲ၌ကား မကျေမချမ်းဖြစ်နေလေသည်။

ထို့ကြောင့် သူသည် ယောကျ်ားဖြစ်သူအား ကလေးများကို တောထဲသို့ သွားရောက်စွန့်ပစ်ရန် ထပ်မံတိုက်တွန်းပြန်၏။ ဖခင်ကမူ ရှိသမျှကိုမျှတ စားမည်၊ နောက်ဆုံးတစ်နေ့ ငတ်သည့်အခါလည်း အတူပင်အငတ်ခံကြမည်ဟုဆိုသည်။ မည်သို့ပင် ဖြစ်စေ သူသည်နောက်ဆုံးတွင် မယားစကားကို နားထောင်ကာ ကလေးများကို စွန့်ပစ်ရန်သဘောတူ လိုက်ပြန်လေသည်။

ထိုညတွင် မိခင်သည် တံခါးများကို သော့ခတ်၍ သော့ကို သိမ်းယူထားသည်။ ဤတွင် မောင်ခွေးသည် ထိုညအဖို့ အိမ်ပြင်သို့ထွက်၍ ကျောက်စရစ်ခဲများ မကောက်နိုင်တော့ချေ။ ထို့ကြောင့် နောက်တစ်နေ့ တောထဲသို့သွားသည့်အခါတွင် မောင်ခွေးသည် သူ စားရန် ယူလာသောမုန့်ကို ဖဲ့၍လမ်း၌ချခဲ့လေသည်။ တောထဲသို့ရောက်သည့်အခါ ရှေးနည်းတူမိဘများက သူတို့ကိုထားခဲ့ကာထွက်သွားကြပြန်သည်။ ကလေး တို့သည် အိပ်ရာမှနိုးကြသောအခါ မိဘများကို မတွေ့ တော့ချေ။ သို့ဖြင့် မောင်ခွေးမှတ်ခဲ့သည့် လမ်းအတိုင်း အိမ်ပြန်မည်ပြုကြ၏။ သို့သော် မောင်ခွေးချခဲ့သော မုန့်ပဲများကို ငှက်များက ကိုက်ချီပြေးကြသဖြင့် လမ်း ပျောက်နေလေတော့၏။ သူတို့သည် စိတ်မှန်းဖြင့်သာ လျှောက်၍သွားကြရသည်။ ဤတွင် အိမ်သို့မရောက် ဘဲ တောနက်ထဲသို့သာ ရောက်ရှိလေသည်။


နောက်တစ်နေ့၌ သူတို့သည် တောထဲ၌ တွေ့ရ သည့် သစ်ဥ၊ သစ်ဖုတို့ကို စားကာ ဆက်လက်သွားကြ ပြန်၏။ သူတို့သည် ညအခါတွင် သစ်ပင်ကြီးများ အောက်၌ အိပ်စက်ကြ၏။ တတိယနေ့တွင် သူတို့ သည် ဆာလောင်သဖြင့် လဲကျတော့မည်ကဲ့သို့ ရှိလေ သည်။ ထိုခဏ၌ အလွန်ထူးဆန်းသော အိမ်ကလေး တစ်လုံးကို သူတို့တွေ့ရှိကြလေသည်။ ထိုအိမ်မှာ အမိုးကို မုန့်ချပ်များဖြင့် ဆောက်လုပ်ထားသည်။ ပြတင်းမှန်များကို ကြည်လင်သော သကြားပြား များဖြင့် တပ်ဆင်ထားသည်။ မောင်ခွေးသည် ညီမ ဖြစ်သူကို ဝမ်းသာအားရလက်တွဲခေါ်သည်။

ထို့နောက်သူတို့သည် မုန့်ချပ်များနှင့် သကြား ပြားများကို အဝစားကြလေ၏။ ထိုအခိုက်အမယ်အို တစ်ယောက်သည် တံခါးဝတွင်ပေါ်လာကာ သူတို့ အားကြည့်နေသည်ကို တွေ့ရလေသည်။ ကလေးများ လည်းကြောက်ရွံ့သဖြင့် ငေး၍သာနေကြကုန်၏။ အမယ်အိုသည် ပြုံးချိုသောမျက်နှာဖြင့် သူတို့အား အိမ်ထဲသို့ဝင်ရန် ခေါ်၏။ ကလေးများက မဝံ့မရဲဖြစ်နေ သောအခါ လက်များကိုဆွဲ၍ခေါ်၏။ အိမ်ထဲသို့ ရောက်သော် အမယ်အိုက သူတို့အား နွားနို့၊ မုန့်၊ သစ်သီး စသည်တို့ကိုအဝကျွေးလေသည်။ ညအချိန် ရောက်သောအခါလည်း နွေးထွေးနူးညံ့သော အိပ်ရာ များ၌ အိပ်စက်စေလေသည်။ ကလေးတို့သည် ပင်ပန်းလွန်းလှသဖြင့် နှစ်ခြိုက်စွာအိပ်ပျော်သွားကြ သည်။ သူတို့စိတ်ထဲတွင် သူတို့သည် နတ်ပြည်သို့ ရောက်နေပြီဟူ၍ပင် တွေးထင်မိကြသည်။ သို့သော် သူတို့အိပ်ပျော်စဉ် အမယ်အိုသည်အနီးသို့ လာကာ “အလွန်ချိုမြိန်ဖွယ် အစာများပေတကား” ဟုရေရွတ် သည်ကို ကြားလိုက်မိသလိုလည်းရှိလေသည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





## ကဗျာ

# မြကန်ရိပ်ဝယ်

❖ ဤယနေ့မှာဖြင့်
ကြည်မွေ့ ငါတစ်ကိုယ်ပ
မြရောင်စို ကျောက်ညိုထက်ဆီသို့
လှမ်းတက်ကာ လာခဲ့တုန်းမှာလ
ကျောက်လုံးတွေ ခြေရှေ့ရံတဲ့
မြရေကန် ကြည်ကြည်လေ့ကိုဖြင့်
တွေ့ခဲ့ရတောင်လယ်ဗွေ။

❖ တကယ်အေးပါဘိ
မြသွေး ရေပြာကြည်ငဲ့
ငွေတာရီ ထိုင်တကျုံ့ငယ်နှင့်
ကန်ရေယဉ် မှန်ပြင်ငုံ့မိတော့
ချိုပြုံးရယ်တရှင်နဲ့
မျက်နှာပြင် ပုံသွင်ရိပ်ရယ်ကြောင့်
တွေးစိတ်ကထွေ။

❖ မေလှခင် ရှုမငြီးပေလ
ဩော်- ရေနတ်ရှင် သူ့သမီးပေထင့်
အံ့ချီး မကုန်နိုင်ဘူ့
ပီတိဟုန် လွှမ်းခြုံမှုန်းသည်ကြောင့်
ပြုံးမိတော့ သူကလေ
ပြန်ပေလို့ ပြုံးရှာသေး။

❖ သိပါပေါ့လေ
ငါနှင့် ငါသာပေပေါ့
မြကန်ရေ သည်အရိပ်ကိုလ
တွေးစိတ်ဝယ် ထင်နှစ်ကိုယ်မို့
ပြုံးချိုချို တစ်ကိုယ်ရှုးပုံဖြင့်
ဘယ်ဘယ်သူ မမြင်ဘူးဟာမို့
'တော်သေးသည်' သည်စိတ်ကူးရယ်နဲ့
ကြည်နူးစွာ ပြန်လို့လှမ်းရာက
ဝမ်းမြောက်မိလေး။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



(ဆက်လက်ဖော်ပြပါမည်)

လူမှု
၁၀

## လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

### တိန့်ရှောင်ဖိန်

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

တိန့်ရှောင်ဖိန်သည် တရုတ်နိုင်ငံကို ကမ္ဘာ့အကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်လာရန် ပြောင်းလဲခဲ့သူဖြစ်သည်။ တိန့်ရှောင်ဖိန်သည် ၁၉၀၄ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် (၉၃) နှစ်ရှိပြီဖြစ်သည်။

တိန့်ရှောင်ဖိန်သည် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလမှ ၁၉၈၉ ခုနှစ် နိုဝင်ဘာလအထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အဓိကခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် တရုတ်တော်လှန်ရေးခေါင်းဆောင်စစ်ဦးစီးချုပ်နှင့် နိုင်ငံခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ မော်စီတုံးကွယ်လွန်ခဲ့ပြီးနောက် ၁၉၆၉ ခုနှစ်တွင် တိန့်ရှောင်ဖိန်သည် တဖြည်းဖြည်းအာဏာရလာခဲ့ပြီး တရုတ်နိုင်ငံကို ဈေးကွက်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။ ထို့ကြောင့် တိန့်ရှောင်ဖိန်ကို "ခေတ်သစ်တရုတ်နိုင်ငံ၏ ဗိသုကာပညာရှင်" အဖြစ် သတင်းရရှိစေခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံကို ဂျီဒီပီဖြင့်ကြည့်လျှင် ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်လာအောင် ပံ့ပိုးကူညီခဲ့သည်။

တိန့်ရှောင်ဖိန်သည် ချင်မင်းဆက်ရှိ စီချွမ်ပြည်နယ်တွင် မွေးဖွားခဲ့သည်။ ၁၉၂၀ ပြည့်နှစ်လွန်ကာလများတွင် သူသည် ပြင်သစ်နိုင်ငံတွင် ပညာသင်ကြားကာ အလုပ်လုပ်ခဲ့ပြီး မာ့က်စ်-လီနင်ဝါဒီ၏ နောက်လိုက်တစ်ဦးဖြစ်လာကာ ၁၉၂၄ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ (CCP)သို့ ဝင်ရောက်ခဲ့သည်။ ၁၉၂၆ ခုနှစ်အစောပိုင်းတွင် တိန့်ရှောင်ဖိန်သည် မော်စကိုမြို့သို့သွားရောက်ခဲ့ပြီး ကွန်မြူနစ်အယူဝါဒများကိုလေ့လာကာ တရုတ်ပြည်သို့ပြန်လာသောအခါ တပ်နီတော် (Red Army) အတွက် နိုင်ငံရေးကော်မရှင်အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၁၉၂၉ ခုနှစ်နှောင်းပိုင်းတွင် သူသည် Guangxi တွင် ဒေသခံတပ်နီတော်အုံကြွမှုကို ဦးဆောင်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် မော်စီတုံးအားထောက်ခံမှုကြောင့် ပါတီတွင်းရာထူးမှ ဖယ်ရှားခံခဲ့ရသော်လည်း Zuhyi ညီလာခံတွင် ထပ်မံရာထူးတိုးခြင်းခံခဲ့ရသည်။ တိန့်ရှောင်ဖိန်သည် ခရီးရှည်ချီတက်ပွဲ Long March (၁၉၃၄-၁၉၃၅)၊ ဒုတိယ တရုတ်-ဂျပန်စစ်ပွဲ (၁၉၃၇-၁၉၄၅) နှင့် တရုတ် ပြည်တွင်းစစ် (၁၉၄၅-၁၉၄၉) တို့တွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (PRC) ကို ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တည်ထောင်ပြီးနောက် တိန့်ရှောင်ဖိန်သည် တိဗက်တွင်သာမက တရုတ်အနောက်တောင်ပိုင်းတွင် ဒေသဆိုင်ရာ ပါတီအကြီးကဲအဖြစ် CCP ထိန်းချုပ်မှုကို စုစည်းရန်အတွက် ၁၉၅၂ ခုနှစ်အထိ ဗဟိုအစိုးရတွင် တာဝန်ထမ်းဆောင်ရန် ဘေကျင်းသို့ပြန်လာခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ပြည်သူ့လွတ်လပ်ရေးတပ်မတော် (PLA) မှ ရုရှားပုံစံအဆင့်သတ်မှတ်မှုစနစ်ကို လက်ခံကျင့်သုံးသောအခါ တိန့်ရှောင်ဖိန်အား သူလက်ခံရန် ငြင်းဆိုခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မာရှယ် (Marshal) ရာထူးအတွက် ရွေးချယ်ခံခဲ့ရသည်။ သူသည် မော်စီတုံးလက်ထက်တွင် ပါတီ၏အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၀ ပြည့်နှစ်နှောင်းပိုင်းတွင် ဝန်ကြီးချုပ်ချူအင်လိုင်းလက်ထက်တွင် ဒုတိယဝန်ကြီးချုပ်တာဝန်ယူခဲ့ရသည်။ သူသည် မော်မှစတင်ခဲ့သော လက်ယာဆန့်ကျင်ရေးလှုပ်ရှားမှု (၁၉၅၈-၁၉၆၀) တွင် ပါဝင်ခဲ့ပြီး တရုတ်နိုင်ငံ၏စီးပွားရေး ပြန်လည်ထူထောင်ရေးတွင် အရေးပါလာခဲ့သည်။ သို့ရာတွင် သူ၏လက်ယာယိမ်းနိုင်ငံရေး ရပ်တည်ချက်နှင့် စီးပွားရေးမူဝါဒများသည် ပျက်ပြားသွားစေခဲ့ပြီး ယဉ်ကျေးမှုတော်လှန်ရေး (၁၉၆၆-၁၉၇၆) တွင် နှစ်ကြိမ်ရှင်းလင်းခြင်းခံခဲ့ရသည်။

၁၉၇၆ ခုနှစ်တွင် ဥက္ကဋ္ဌကြီးမော် သေဆုံးသွားသောအခါ အနောက်တိုင်းသားတို့က တရုတ်ပြည်ကြီး အမှောင်ခေတ် (Dark Ages) မှ လွတ်မြောက်သွားပြီဟု တင်စားခဲ့ကြသည်။ မော်စီတုံးနေရာဆက်ခံသော တိန့်ရှောင်ဖိန်သည် လုပ်သင့်သည်ကို စဉ်းစားချင့်ချိန်ပြီးလုပ်သည်။ တိန့်ရှောင်ဖိန်၏ အလွန်ညင်သာပျော့ပျောင်းပြီး ပညာသားပါလှသော ပြုပြင်ပြောင်းလဲမှုများကြောင့် တရုတ်ပြည်သူတို့၏ဘဝမှာ တဖြည်းဖြည်းလွတ်လပ်လာသည်။ ဆင်းရဲမွဲတေမှုများပပျောက်ကာ လူနေမှုအဆင့်အတန်း တဖြည်းဖြည်းမြင့်တက်လာသည်။ သူသည် ၁၉၇၈ ခုနှစ်မှစတင်၍ ပြုပြင်ပြောင်းလဲရေးမူဝါဒနှင့် တံခါးဖွင့်လမ်းစဉ်ကို ကျင့်သုံးခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် တိန့်ရှောင်ဖိန်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအောင်မြင်နေသော်လည်း ကျန်းမာရေးချို့ယွင်းလာမှုကြောင့် ဆက်ခံသူများကို အာဏာလွှဲပေးခဲ့သည်။

၁၉၇၈ တစ်နှစ်တာကာလအတွင်း တိန့်ရှောင်ဖိန်၏ တစ်နိုင်ငံစနစ်နှစ်မျိုး မူဝါဒအရနိုင်ငံရေးတွင် ပြုပြင်ပြောင်းလဲသောသဘောထားပျော့ပျောင်းသည့် ကွန်မြူနစ်စနစ်ကို ဆက်လက်ကျင့်သုံးနေသော်လည်း စီးပွားရေးတွင် ဈေးကွက်စီးပွားရေးအရ တံခါးဖွင့်စီးပွားရေးဝါဒကျင့်သုံးပြီး နိုင်ငံတကာကို လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။ ၁၉၇၉ ခုနှစ်မှစတင်သော စီမံကိန်းများသည် ၁၉၈၅ ခုနှစ်တွင် အများစုအောင်မြင်ခဲ့သည်။

တရုတ်ပြည်သည် ၁၉၇၈ ခုနှစ် မတ်လတွင် တိန့်ရှောင်ဖိန် ထိပ်တန်းခေါင်းဆောင်ဖြစ်ပြီးနောက် ၁၉၈၅ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းစက်မှုနိုင်ငံကြီးဖြစ်လာခဲ့သည်။

တိန့်ရှောင်ဖိန်သည် မော်စီတုံး၏ လှေနံဓားထစ်တရားသေဝါဒကို တိုက်ဖျက်ရန် "ပြည်သူကြားမှ အမှန်ရှာ ဟူသော သဘောတရား"နှင့် "ကြောင်၏ အရောင် အဖြူအမည်းသည် အဓိကမဟုတ်၊ ကြွက်ဖမ်းနိုင်ရေးသာ အဓိက" ဟုဆိုခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ပုဂ္ဂလိကစီးပွားရေးအလွန်အားကောင်းလာသဖြင့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု ကွာခြားခြင်း မရှိတော့ချေ။ ပြည်နယ်ကြီး လေးခုတွင် အထူးစီးပွားရေးဇုန်များ တည်ထောင်ပေးခဲ့သည်။ စက်မှုလယ်ယာစနစ်ကို တည်ထောင်ပေးခဲ့သည်။ ရာထူးပေးရာတွင် အရည်အချင်းရှိသူများကို ဦးစားပေးခဲ့သည်။ တိန့်ရှောင်ဖိန်သည် ကမ္ဘာပေါ်တွင် အတော်ဆုံးသော ပြုပြင်ရေးသမားကြီးဖြစ်သောကြောင့် "၁၉၈၅ ခုနှစ်တွင် တစ်နှစ်တာ၌ အတော်ဆုံးသောပုဂ္ဂိုလ်" (Man of the year)အဖြစ် ကမ္ဘာကျော်တိုင်းမ်မဂ္ဂဇင်းကြီးတွင် ဂုဏ်ပြုဖော်ပြခြင်းခံခဲ့ရသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၃၆၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၆၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၉၀,၇၂၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၆၁၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၈,၂၁၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူတစ်ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀)ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၄-၁၂-၂၀၂၂) ရက်နေ့အထိ အသက်(၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၃၇,၆၇၃) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၉၆,၉၇၅) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၄-၁၂-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၃၇,၆၇၃ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၉၆,၉၇၅ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၀) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## ညောင်လေးပင်မြို့နယ်၌ ဘွဲ့တံဆိပ်တော်ရဆရာတော်အား ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနား ကျင်းပ

ညောင်လေးပင် ဒီဇင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ယနေ့မွန်းတည့် ၁၂ နာရီက ကမ္ဘဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ပါမောက္ခ/ဌာနမှူး ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဣန္ဒောဘာသာဘိဝံသ၏ အဂ္ဂမဟာပဏ္ဍိတ ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ကမ္ဘဋ္ဌာန်းကျောင်းတိုက်ရှိ ဒေါ်လှမြင့်ဓမ္မာရုံ၌ ကျင်းပသည်။

ပထမဦးစွာ အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီးအား နိမန္တနဂါထာ ရွတ်ဆို၍ အခမ်းအနားအဆောင်အယောင်တို့ဖြင့် အခမ်းအနားသို့ ပင့်ဆောင်ခဲ့ပြီး အခမ်းအနားသို့တက်ရောက်လာသော ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် နိုင်ငံကျော်အဆိုတော် စိုးစန္ဒာထွန်းက ထူးမခြားနားရောင်ခြည်တော်ဖွင့် သုံးပိုဒ်ဖြင့် သီဆိုပူဇော်ခဲ့ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်က ရှစ်ပါးသီလခံယူဆောက်တည်၍ မေတ္တာသုတ်ဖြင့် ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပင့်ဆောင်လာသော သံဃာတော်များအား လှူဒါန်းဖွယ်ရာများကိုလှူဒါန်းပူဇော်ခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက သာသနာရေးဆိုင်ရာ လျှောက်ထားလွှာအား ဖတ်ကြားလျှောက်ထားခဲ့သည်။ ထို့နောက် ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝိနယပိဋ္ဋကမဟာဌာန ဦးစန္ဒိမာက ဘွဲ့ခံဆရာတော်အား ဂုဏာဘိတ္ထဝဂါထာများဖြင့် ပူဇော်ခဲ့သည်။

၎င်းနောက် ဘဒ္ဒန္တအာစိဏ္ဏက ဘွဲ့ခံဆရာတော်၏ ထေရုပ္ပတ္တိအား ဖတ်ကြားပူဇော်ခဲ့ပြီးနောက် နိုင်ငံကျော်အဆိုတော် စိုးစန္ဒာထွန်းက မဟာမင်္ဂလာရတုပိုဒ်စုံနှင့် ရှစ်ဆယ်ပေါ်တေးထပ်ကို စောင်းဆရာနှင့် တွဲဖက်၍ သီကျူးပူဇော်ခဲ့ကာ တပည့်ဒါယကာ ဒါယိကာမများက ပစ္စယာနုဂ္ဂဟများဖြင့် လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာ၌ VDPစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

ဟုမ္မလင်း ဒီဇင်ဘာ ၂၅

စစ်ကိုင်း တိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ခေါင်ခမ်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟုမ္မလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေ၊ မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေ၊ VDP စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ခေါင်ခမ်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ခေါင်ခမ်းကျေးရွာတွင် အလျား ပေ ၄၅၀၊ အနံ ၁၂ ပေနှင့် အမြင့် ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူလူထုလုပ်အား ထည့်ဝင်ငွေကျပ် ၂ ဒသမ ၂၉ သန်းတို့ကို အသုံးပြုကာ ဦးစီးဌာန၏ နည်းပညာ ပံ့ပိုးကူညီမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၂၂

## စိုက်ပျိုးရေးသိပ္ပံ(သထုံ)၌ ကျောင်းတွင်းအားကစားပြိုင်ပွဲများ ကျင်းပ

သထုံ ဒီဇင်ဘာ ၂၅

မွန်ပြည်နယ် သထုံမြို့နယ် မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံ (သထုံ)ကျောင်းတွင် ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်ပြီး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းတွင်း



အားကစားပြိုင်ပွဲများကို ယနေ့ နံနက်မှစတင်ကာ ကျင်းပပေးခဲ့သည်။

အားကစားပြိုင်ပွဲများဖွင့်လှစ်ရာတွင် စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ထွေးက ကျောင်းသား ကျောင်းသူများအနေဖြင့် ပျော်ရွှင်စွာပညာသင်ကြားနိုင်ပြီး စည်းစည်းလုံးလုံးဆောင်ရွက်တတ်စေရန်နှင့် ကျောင်းသား ကျောင်းသူများအချင်းချင်း ရင်းရင်းနှီးနှီးရှိစေရန် ရည်ရွယ်ချက်များဖြင့် အားကစားပြိုင်ပွဲများကို ကျင်းပပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အားကစားပြိုင်ပွဲများအား ကျင်းပပေးရာ ထုပ်ဆီးတိုး၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်ဘောလုံး၊ ကြက်တောင်ရိုက် စသည့် အားကစားပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်တို့က တပျော်တပါး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဆေးလိပ်၊ ကွမ်းယာ မသုံးစွဲပါလျှင်

**ထက်ဝေအောင်(စစ်ကိုင်း)**



လူ့သဘာဝအရ မကောင်းမှုနှင့် ကောင်းမှုကို ယှဉ်ပါလျှင် ကောင်းမှုပြုကာ စိတ်ကိုစင်ကြယ်အောင်ထားသူက အနည်းငယ်သာရှိသည်။ ကုသိုလ်၊ အကုသိုလ်တရား ပြုရာတွင်လည်း အကုသိုလ်စိတ်ဖြင့် ပြုလုပ်ခြင်းကသာ ပိုများသည်ကို လေ့လာတွေ့ရှိရသည်။ လူသည် မကောင်းမှုတွင် နှစ်ခြိုက်ပျော်ဝင်လေ့ရှိကြသည်ဟုဆိုလျှင် မမှားနိုင်ပေ။ စိတ်အစွဲက အမြဲထာဝရအတွက် မကောင်းပေ။ သွားမြဲလာမြဲဘဝများတွင် စိတ်၏အစွဲများကို ချန်ထားရစ်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ အဆိုပါ စိတ်အစွဲများကို ဖြေဖျောက်ရာတွင် ခိုင်မာသောစိတ်ဓာတ်ကို အဖော်ပြုရမည်ဖြစ်သည်။ ပျော့ညံ့သောစိတ်သည် မှီခိုသည်။ ခိုင်မာတောင့်တင်းသောစိတ်သည် မည်သည့်အရာဝတ္ထုကိုမျှ မှီခိုခြင်းမရှိ မိမိစိတ်ကိုသာ အဖော်ပြုတည်ဆောက်သည်။

**အမှန်အမှားခွဲခြားနိုင်စွမ်း**

တစ်နေ့တာဘဝ စင်ကြယ်လှပရေး စိတ်ကိုဖြူအောင် ထားရပေသည်။ စိတ်မကြည်လင်လျှင် အလုပ်မတွင်ပေ။ စိတ်၏အားကိုးရာသည် သတိဖြစ်သည်။ သတိကို အဖော်ပြုလျှင် ရဲရင့်သည်။ စစ်မှန်သောရဲရင့်မှုဖြင့် နေ့စဉ်ဘဝ လုပ်ဆောင်ဖွယ်ကိစ္စများစွာကို အမှန်အမှားခွဲခြားနိုင်စွမ်းအားဖြင့် ရှေ့ဆက်နိုင်သည်။ စိတ်၏မှီခိုစွဲလမ်းမှုအကြောင်းတရားများကို လေ့လာကြည့်လျှင် အရက်၊ ဆေးလိပ်နှင့် ကွမ်းယာတို့ကို အခြေပြု၍ နှစ်ခြိုက်စွာမှီဝဲသုံးစွဲမှုအခြေအနေကိုတွေ့ရသည်။ မျက်မှောက်ကာလတွင် အရက်၊ ဆေးလိပ်နှင့် ကွမ်းယာနှစ်ခြိုက်သူများကို နေရာတိုင်းတွင် တွေ့ရှိရသည်။ အရွယ်သုံးပါးစလုံး အရက်၊ ဆေးလိပ်နှင့် ကွမ်းယာကို ဘဝအတွင်းဆွဲခေါ်ပြီး သက်မဲ့ပစ္စည်းစွဲလမ်းမှုကိုဖြစ်စေခဲ့သည်။

စမ်းသပ်မှုသည် ပထမဦးဆုံးခြေလှမ်းဖြစ်ပါသည်။ အစကောင်းမှ အနှောင်းသေချာ ဆိုစကားရှိပေသည်။ လူငယ်များ ဆေးလိပ်၊ ကွမ်းယာကို တစ်ဖွာ၊ တစ်ယာက စတင်သုံးစွဲကြသည်။ မစသင့်သော အစကနဦးလုပ်ရပ်ဖြစ်ပါသည်။ ဆေးလိပ်၊ ကွမ်းယာသည် လူငယ်များ၏ ရန်သူဖြစ်ပါသည်။ ပညာရေး၏ ဆူးငြောင့်ခလုတ်လည်း ဖြစ်သည်။ တစ်ဖွာတစ်ရှိုက်သည် ပြဿနာမဟုတ်သော်လည်း နေ့စဉ်ရက်ဆက်လာလျှင် ဘဝအတွက် ပြဿနာဖြစ်လာနိုင်သည်။ မသောက်ရမနေနိုင်၊ မသုံးရ မစားနိုင်ဖြစ်သွားနိုင်သည်။ လူငယ်လူရွယ်ကလေးများ သတိကြီးကြီးထားရှိသင့်ပါသည်။ ဆေးလိပ်၊ ကွမ်းယာ၊ အရက်များကို အဖျက်အမှောင့်ရန်သူပမာ သတ်မှတ်ရှောင်ရှားမှသာ မူးယစ်ကင်းစင် မြန်မာပြည်တစ်ခွင်ဖြစ်မည်ပင်။

ဆေးလိပ် ဘာကြောင့်သောက်သနည်း။ ကွမ်းယာဘာကြောင့်စားသနည်း။ ဆေးလိပ်မကောင်းကြောင်း၊ သောက်သုံးရန်မသင့်ကြောင်း ရှေ့သွားပုဂ္ဂိုလ်များစွာက လမ်းညွှန်ပြခဲ့သည်။ ကျန်းမာရေးရှုထောင့်မှ သောက်သုံးရန်မသင့်ကြောင်း ကျန်းမာရေးဌာနများကလည်း အခါမလပ်နှိုးဆော်ခဲ့သည်။ အနီးစပ်ဆုံး ဆေးလိပ်ဘူးတွင်ပင် **"ဆေးလိပ်သောက်ခြင်းက ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်သည်"**ဟု ဖော်ပြထားသည်။ အမှန်တကယ်လည်း ဆေးလိပ်သောက်ခြင်းက ကျန်းမာရေးကို ဘက်ပေါင်းစုံမှ ဆိုးရွားစွာထိခိုက်စေနိုင်ပါသည်။

စိတ်ဆာလောင်မှု ဗဟိုပြုနေသည့် ဆေးလိပ်၊ ကွမ်းယာသုံးစွဲမှုသည် သုံးစွဲသူတိုင်းကို မသိမသာဖျက်ဆီးလေ့ရှိသည်။ သုံးစွဲသူလူအချို့က ဆေးလိပ်၊ ကွမ်းယာကို အပြစ်မမြင်နိုင်အောင် ချစ်ခင်နေကြလေပြီ။ ဆေးလိပ်ကို ဟန်ပါပါလက်ကြားညှပ်ရသည်ကို နှစ်သက်ဟန်တူသည်။ အဖွာအရှိုက်လုပ်ပြီး မီးခိုးငွေ့များ မှုတ်ထုတ်ရသည်ကို သဘောကျပုံရသည်။ ဆေးလိပ်ဘူးကို အိတ်ထဲထည့်ဆောင်သည်။ ကွမ်းယာဆိုင်ပေါက်စေ့ ရောက်အောင်သွားသည်။ ထုံးအစပ်အဟပ်တည့်သည့်ဆိုင်ကို တစိုက်မတ်မတ် ရွေးချယ်သည်။ ကွမ်းယာနှင့် ဆေးလိပ်က လူကိုသိမ်းသွင်းနိုင်ခြင်းဟု ခေါင်းစဉ်တပ်နိုင်သည်။ အသိပညာရှိသည့်လူက အသိမဲ့ သက်မဲ့ပစ္စည်းများအောက်ရောက်ပြီး ကျရှုံးရသည်။ စိတ်ဆာလောင်မှုက သိပ်ကြောက်စရာကောင်းသည်။ ထမင်းစားပြီးတိုင်း ဆေးလိပ်ဖွာချင်၊ ကွမ်းဝါးချင်သည်။ အလုပ်တစ်ခု၊ မိတ်ဆွေတစ်ဦးပမာ လက်တွဲခေါ်ငင်ထားသည်။

မိမိတို့သိမ်းပိုက်ထားသည့် စိတ်ဆာလောင်မှုကို ထိန်းချုပ်သင့်ပေသည်။ ဆေးလိပ်၊ ကွမ်းယာမှတစ်ဆင့် ဖြစ်ပွားနေသောရောဂါများက တစ်နေ့တခြားများပြားလာသည်။ မစည်ကားသင့်သည့် ဆေးရုံ၊ ဆေးခန်းတွင် ရောဂါဝေဒနာခံစားနေရသူများပြည့်နှက်နေသည်။ ဆေးလိပ်၊ ကွမ်းယာဒဏ်ကို အလူးအလဲခံရသူများ၏ရင်ဖွင့်စကားသံကို နှောင်းလူတို့ သတိပြုသင့်ပေသည်။ အသက်နှင့်ရင်းပြီး လုပ်ဆောင်ခဲ့သည့် အပြုအမူအမှား၊ စိတ်အလိုလိုက်မှုအမှားများက နောက်ကျသွားခဲ့ပြီဖြစ်ပါသည်။ ပြန်လည်ပြင်ဆင်မရနိုင်သည့် ဝေဒနာဆိုးများဖြင့် အဓိပ္ပာယ်အပြည့်ရှိသော လောကကြီးကို နှုတ်ဆက်သွားကြသည်။ "ဘယ်သူပြောလဲ ဆေးလိပ်ကြောင့်သေတယ်"ဆိုသူများ အသိများနောက်ကျခဲ့ရသည်။ "ငါ့အဘိုးကသေတဲ့အထိ ကွမ်းဝါးသွားတယ်"ဆိုသူများ နောင်တများပွေ့ပိုက်၍ သင်ခန်းစာရသွားကြသည်။

**လူကို စွဲလမ်းစေသည့် ပစ္စည်းများစွာပါဝင်**

ယနေ့ခေတ် ဆေးလိပ်၊ ကွမ်းယာသည် အဆိပ်သက်သက်သာဖြစ်သည်ဟု ဆိုချင်သည်။ ဆေးလိပ်တစ်လိပ် ဖော်စပ်နည်းကို မသိရှိကြသော်လည်း လူကို စွဲလမ်းစေသည့် ပစ္စည်းများစွာပါဝင်သည်ဟု တပ်အပ်သိရှိနိုင်သည်။ ဈေးကွက်ဝင်ပစ္စည်းတစ်ခုဖြစ်ရေး စီးပွားရေးသမားအများစု ကြံဆတတ်သည်။ စီးပွားရေးအမြတ်ထွက်ရေး "ဘယ်သူသေသေ ငတေမာလျှင်ပြီးရော"စိတ်ဓာတ်မွေးမြူသည်။ ထို့အတူ ကွမ်းယာတစ်ယာကိုလေ့လာကြည့်လျှင် ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ ဆေး အချိုးအဆညီညီ ပါဝင်သည်။ ရှေးမြန်မာလူကြီးများက ကွမ်းယာတွင် ဆေးရွက်ကြီးထည့်ဝါးသည်။ ယနေ့အချိန် ကွမ်းစားဆေး အမျိုးမျိုးပေါ်ထွက်လာပြီး နိုင်တီတူး၊ နိုင်တီဖိုက် အစရှိသည့်ဆေးများကို အလွန်အကျွံသုံးစွဲလာကြသည်။ နိုင်ငံခြားဖြစ် ကွမ်းစားဆေးများ သုံးစွဲခြင်းက ခံတွင်းရောဂါမျိုးစုံ ဖြစ်ပွားနိုင်ပေသည်။ အဆုတ်၊ သွားနှင့် ခံတွင်းဆိုင်ရာရောဂါများကို အထူးဖိတ်ခေါ်သည့်ပမာတူသည်။ ဆေးလိပ်၊ ကွမ်းယာသုံးစွဲသူတိုင်း၏ ခံတွင်းရနံ့မှာ သင်းကြိုင်၍မနေနိုင်ပေ။ ခံတွင်းအနံ့ဆိုးခြင်း၊ သွားဖုံးနာခြင်း၊ သွေးယိုခြင်း၊ လျှာ၏အရသာခံနိုင်စွမ်းအား ကျဆင်းစေခြင်း၊ ခံတွင်းအတွင်း အနာများဖြစ်ခြင်း၊ သွားများပျက်စီးခြင်းနှင့် ခံတွင်းကင်ဆာဖြစ်ပွားနိုင်ခြင်း အစရှိသောဝေဒနာများရရှိနိုင်သည်။

ဆေးလိပ်၊ ကွမ်းယာမှရရှိသည့် အကျိုးကျေးဇူးမရှိနိုင်ပေ။ ဝေဒနာကို ငွေအသပြာနှင့် ဝယ်ယူနေသည့်ပမာတူသည်။ ချစ်သူ၊ ဆွေမျိုးအလား သတ်မှတ်သည်။ မြို့ပြကျေးလက်မကျန် ဆေးလိပ်၊ ကွမ်းယာသုံးစွဲသည့်ဓလေ့က ခေတ်စားလာခဲ့သည်။ ကျောင်းသားလူငယ်လေးများ ဆေးလိပ်လက်ကြားညှပ်လို့ညှပ်၊ ကွမ်းတမြုံ့မြုံ့ဝါးလို့ဝါး အနာဂတ်၏ရေသောက်မြစ်များကို ဖျက်ဆီးနေပေသည်။ နှစ်ခြိုက်စွာမှီဝဲခဲ့သော ဆေးလိပ်၊ ကွမ်းယာမှ ပါးစောင်ကင်ဆာ၊ လည်ချောင်းကင်ဆာများ ဖြစ်ပွားနိုင်သည်ကို သတိပြုရပေမည်။ သတိထားက မမှားနိုင်ပေ။ သတိမမူ ဂူမမြင်နိုင်ပေ။ လူငယ်စိတ်ဖြင့် အမှားအမှန်ခွဲခြားနိုင်မှသာ ဘဝအမှောင်ထဲမှ ရုန်းထွက်နိုင်မည်ဖြစ်သည်။

> **" ဆေးလိပ်၊ ကွမ်းယာမှရရှိသည့်အကျိုးကျေးဇူးမရှိနိုင်ပေ။ ဝေဒနာကို ငွေအသပြာနှင့် ဝယ်ယူနေသည့်ပမာတူသည်။ ချစ်သူ၊ ဆွေမျိုးအလား သတ်မှတ်သည်။ မြို့ပြကျေးလက်မကျန် ဆေးလိပ်၊ ကွမ်းယာသုံးစွဲသည့်ဓလေ့က ခေတ်စားလာခဲ့သည်။ ကျောင်းသားလူငယ်လေးများ ဆေးလိပ်လက်ကြားညှပ်လို့ညှပ်၊ ကွမ်းတမြုံ့မြုံ့ဝါးလို့ဝါး အနာဂတ်၏ရေသောက်မြစ်များကို ဖျက်ဆီးနေပေသည်။ နှစ်ခြိုက်စွာမှီဝဲခဲ့သော ဆေးလိပ်၊ ကွမ်းယာမှ ပါးစောင်ကင်ဆာ၊ လည်ချောင်းကင်ဆာများ ဖြစ်ပွားနိုင်သည်ကို သတိပြုရပေမည်။ သတိထားက မမှားနိုင်ပေ။ သတိမမူ ဂူမမြင်နိုင်ပေ။ လူငယ်စိတ်ဖြင့် အမှားအမှန်ခွဲခြားနိုင်မှသာ ဘဝအမှောင်ထဲမှ ရုန်းထွက်နိုင်မည် "**

**ဘဝကို အကောင်းဆုံးတည်ဆောက်**

လူ့စိတ် လူ့သဘာဝအရ ကိုယ်ထင်ရာ ကိုယ်လုပ်လိုစိတ်ရှိကြသည်။ မိမိအထင်က အမှန်၊ သူတစ်ပါးအမြင်က အမှားသတ်မှတ်သည်။ အချို့က မှားမှန်းသိလျက် အမှားကို ယုံကြည်သည်။ ပြုပြင်ခြင်းမရှိ ဘဝကို ရေစုန်မျောသည်။ သူတစ်ပါး၏စေတနာဖြင့် တိုက်တွန်းချက်ကို အလေးမထားတတ်ပေ။ လူအချို့က စိတ်ဓာတ်ပြတ်သားသည်။ ဆေးလိပ်၊ ကွမ်းယာသုံးစွဲဖူးသည့်တိုင် လမ်းဆုံးမလိုက်၊ လမ်းခွဲလိုက်သူများရှိသည်။ စိတ်ဓာတ်ပြတ်သားသူ၏ အတွင်းစိတ်က ပေါ့ပါးနေသည်။ ကျောခိုင်းလိုက်သည့် ဆေးလိပ်၊ ကွမ်းယာ၊ အရက်ဟူသမျှကို စိတ်ကူးဖြင့်ပင် ပုံမဖော်၊ တွေးလည်း မတွေးကြံဘဲ နေထိုင်သည်။ ဘဝကို အကောင်းဆုံး တည်ဆောက်သည်။ အတွေးနည်း အလုပ်မြဲသူများဖြစ်ပါသည်။

နေပျော်ဖွယ် ဘဝတစ်ခုကို ဖန်တီးနိုင်ပါသည်။ ဆင်းရဲခြင်းက လွတ်မြောက်ရန် ဆင်းရဲသောအတွေးအကြံကို စွန့်လွှတ်ရပါသည်။ ဆေးလိပ်၊ ကွမ်းယာ၊ အရက်တည်းဟူသော မူးယစ်ဆေးများက လူတစ်ယောက်၏ဘဝကို အကောင်းဆုံးဖြစ်အောင် မဖန်တီးနိုင်ပေ။ အဆိုးဆုံးကိုသာဖြစ်စေပါသည်။ စိတ်အကြံပျောက်၍ ဘဝကို အဆုံးသတ်လွယ်ကူစေသည်။ စိတ်ထွက်ပေါက်က ဆေးလိပ်၊ ကွမ်းယာ မဟုတ်ပေ။ တန်ဖိုးရှိသောဘဝ၊ အချိန်များအတွက် ကွမ်းယာ၊ ဆေးလိပ်အရသာဖြင့် ဇိမ်မခံသင့်ပေ။ ထိုက်တန်စွာခံစားရသော စည်းစိမ်မျိုးလည်းမမည်ပေ။ ဘဝတစ်လျှောက် ချို့မြိန်စွာခံစားနိုင်သော စည်းစိမ်များစွာရှိပါသည်။

**လူ့ဘဝအနှစ်သာရ**

"ဘဝကို တန်ဖိုးထားကြည့်ပါ" ဟု ဆိုချင်သည်။ ဆင်းရဲပါစေ၊ ချမ်းသာအောင် နေထိုင်နည်းများ သိအောင်ကြိုးစားရမည်ဖြစ်သည်။ လူချမ်းသာ စိတ်ချမ်းသာအောင် နေထိုင်ရပါမည်။ စိတ်ပူလျှင် ရုပ်ကျလွယ်သည်။ စိတ်အစွဲများ လျှော့ချခြင်းဖြင့် စိတ်ပျိုကိုယ်နုဖြစ်သွားနိုင်သည်။ စိတ်ကြောင့်ဖြစ်သော ရောဂါဆိုးများကို ကျော်လွှားနိုင်သကဲ့သို့ စိတ်အစွဲပျောက်၍ စိတ်တည်ငြိမ်လာမည်။ လူ့ဘဝအနှစ်သာရ စိတ်တည်ငြိမ်မှုရရှိရေးက အရေးကြီးပေသည်။ စိတ်၏လှည့်စားမှုများကို ကျော်လွှားနိုင်ပါက စိတ်တည်ငြိမ်အောင် စုစည်းနိုင်သည်။ ခြတောင်ပို့ပမာ စိတ်တည်ငြိမ်မှုစုဆောင်းသွားနိုင်လျှင် မြတ်သောငြိမ်းချမ်းမှုရရှိစေသည်။ အသက်အရွယ်အလိုက် ရှိသင့်သော ငြိမ်းချမ်းမှုရရှိဖို့ စိတ်၏စွဲလမ်းမှု၊ ဆာလောင်မှု၊ ငြိတွယ်မှုများကို လျှော့ချသွားရမည်ဖြစ်သည်။ ဆေးလိပ်၊ ကွမ်းယာသည် အားကိုးယုံကြည်စရာ ဘဝခွန်အားမဟုတ်ပေ။ စိတ်၏စွဲလမ်းမှုသက်သက်သာဖြစ်သည်။ ဆေးလိပ်ဖြတ်ကြမည်။ ကွမ်းယာ အဝါးရပ်ကြမည်။ ခံတွင်းပြဿနာ မဖြစ်ပွားဖို့ ဆေးလိပ်၊ ကွမ်းယာရှောင်ကြဉ်ရန် အထူးလိုအပ်သည်။ နည်းမှန်လမ်းမှန်ဖြင့် ဆေးလိပ်ဖြတ်ရန် တိုက်တွန်းချင်သည်။ ကျန်းမာလှပ ဘဝတစ်ခုရရန် ဆေးလိပ်၊ ကွမ်းယာသုံးစွဲခြင်းကို ယနေ့မှစရှောင်ကြဉ်ပါရန်လိုပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# တတိယအကြိမ်မြောက် ပရိဘောဂဒီဇိုင်းပြိုင်ပွဲအစီအစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးပြည်နယ်ရှိ ဓာတ်ပုံမြို့တော်ဖြစ်သော ဟီရရှီခါဝါမြို့နှင့် ဗိသုကာပညာရှင် Mr.Kuma Kengo တို့မှ ဦးစီး၍ "Furniture Fits in the Open Air" ခေါင်းစဉ်ဖြင့် "တတိယအကြိမ်မြောက် ပရိဘောဂဒီဇိုင်းပြိုင်ပွဲ" ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါပြိုင်ပွဲတွင် ပရိဘောဂပြိုင်ပွဲသို့ မည်သည့်နိုင်ငံသားမဆို သက်ဆိုင်ရာ ကျောင်း ( သို့မဟုတ်) တက္ကသိုလ်တက်ရောက်နေသည့် အသက် (၃၀)နှစ်အောက် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပေးအပ်မည့်ဆုများအနေဖြင့် Kuma Kengo ဆု တစ်ဆု၊ ထူးချွန်ဆု သုံးဆုနှင့် နှစ်သိမ့်ဆု ခြောက်ဆုတို့ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အခမဲ့ စာရင်းပေးသွင်းနိုင်မည်ဖြစ်ပြီး လျှောက်လွှာတင်သွင်းရာ၌ ဒီဇိုင်းခေါင်းစဉ်၊ ဒီဇိုင်း၏ ဦးစားပေး အကြောင်းအရာ၊ ရှင်းလင်းဖော်ပြချက်၊ ပုံကြမ်း၊ ပုံချော၊ CG ပုံစံ(သို့မဟုတ်)ဓာတ်ပုံ အစရှိသည်များကို A3 ဆိုဒ်၊ စာရွက်တစ်မျက်နှာတွင် အလျားလိုက် ရေးဆွဲကာ pdf ဖိုင်ဖြင့် ပေးပို့ရမည်ဖြစ်သည်။ ဒီဇိုင်း၏ ရှင်းလင်းဖော်ပြချက်အား အင်္ဂလိပ်ဘာသာ (သို့မဟုတ်)ဂျပန်ဘာသာဖြင့်ပေးပို့ရမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်များအနက် ဆန်ခါတင်အဆင့်ပြိုင်ပွဲတွင် ၁၀ ဦးအား ရွေးချယ်၍ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး ၎င်းတို့အတွက် လေယာဉ်စရိတ်၊ အသွား/အပြန်နှင့် တည်းခိုစရိတ်များကို ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီမှ ကျခံပေးသွားမည်ဖြစ်သည်။ ဆုပေးပွဲအခမ်းအနားသို့ အဖွဲ့လိုက်ပြိုင်ပွဲဝင်များအတွက် ကိုယ်စားပြုပြိုင်ပွဲဝင် တစ်ဦးကိုသာ ဖိတ်ကြားသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် Website https://www.kagu.higashikawa.jp တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွားရမည်ဖြစ်ပြီး ပရိဘောဂဒီဇိုင်းလျှောက်လွှာများအား ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်တွင် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်သည်။

အသေးစိတ် သိလိုသည့်အချက်အလက်များကို KAGU Design Competition Executive Committee Office, Mail: official@kagu– higashikawa.jp သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရိုးရာဓလေ့ကို ဖော်ကျူးသည့်အနေဖြင့် နွားလှည်းတန်းဖြင့် ရွှေစက်တော်သို့ ဘုရားဖူးထွက်မည်

**မင်းဘူး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မင်းလှကျင်း ရွာသူရွာသားများသည် ရွှေစက်တော်ဘုရားသို့ နွားလှည်းတန်းဖြင့် နှစ်စဉ်နှစ်တိုင်း ဘုရားဖူးထွက်လေ့ရှိပြီး ယခုနှစ်တွင်လည်း ယခင်နှစ်များအတိုင်း ရိုးရာဓလေ့ကို ဖော်ကျူးသည့်အနေဖြင့် နွားလှည်းတန်းဖြင့် ဘုရားဖူးထွက်မည်ဖြစ်ကြောင်း မင်းလှကျင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုံးကြိုင်ထံမှ သိရသည်။

ရွှေစက်တော်ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ သုံးလတိုင်တိုင် ကျင်းပခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသော သမိုင်းဝင်တန်ခိုးကြီး ပါဒစေတီတော်မြတ်ကြီး ဖြစ်သည်။

မင်းလှကျင်း ကျေးရွာသည် အိမ်ခြေပေါင်း ၄၃၀ ကျော်ရှိပြီး ရွှေစက်တော်ဘုရားနှင့် ၁၃ မိုင်ကွာဝေးကာ နွားလှည်းမရှိသူများမှအပ ကျန်အိမ်ထောင်စုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် ဘုရားဖူးထွက်ကြသည့် ဓလေ့ရှိကြသည်။

နှစ်စဉ်မပျက် တပေါင်းလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၃ ရက်အတွင်း ဘုရားဖူးထွက်လေ့ရှိကြပြီး ခုနစ်ရက်တိုင် အောက်သောင်ပြင်ရေဆိပ်တွင် စခန်းချဖူးမြော်လေ့ရှိကြကြောင်း မင်းလှကျင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအုံးကြိုင်က ပြောသည်။

မင်းလှကျင်း ကျေးရွာသည် မင်းဘူး(စကု)မြို့နယ်တွင် တည်ရှိပြီး ဘိုးဘေးဘီဘင်လက်ထက်မှ ယနေ့မျက်မှောက်ခေတ်ကာလအထိ ရှေးရိုးစဉ်လာမပျက် နွားလှည်းတန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဘုရားဖူးခဲ့ကြသည့် တစ်ခုတည်းသော ကျေးရွာဖြစ်သကဲ့သို့ ယခုနှစ်တွင်လည်း ရိုးရာဓလေ့ကို ဖော်ကျူးသည့်အနေဖြင့် နွားလှည်းတန်းဖြင့် ရွှေစက်တော်ဘုရားသို့ ဘုရားဖူးထွက်ဦးမည်ဖြစ်ကြောင်းလည်း သိရသည်။

**ဧယျာထက်(မင်းဘူး)**






# သဘော်သားများနှင့်ပတ်သက်သော ဝန်ဆောင်မှုများအကြောင်း ဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ပင်လယ်ကူးသင်္ဘောသားများအတွက် ဒေါ်လာနှင့် မြန်မာကျပ်စာရင်းဖွင့်လှစ်ခြင်း သိကောင်းစရာဟောပြောပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်ရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရေဝတီဘဏ် Consumer Banking Department မှ Assistant Manager သော်တာထွန်းက နိုင်ငံခြားငွေကြေးဖြစ်သည့် ဒေါ်လာဖြင့် လစာရရှိကြသည့် မြန်မာပင်လယ်ကူးသင်္ဘောသားများ၏ လစာများအား ပိုမိုကောင်းမွန်သော ငွေလဲလှယ်နှုန်းဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ဒေါ်လာနှင့် မြန်မာကျပ်အကောင့် ဖွင့်လှစ်ပေးခြင်း၊ ရေဝတီဘဏ်၏ Digital Payment Product တစ်ခုဖြစ်သော Debit Card၊ Credit Card၊ Prepaid Card များနှင့် မိတ်ဆက်ပေးခြင်း၊ သင်္ဘောသားများနှင့် မိသားစုများအတွက် Auto Loan နှင့် Home Loan အရစ်ကျဝယ်ယူနိုင်မည့်အထူးအစီအစဉ်များ၊ AYA Sompo Insurance မှ အာမခံနှင့် ပတ်သက်သော ဝန်ဆောင်မှုများအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ပင်လယ်ကူးသင်္ဘောသားများနှင့် မိသားစုဝင်များက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ရန်ကုန်တိုင်းဒေသကြီး၌ ဆီထွက်သီးနှံ ဧက ၆၀၀၀ ကျော် စိုက်ပျိုးထား

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပြည်တွင်းစားသုံးမှုဖူလုံရန်နှင့် ပြည်ပမှတင်သွင်းမှုလျော့ကျစေရန် ဆီထွက်သီးနှံများကို တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိုးချဲ့စိုက်ပျိုးရန် စီမံဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၅ မြို့နယ်၌ နေကြာစိုက်ခင်း ၆၆၃၁ ဧက စိုက်ပျိုးထားရှိပြီး ဒီဇင်ဘာလနှစ်ကုန်ပိုင်းတွင် လျာထားချက် ၈၄၆၅ ဧက ပြည့်မီရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆင်းရွှေကြာ(၂)နှင့် ရေဆင်းစပ်မျိုး(၁)တွင် ရေဆင်းစပ်မျိုးနေကြာ(၁)ကို အများဆုံးစိုက်ပျိုးထားကာ ပျမ်းမျှအားဖြင့် ဆင်းရွှေကြာ(၂)သည် တစ်ဧကလျှင် တင်း ၃၀ ကျော်နှင့် ရေဆင်းစပ်မျိုး(၁)သည် တင်း ၅၀ ခန့် အထွက်နှုန်းရှိပြီး ယခုနှစ်တွင် ပထမဆုံး တိုးချဲ့စိုက်ပျိုးခြင်းကြောင့် မျိုးစေ့၊ မြေနှင့် ရာသီဥတု ဟန်ချက်ညီမှုအပေါ်မူတည်၍ အထွက်နှုန်းကို ဆန်းစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးမှာ နေကြာကိုလျာထားချက်နဲ့အညီ စိုက်ပျိုးထားပါတယ်။ ပဲတီစိမ်းနဲ့ အခြားဆီထွက်သီးနှံမှာလည်း ဧကလေးသိန်းကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီဇင်ဘာလကုန်ပိုင်းမှာ ဆီထွက်သီးနှံအားလုံး စိုက်ပျိုးဖို့ လျာထားတဲ့အတွက် အောင်အောင်မြင်မြင်နဲ့ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာဖြစ်တာကြောင့် အရင်ကထက် ဆီထွက်နှုန်းတိုးတက်လာမှာပါ။ ဒီနှစ်မှာ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးထားတာဖြစ်တဲ့အတွက် လာမယ့်နှစ်မှာလည်း တိုးချဲ့စိုက်ပျိုးသွားနိုင်မှာပါ။ အရင်က ရန်ကုန်တိုင်းဒေသကြီးမှာ ဧကတစ်ရာကျော် စိုက်ပျိုးရာကနေ အခုဧကရှစ်ထောင်ကျော်စိုက်ပျိုးနိုင်မှုဟာ တိုင်းဒေသကြီးရဲ့ စားသုံးဆီဖူလုံမှုကို အထောက်အပံ့ဖြစ်စေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

ဆီထွက်သီးနှံအတွက် လိုအပ်သောမျိုးကို စိုက်ပျိုးရေးဦးစီးဌာနမှ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးချိန်နောက်ကျ၍ ရေလိုအပ်ပါက သက်ဆိုင်ရာဌာနများက ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကာ ဆိုလာရေပေးဝေရေးစနစ်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး မြေဩဇာအတွက် နှစ်ဧကလျှင် မြေဩဇာတစ်အိတ်နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိသည်။

**လျာထားဆောင်ရွက်ထား**

ဆောင်းနေကြာကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၅ မြို့နယ်တွင် စိုက်ပျိုးထားပြီး တိုက်ကြီးမြို့နယ်၌ ဆီထွက်သီးနှံကို အများဆုံးစိုက်ပျိုးထားကာ ကျေးရွာပေါင်း ၂၅၇ ရွာမှ တောင်သူ ၂၆၈၆ ဦး စိုက်ပျိုးထားကြောင်း သိရသည်။ တိုင်းဒေသကြီးအတွင်း ပဲအမျိုးမျိုး စိုက်ပျိုးမှုလျာထားချက် ဧကလေးသိန်းကျော်တွင် ဧကနှစ်သိန်းကျော် စိုက်ပျိုးထားရှိပြီး ပြည်ပပို့ကုန်ရှိသော ပဲတီစိမ်းဧကသုံးသိန်းခြောက်သောင်းကျော်ကိုလည်း တိုင်းဒေသကြီးအတွင်း လျာထားဆောင်ရွက်ထားကြောင်း သိရသည်။

**ညိမ်းသူ( သတင်းစဉ် )**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၃-၁၂-၂၀၂၂ ရက်မှအဆက်

"ကျွန်တော် အကြံတစ်ခုပေးပါရစေ၊ ဦးကျော်ဇော လိုချင်တဲ့အတိုင်းလည်း ဖြစ်အောင်၊ ကျွန်တော့်ဘက်ကလည်း သိပ်မနာရအောင် ကျွန်တော်တစ်ခု အစီရင်ခံပါရစေ။ ကျွန်တော့်အတွက် သီချင်း ဘယ်နှပုဒ် အပ်မယ်လို့ ရည်ရွယ်ထားပါသလဲ ခင်ဗျာ။ ဈေးအနေနဲ့ ကျွန်တော် မပြောချင်ပါဘူး။ ဒါပေမဲ့ ကိစ္စရှင်းအောင် တစ်ပုဒ်ကို ဘယ်လောက်ပေးမယ် ရည်ရွယ်ထားတယ်ဆိုတာ ကျွန်တော် သိပါရစေ"

ဦးကျော်ဇောသည် သူဌေးဦးခင်မောင်ဘက်သို့ တစ်ချက်မျှ ပြုံး၍ကြည့်လိုက်သည်။

"ကဲ ... ကိုခင်မောင်၊ ဈေးကို ခင်ဗျားပြောရမလား၊ ကျွန်တော် ပြောရမလား။ ကျွန်တော့်အနေနဲ့တော့ ဈေးမဖြတ်ချင်ဘူးဗျာ ..."

ဦးခင်မောင်သည် တစ်ချက်မျှ ငိုင်၍စဉ်းစားနေရာမှ ဦးကျော်ဇောအား ယုံကြည်လေးစားသောအမူအရာဖြင့် ကြည့်ရင်း ဖြေလိုက်လေသည်။

"ဒါကတော့ ဆရာတစ်ခုပါပဲ။ ဆရာကြိုက်သလို ဆုံးဖြတ်ပါ။ ဇာတ်ကားတစ်ထုပ်လုံးတောင် ဆရာစီစဉ်တာကို လိုက်လျောခဲ့တာ။ တစ်သောင်း နှစ်သောင်း မင်းသမီးကိစ္စကိုတောင် ကျွန်တော် ဘာဝင်ပြောလို့လဲဆရာ။ ဒီကိစ္စလောက်တော့ ကျွန်တော်ပြောစရာမလိုပါဘူး။ ဆရာကြိုက်သလို လုပ်ပါ။ ကျွန်တော် ကျေနပ်ပါတယ်"

ဦးကျော်ဇောသည် ဆေးပေါ့လိပ်ကို မှိန်း၍ဖွာရင်း ခေါင်းကို တဆတ်ဆတ် ညိတ်နေလိုက်သည်။ သူလိုချင်သောစကားကို ဦးခင်မောင်ထံမှ ရသဖြင့် ကျေနပ်ဟန်လည်း ရှိသည်။

ကိုဘခက်ကမူ သူတို့နှစ်ဦးကိုသာ အကဲခတ်ကြည့်နေမိသည်။ ဦးကျော်ဇောက ဆုံးဖြတ်ရမည့် ဈေးကို စိတ်တွက်တွက်နေရင်း ခွက်ထဲမှ ဆေးပေါ့လိပ်ကို ယူ၍ မီးညှိလိုက်သည်။

"ကဲ ဒီလိုလုပ်ဗျာ၊ သီချင်းက ဒီကားအတွက် သုံးပုဒ်အပ်မှာပဲ။ နှစ်ပုဒ်က ခင်ဗျားကြိုက်သလိုရေး၊ ကျွန်တော်တို့လိုချင်တဲ့ သဘောထားပါရင် ပြီးရောပေါ့။ ကျွန်တော်ပြောတဲ့ အရေးကြီးဆုံးသီချင်းကတော့ ကျွန်တော် ချေးများပါရစေ။ ကြိုက်ရင် နှစ်ရာပေးမယ်ဗျာ။ ကျန်နှစ်ပုဒ်က တစ်ရာစီထားပေါ့"

ကိုဘခက်သည် ခေါင်းငုံ့၍ စဉ်းစားနေရာမှ တစ်ဖက်သို့ လှည့်ကြည့်လိုက်သည်။

ထိုအတွင်း 'မ' သည် ကော်ဖီပန်းကန်ကိုကိုင်၍ စားပွဲဘေးတွင် အသင့်ရပ်နေသည်ကို တွေ့ရသည်။

'မ' သည် ကျိုးနွံသောအမူအရာဖြင့် ဧည့်သည်များအတွက် ကော်ဖီကို ချ၍ပေးလိုက်သည်။

"ကော်ဖီ သုံးဆောင်ပါဦးရှင်"

'မ' ၏ အသံကလေးမှာ အိမ်ရှင်မလို ပျူငှာမှုလည်း ပါသည်။ အခိုင်းအစေကဲ့သို့ ကျိုးနွံမှုလည်း ပါသည်။ ကိုဘခက်သည် 'မ' အတွက် အလိုလို ဝမ်းနည်းမိသည်။

ဦးကျော်ဇောက 'မ' ကို အသေအချာ အကဲခတ်၍ ကြည့်နေသည်။ ကိုဘခက်က ဦးကျော်ဇောကို ကြည့်နေရာမှ သူ၏ဆုံးဖြတ်ချက်ကို ပြောလိုက်သည်။

"တကယ်လို့ ချေးများမယ်ဆိုတဲ့သီချင်းကို ဦးကျော်ဇောက မကြိုက်ရင် ကျွန်တော့်အတွက်က ဘယ်လိုအကျိုးခံစားခွင့်ရှိပါသလဲ"

"ဒါကတော့ဗျာ ကျွန်တော်တို့မကြိုက်လို့ မသုံးတဲ့ သီချင်းအတွက်တော့ ဘယ်မှာအကျိုးခံစားခွင့် ရှိပါ့မလဲ"

ကိုဘခက်သည် နောက်သို့ မသိမသာ အကဲခတ်၍ ကြည့်နေလိုက်သည်။

အိပ်ခန်းအပေါက်ဝတွင် စိုးရိမ်တကြီး စောင့်၍ နားထောင်နေသော 'မ' ကို တွေ့ရသည်။

'မ' မျက်နှာကို မြင်လိုက်ရတော့ ကိုဘခက်စိတ်များ ပျော့ညံ့၍မသွားရန် မနည်းတင်း၍ထားရသည်။

ဦးကျော်ဇော၏စကားများကိုကား ကိုဘခက် အနေနှင့် လက်ခံ၍မရတော့ချေ။

"ကျွန်တော့်ဘက်ကလည်း အလုပ်သမားတစ်ယောက်အနေနဲ့ စဉ်းစားပါဦးခင်ဗျာ၊ ဦးကျော်ဇောတို့အပ်တဲ့သီချင်းကို စပ်ရာမှာ ကျွန်တော့်ဦးနှောက်ရော လူပါ ဘယ်လောက်ပင်ပန်းမယ်ဆိုတာ အထူးပြောစရာမလိုပါဘူး။ တစ်ရက်လည်းဟုတ်မယ်၊ နှစ်ရက်သုံးရက်လည်း ဟုတ်ချင်ဟုတ်မယ်။ အရေးကြီးတဲ့ သီချင်းဆိုတော့ ပေးထားတဲ့အတိုင်း အမိကြိုးစားပြီး စပ်ရမှာပါ။ တစ်ပုဒ် မကြိုက်ဘူး၊ နှစ်ပုဒ်မကြိုက်ဘူး၊ ဆယ်ပုဒ်မကြိုက်ဘူးဆိုရင် ကျွန်တော့်ကြိုးစားချက်နဲ့ ကုန်တဲ့အချိန်တွေအတွက် ကျွန်တော့်မှာ မနစ်နာဘူးလား။ ကျွန်တော့်ဘက်က ဒီပင်ပန်းမှုအတွက် မနစ်နာအောင်ဖြစ်ရင်တော့ ပိုကောင်းမှာပဲ"

"ဒါကြောင့် ကျွန်တော်တို့က မူလဈေးထက် နှစ်ဆ ပေးထားတာပေါ့။ ဒီမှာဗျာ ကိုဘခက်၊ ကျွန်တော်နဲ့ နောက်ဆက်ဆံကြည့်ပါ။ ကျွန်တော်လည်း ဘယ်အနုပညာမဆို လေးစားတဲ့လူပါ။ ကျွန်တော့်ကားမှာပါတဲ့ သီချင်းတွေဟာ ကျွန်တော် ဒီလိုချေးများလွန်းလို့ လူကြိုက်များတာပေါ့"

"ဒါလည်း ဟုတ်ချင်ဟုတ်မှာပဲ။ ဒါပေမဲ့ သီချင်းတစ်ပုဒ် ကျော်စောတာဟာ ဦးကျော်ဇော ချေးများလို့လည်း မဟုတ်ပါဘူး။ သီချင်းရေးဆရာရဲ့ အရည်အချင်းဆိုတဲ့ လူရဲ့အစွမ်း၊ အတီးဆရာများရဲ့ပညာ ဒါတွေအားလုံးပေါင်းပြီးမှ ပြောင်မြောက်တယ်လို့ ကျွန်တော်ထင်တယ်။ ထားပါလေ၊ ဒါတွေကတော့ ကျွန်တော် မှားချင်လည်းမှားမှာပေါ့။ ဒါပေမဲ့..."

ဦးကျော်ဇောသည် ကိုဘခက်၏စကားကြောင့် မျက်နှာပျက်နေသည်။

ထို့ကြောင့်လည်း စကားကို ဆုံးအောင်ပင်မစောင့်ဘဲ ဖြတ်၍ပြောလိုက်သည်။

"ဒီမှာ ... ကိုဘခက်၊ ကျွန်တော့်ကားမှာပါသမျှ သီချင်းတွေ ကျွန်တော်ကိုယ်တိုင် စာသားထုတ်ပေးတာ။ သူများအလုပ်ကို ကျွန်တော် မစော်ကားတတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်လည်း တစ်ချိန်က သီချင်းရေးလာခဲ့တာပါ။ ဒီတော့ တစ်ခုစဉ်းစားပါဗျာ၊ ကျွန်တော်တို့ မသုံးတဲ့ပစ္စည်းတစ်ခုအတွက် အခကြေးငွေပေးရမယ်ဆိုတာတော့ ကုမ္ပဏီဘက်ကလည်း ကြည့်ပါဦး။ ကျွန်တော်လည်း ရိုင်းတဲ့လူတွေ မဟုတ်ပါဘူး။ နောက် ဆက်ဆံကြည့်ပါ"

"တစ်ခုစဉ်းစားပါဗျာ၊ ဦးကျော်ဇော အခုရိုက်တဲ့ ဇာတ်ကားကို ကြိုက်ရင်ကြိုက်သလောက် ပိုက်ဆံပေးမယ်။ တစ်ကျပ်တန်းကကြည့်ရင် နှစ်ကျပ်ပေးမယ်။ မကြိုက်ရင် တစ်ပြားမှမပေးဘူးဆိုရင် ဦးကျော်ဇော ကျေနပ်ပါ့မလား"

ကိုဘခက်၏အမေးကြောင့် ဦးကျော်ဇောမှာ မျက်စိမျက်နှာမလှ ဖြစ်တော့သည်။

သူဌေးဦးခင်မောင်ကမူ စိတ်ဆိုးလာပုံရလေသည်။

"ဒါကတော့ ဒီလိုပြောလို့ ဘယ်ရမလဲဗျာ။ ကျုပ်တို့ဇာတ်ကားကို ကျုပ်တို့ ယုံကြည်လို့ တစ်သိန်း၊ နှစ်သိန်း အကုန်ခံရိုက်တော့တာပေါ့။ ကဲ ဆရာ ရှည်ရှည်ဝေးဝေးပြောမနေနဲ့တော့၊ တခြားလူတွေ ရှိပါတယ်"

ဦးခင်မောင်သည် ဒေါသဖြင့် လေသံခပ်မာမာဖြင့် ပြောလိုက်သည်။

ကိုဘခက်သည် ဦးခင်မောင်ကို မျက်တောင်မခတ် စိုက်၍ကြည့်နေလိုက်သည်။

"ဦးတို့ ကျေနပ်မှအပ်ပါ။ ဒါပေမဲ့ အလုပ်စကားပြောတဲ့နေရာမှာ အလုပ်စကားလိုပဲ ပြောရမှာပဲ။ သီချင်းတစ်ပုဒ်ကို လေးငါးဆယ်ရက် ကြိုးကြိုးစားစားစပ်ပြီးမှ မကျေနပ်ဘူးဆိုတော့ ကျွန်တော် လျှော့ပစ်ရမလား။ ဇော်လို့လုပ်တာမဟုတ်ဘူး ဦးရေ၊ တတ်လို့လုပ်တာ။ ပိုက်ဆံမရပေမယ့် လူကတော့ အငတ်ခံနိုင်တယ်။ ပညာကိုတော့ အစော်ကားမခံနိုင်ဘူး။ ဒီတော့ တခြားလူတွေရှိရင် တခြားမှာအပ်ပါ။ ကျွန်တော့်အနေနဲ့ကတော့ ဒီပညာနဲ့ အသက်မွေးနေရပေမယ့် ငတ်ပါစေ၊ ပညာကိုတော့ တစ်ရွေးသားမှ အလျှော့မပေးဘူးဆိုတာ ယုံပါ။ ကိုယ့်ပညာကို အလျှော့ပေးပြီးလုပ်တဲ့လူမျိုးဆိုတာက ပညာသည်တွေ မဟုတ်ပါဘူး။ မိန်းမပေါ့ .... မိန်းမပျက်တွေလို လူစားမျိုးပါ။ ကျွန်တော် ဦးတို့နဲ့ အလုပ်ဖြစ်ချင်ပါတယ်။ ဒါပေမဲ့ အပေါစားပညာသည်ဖြစ်မှာကိုတော့ ကျွန်တော် မခံနိုင်ဘူး။ အသက်လောက်လေးစားတဲ့ ပညာကိုတော့ ဈေးပေါပေါနဲ့ မရောင်းနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်"

ဦးကျော်ဇောသည် ကိုဘခက်အား လှောင်ပြုံးပြုံး၍ တစ်ချက်မျှ ကြည့်လိုက်သည်။

ပြီးမှ ခပ်ငေါ့ငေါ့ ချီးကျူးလိုက်လေသည်။

"ကြိုက်ပါ့ဗျာ၊ ပညာမာနစိတ်ကိုတော့ ချီးကျူးပါတယ်။ ဒါပေမဲ့ တစ်ခုတော့ ပြောချင်တယ်။ ဘယ်ပညာမဆို နာမည်မကြီးခင်မှာ အနစ်နာခံရတာပဲ။ နာမည်ကြီးလာတော့ ကိုယ်ပြောသလိုဖြစ်တယ်။ မာနကြီးချင်လည်း ရတယ်။ အများနဲ့လုပ်ရတဲ့ အလုပ်တွေမှာ သိပ်ခေါင်းမာလို့ မရဘူး။ ကဲ ... ပြန်ဦးမယ်ဗျာ၊ ခင်ဗျား စိတ်ပြောင်းလာတဲ့အချိန်မှာတော့ ထပ်ပြီးတွေ့ကြသေးတာပေါ့"

ဦးကျော်ဇောက ပြောပြောဆိုဆိုပင် နေရာမှ ထလိုက်သည်။ ဦးကျော်ဇော မထွက်ခင်ကပင် ကိုဘခက်က သူ မကျေနပ်သောစကားကို ပြန်၍ ချေပလိုက်သည်။

"ခေါင်းပျော့တဲ့လူတွေဟာ နာမည်ကြီးချင်ရင်လည်း ကြီးပါလိမ့်မယ်။ ကြီးပွားချင်လည်း ကြီးပွားပါလိမ့်မယ်။ ဒါပေမဲ့ လောကမှာ ခေါင်းပျော့တယ်ဆိုတဲ့ လူတွေဟာ လူညံ့တွေပါ။ ကိုယ့်အလုပ်၊ ကိုယ့်ပညာကို မယုံတဲ့သူတွေပါ။ ကျွန်တော့်အနေနဲ့ တကယ်စွယ်စုံတတ်မြောက်တဲ့ ပညာသည်ကြီး မဟုတ်ပေမယ့် ကိုယ့်အလုပ်၊ ကိုယ့်ပညာကိုတော့ အပေါစားမလုပ်ရဲပါဘူး။ အပေါစားလုပ်တဲ့လူတွေလိုလည်း ခေါင်းမပျော့ချင်ပါဘူး"

"ပညာအတွက်တော့ ကျွန်တော် ခေါင်းမာပါရစေ။ နောက်လည်း ပညာစိတ်ရှိပြီး ခေါင်းမာတဲ့လူတစ်ယောက်ပဲ ဖြစ်ပါရစေ။ ကျွန်တော် စိတ်ပြောင်းလို့ ဦးတို့ မသုံးချင်လည်း အငတ်ခံဖို့ အသင့်ပါပဲ။ ဒါပေမယ့် ဦးလိုလားသလို အပေါစားပညာသည်တစ်ယောက်တော့ ကျွန်တော့်တစ်သက် မဖြစ်ဘူးဆိုတာတော့ ယုံသွားစမ်းပါခင်ဗျာ"

ဦးကျော်ဇောသည် သရော်ဟန်ဖြင့် တစ်ချက်မျှ အသံထွက်အောင်ရယ်လိုက်ပြီးလျှင် အပေါက်ဝမှ ပြန်လှည့်၍ ကိုဘခက်အား ခနဲ့ လိုက်သည်။

"အေးဗျာ ချီးကျူးပါတယ်။ ခင်ဗျားရဲ့ပညာမာနမျိုးကိုလည်း ယုံလည်းယုံပါတယ်။ အမြဲ ဒီလို မာနထားနိုင်ပါစေလို့လည်း ဆုတောင်းပါတယ်"

ဦးကျော်ဇောသည် ပြောပြောဆိုဆိုပင် အိမ်ပေါ်မှ ဆင်းသွားလေသည်။

ကိုဘခက်သည် အံကိုကြိတ်၍သာ ဦးကျော်ဇောတို့ထွက်သွားသော လမ်းဘက်ဆီသို့ မကျေမချမ်းဖြင့် ကြည့်နေမိသည်။ ကိုဘခက်၏ မျက်နှာမှာ ခုမှ ပို၍တင်းမာလာသည်။

'မ' သည် ကိုဘခက်၏နောက်မှ ရပ်လိုက်ပြီးလျှင် ကိုဘခက်၏ ပခုံးနှစ်ဖက်ကို အသာဆုပ်ကိုင်လိုက်သည်။


**"ခေါင်းပျော့တဲ့လူတွေဟာ နာမည်ကြီးချင်ရင်လည်း ကြီးပါလိမ့်မယ်။ ကြီးပွားချင်လည်း ကြီးပွားပါလိမ့်မယ်။ ဒါပေမဲ့ လောကမှာ ခေါင်းပျော့တယ်ဆိုတဲ့ လူတွေဟာ လူညံ့တွေပါ။ ကိုယ့်အလုပ်၊ ကိုယ့်ပညာကို မယုံတဲ့သူတွေပါ။ ကျွန်တော့်အနေနဲ့ တကယ်စွယ်စုံတတ်မြောက်တဲ့ ပညာသည်ကြီးမဟုတ်ပေမယ့် ကိုယ့်အလုပ်၊ ကိုယ့်ပညာကိုတော့ အပေါစား မလုပ်ရဲပါဘူး။ အပေါစားလုပ်တဲ့လူတွေလိုလည်း ခေါင်းမပျော့ချင်ပါဘူး"**

**"ပညာအတွက်တော့ ကျွန်တော်ခေါင်းမာပါရစေ။ နောက်လည်း ပညာစိတ်ရှိပြီး ခေါင်းမာတဲ့လူတစ်ယောက်ပဲ ဖြစ်ပါရစေ။ ကျွန်တော်စိတ်ပြောင်းလို့ ဦးတို့ မသုံးချင်လည်း အငတ်ခံဖို့အသင့်ပါပဲ။ ဒါပေမယ့် ဦးလိုလားသလို အပေါစားပညာသည်တစ်ယောက်တော့ ကျွန်တော့်တစ်သက်..."**

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

# ၃၁ နှစ်အကြာမှာ ကာဂလီယာရီအသင်းရဲ့ နည်းပြအဖြစ် ပြန်လည်ခန့်အပ်ခံခဲ့ရတဲ့ ရာနီယာရီ



နည်းပြ ကလော်ဒီယိုရာနီယာရီ ဟာ ကာဂလီယာရီအသင်းရဲ့ နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ၁၀ စုနှစ် သုံးစုအကြာဖြစ်တဲ့ ၃၁ နှစ်အကြာမှာ ကာဂလီယာရီအသင်းက နည်းပြအဖြစ် ပြန်လည်ခန့်အပ်ခဲ့တယ်လို့ သိရပါတယ်။

နည်းပြ ကလော်ဒီယိုရာနီယာရီ ဟာ ကာဂလီယာရီအသင်း နည်းပြအဖြစ် ၁၉၈၈ ခုနှစ်ကနေ ၁၉၉၁ ခုနှစ်အထိ ကာလအတွင်း တာဝန်ယူကိုင်တွယ်ခဲ့ရာ ကာဂလီယာရီအသင်းကို အီတလီစီးရီးစီကနေ အီတလီစီးရီးအေအထိ တက်လှမ်းခွင့်ရရှိအောင်လည်း စွမ်းဆောင်ပေးခဲ့တဲ့ နည်းပြတစ်ဦး ဖြစ်ပါတယ်။

**ထုတ်ပယ်ခံခဲ့ရ**

နည်းပြရာနီယာရီ ဟာ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီအတွင်းက လက်စတာစီးတီးအသင်းကို ပရီမီယာလိဂ်ချန်ပီယံဆုဖလား ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပြီး အင်္ဂလန်ပရီမီယာလိဂ်ရဲ့ အခြားသော ကလပ်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီးအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့မှာလည်း နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သလို ယခုနှစ် နှစ်စပိုင်းက ဝက်ဖို့ဒ်အသင်းကို တာဝန်ယူကိုင်တွယ်ရာမှာတော့ လေးလအကြာမှာ နည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ကာဂလီယာရီအသင်းက နည်းပြဟောင်း ကလော်ဒီယိုရာနီယာရီကို ပြန်လည်ခန့်အပ်ခဲ့ပြီး ၂၀၂၅ ခုနှစ် နွေရာသီကာလအထိ ဆက်ရှိနေမယ့် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# ပီအက်စ်ဂျီအသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ သဘောတူညီမှုရရှိခဲ့ပြီဖြစ်တဲ့ တိုက်စစ်မှူး မက်ဆီ



အာဂျင်တီးနားအသင်းတိုက်စစ်မှူး လီယွန်နယ် မက်ဆီဟာ ပီအက်စ်ဂျီအသင်းနဲ့ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ စည်းမျဉ်းအရသဘောတူညီမှု ရရှိခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီဟာ ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာဂျင်တီးနားအသင်းအတွက် ကမ္ဘာ့ဖလားချန်ပီယံဆုကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပြီး ပီအက်စ်ဂျီအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကလည်း ၂၀၂၃ ခုနှစ် ဇွန်လမှာ ကုန်ဆုံးမှာဖြစ်တယ်လို့ သိရပါတယ်။

**ခုနှစ်ကြိမ်ဆွတ်ခူးထား**

ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကို ခုနှစ်ကြိမ်ဆွတ်ခူးထားပြီးဖြစ်တဲ့ တိုက်စစ်မှူး မက်ဆီဟာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အာဂျင်တီးနားအသင်းက ပြင်သစ်အသင်းကို အနိုင်ရရှိအောင် စွမ်းဆောင်ပေးခဲ့ပြီး ကာတာကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အကောင်းဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး မက်ဆီဟာ ဘာစီလိုနာအသင်းကနေ ထွက်ခွာခဲ့ပြီးနောက် အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပီအက်စ်ဂျီအသင်းဆီ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့သူဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေ့ါတာကတော့ တိုက်စစ်မှူး မက်ဆီဟာ ၂၁ နှစ်ကြာ လက်တွဲခဲ့တဲ့ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဆီ တစ်ကျော့ပြန်လာလိမ့်မယ်လို့ မျှော်လင့်ထားတာ ဖြစ်ပါတယ်။

**ဆွတ်ခူးနိုင်ခဲ့**

အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီဟာ ကစားသမားဘဝတစ်လျှောက် အာဂျင်တီးနားနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ကမ္ဘာ့ဖလား တစ်ကြိမ်၊ ကိုပါအမေရိကဖလား တစ်ကြိမ်၊ ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား လေးကြိမ်၊ စပိန်လာလီဂါဖလား ၁၀ ကြိမ်နဲ့ ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်ပထမတန်းဖလား တစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် တိုက်စစ်မှူး မက်ဆီဟာ ၁၃ နှစ်အရွယ်ကတည်းက ဘာစီလိုနာအသင်းကို ရောက်ရှိနေခဲ့ပြီး ပီအက်စ်ဂျီအသင်းဆီ မပြောင်းရွှေ့မီအချိန်အထိ ကာလအတွင်း ဘာစီလိုနာအသင်းအတွက် ပွဲစဉ်စုစုပေါင်း ၇၇၈ ပွဲမှာ သွင်းဂိုး ၆၇၂ ဂိုးအထိ သွင်းယူပေးခဲ့သူ ဖြစ်ပါတယ်။

လက်ရှိမှာ တိုက်စစ်မှူး မက်ဆီဟာ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနဲ့အတူ ပြိုင်ပွဲအရပ်မှာ ၅၃ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၂၃ ဂိုးအထိ သွင်းယူပေးထားတာလည်း ဖြစ်ပါတယ်။

# အက်စ်တွန်ဗီလာအသင်းက ကော်တင်ဟိုကို ဇန်နဝါရီဈေးကွက်အတွင်း ရောင်းချမည်



အက်စ်တွန်ဗီလာအသင်းဟာ ကွင်းလယ်ကစားသမား ကော်တင်ဟိုကို ဇန်နဝါရီဈေးကွက်အတွင်းမှာ ရောင်းချသွားမှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၀ အရွယ်ရှိ ဘရာဇီး ကွင်းလယ်ကစားသမား ကော်တင်ဟိုဟာ ပြီးခဲ့တဲ့နှစ်က ဘာစီလိုနာအသင်းကနေ အက်စ်တွန်ဗီလာအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အက်စ်တွန်ဗီလာအသင်းက ကော်တင်ဟိုကို တစ်နှစ်အကြာမှာ ပြန်လည်ရောင်းချဖို့ စီစဉ်လာခဲ့တာ ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းဟာ ကော်တင်ဟိုကို ကနဦးခေါ်ယူစဉ်က အငှားစာချုပ်နဲ့ ဖြစ်ပေမယ့် နွေရာသီဈေးကွက်အတွင်းမှာ အမြဲတမ်းစာချုပ်ချုပ်ဆိုခဲ့တာ ဖြစ်ပါတယ်။ ကော်တင်ဟိုဟာ နည်းပြ စတီဗင်ဂျာရတ်လက်ထက်မှာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့အရေး မရုန်းကန်ခဲ့ရပေမယ့် လက်ရှိအူနိုင်းအမ်မရီလက်ထက်မှာတော့ ပွဲထွက်ကစားခွင့်အများအပြားကို ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမားကော်တင်ဟိုဟာ အခုနှစ်ဘောလုံးရာသီမှာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ်ခြောက်ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ပွဲချိန်ပြည့်ပါဝင်ကစားခဲ့ရတဲ့ပွဲစဉ်ဟာ တစ်ပွဲသာရှိသေးတာ ဖြစ်ပါတယ်။

# စပါးအသင်းနည်းပြ ကွန်တီက ဘရန်းဖို့ဒ်အသင်းနဲ့ပွဲစဉ်မှာ ကမ္ဘာ့ဖလားကစားခဲ့တဲ့ ကစားသမားတွေကို အနားပေးရန်စီစဉ်



စပါးအသင်းနည်းပြ ကွန်တီဟာ ဒီဇင်ဘာ ၂၆ ရက်(တနင်္လာနေ့)မှာ Boxing day ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမယ့် ဘရန်းဖို့ဒ်အသင်းနဲ့ပွဲစဉ်မှာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခဲ့တဲ့ ကစားသမားအားလုံးကို အနားပေးသွားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

**ရှစ်ရက်အကြာ**

အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲဟာ ကာတာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်ပြီးနောက် ရှစ်ရက်အကြာဖြစ်တဲ့ ဒီဇင်ဘာ ၂၆ ရက်မှာ ပြန်လည်စတင်မှာဖြစ်ပြီး ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ ပြင်သစ်အသင်းရဲ့ ဂိုးသမားဟူဂိုလိုးရစ်နဲ့ အာဂျင်တီးနားအသင်းရဲ့ ခရစ္စတီယန်ရိုမဲရိုးတို့ဟာ ဘရန်းဖို့ဒ်အသင်းနဲ့ပွဲစဉ်မှာ ပါဝင်ကစားရမယ်ဆိုပါက ရှစ်ရက်တာနားရမှာလည်း ဖြစ်ပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စပါးအသင်းမှ ကစားသမား ၁၂ ဦးအထိ သက်ဆိုင်ရာ နိုင်ငံအသင်းတွေနဲ့အတူ ပါဝင်ကစားခွင့်ပြုခဲ့ရတာဖြစ်ပြီး အဲဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပါဝင်ကစားခဲ့ရတဲ့ ကစားသမားတွေကို ဘရန်းဖို့ဒ်အသင်းနဲ့ပွဲစဉ်မှာ အနားပေးကာ အခြားသော ကမ္ဘာ့ဖလားမကစားရတဲ့ ကစားသမားတွေကိုသာ ရွေးချယ်သွားမှာ ဖြစ်တယ်လို့ နည်းပြကွန်တီက ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်





**ဈေးနှုန်းသင့်တင့်သော မြောက်ဒဂုံမြို့နယ်ရှိ လုံးချင်း/မြေကွက်များအမြန်ရောင်းမည်**

| | | | | |
|---|---|---|---|---|
| 1. ရွှေပင်လုံအိမ်ရာ (Park - I) | 80×80 | 2RC, M3,S2 | ဂရန် | 8500ls |
| 2. 36 ရပ်ကွက်, ဘုရင့်နောင်လမ်းမအနီး | 40×60 | 2RC,M4 (တိုက်သစ်) | ဂရန် | 5900ls |
| 3. 34 (သစ်တော)ပင်လုံနှီး | 40×60 | 2RC,M3,S2 | ဂရန် | 5900ls |
| 4. 41 ရပ်ကွက်, ဗိုလ်မင်းရောင်လမ်းမပေါ် | 40×60 | 2RC | ဂရန် | 5800ls |
| 5. 35 ရပ်ကွက်, ပင်လုံဒုံပေါက်(လမ်းကျယ်) | 40×60 | မြေ | ဂရန် | 4300ls |
| 6. ပင်လုံလမ်းအနီး(အသင့်နေ)အိမ်ကောင်း | 40×60 | 1RC,M2,S1 | ဂရန် | 3800ls |
| 7. စစ်တောင်း City Mart အနီး | 40×60 | မြေ (အုတ်ခတ်) | ဂရန် | 2850ls |
| 8. လောဝီတလမ်းမပေါ် | 20×60 | 2BN | ဂရန် | 2500ls |
| 9. ပင်လုံလမ်းမအနီးထောက်ကွက် | 40×60 | မြေ | ဂရန် | 2400ls |
| 10. 34(သစ်တော)ဦးဝိစာရလမ်းအနီး | 20×60 | မြေ | ဂရန် | 2300ls |
| 11. တပင်ရွှေထီး ဗိုလ်မင်းရောင်လမ်းမအနီး | 40×60 | 2BN | ဂရန် | 2050ls |

Ph - 09-882682635 , 09 - 882682634
09 - 425092885


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**တောင်ကြီးမြို့**
**(ဌာနပိုင်မောဝ်စတားဟိုတယ် ငှားရမ်းနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ်(၄၅)၊ ဦးပိုင်အမှတ်(၁/ထ)၊ မြေဧရိယာ ၄.၈၂၂ ဧကနှင့် ဦးပိုင်အမှတ်(၁/ည)၊ မြေဧရိယာ ၄.၃၂၀ ဧက၊ စုစုပေါင်းမြေဧရိယာ ၉.၁၄၂ ဧကနှင့် ၎င်းမြေပေါ်ရှိ အဆောက်အဦ ၁၈ လုံးပါ ဌာနပိုင်မြေနှင့်အဆောက်အဦအား ငှားရမ်းမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင် မည်သူမဆို Open Tender လျှောက်လွှာတင်သွင်းနိုင်သည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| | | |
|---|---|---|
| (က) | တင်ဒါပုံစံစတင်ရယူနိုင်သည့်ရက် | – ၂၇–၁၂–၂၀၂၂ |
| (ခ) | တင်ဒါပုံစံရယူနိုင်သည့်နေရာ | – ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့(ရုံးချိန်အတွင်း) |
| (ဂ) | တင်ဒါသွင်းရမည့်နေရာ | – ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တောင်ကြီးမြို့(ရုံးချိန်အတွင်း) |
| (ဃ) | တင်ဒါမှတ်ပုံတင်ကြေးနှင့် ပေးသွင်းရမည့်နေရာ | – ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တောင်ကြီးမြို့(ရုံးချိန်အတွင်း) |
| (င) | တင်ဒါလျှောက်လွှာပိတ်မည့်ရက် ရက်နှင့်အချိန် | – ၉–၁–၂၀၂၃ ညနေ ၄:၃၀ နာရီ |

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်/ထောက်ပံ့ဌာနစိတ် ၀၈၁–၂၁၂၁၂၉၈ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**


**ပတ်စ်ပို့ပျောက်**
ကျွန်တော် ကိုလှမွေး[၉/တကန(နိုင်)၁၂၄၆၇၂]၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၉၀၁၄၅၅၄၅

**ပတ်စ်ပို့ပျောက်**
ကျွန်တော် ကိုစိုးလွင်[၉/တကန(နိုင်)၁၆၅၄၁၉]၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၉၀၁၄၅၅၄၅

**ပတ်စ်ပို့ပျောက်**
ကျွန်တော် မောင်ဉာဏ်မြင့် [၉/တကန(နိုင်)၂၄၃၇၇၂]၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ဖုန်း–၀၉–၇၉၀၁၄၅၅၄၅

**ပတ်စ်ပို့ပျောက်**
ကျွန်တော် မောင်ကျော်ကျော်မင်း [၉/တကန(နိုင်)၁၈၁၁၉၆] ၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၉၀၁၄၅၅၄၅


○ မြန်မာအသင်းမှ

အုပ်စု(ဃ)တွင် ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ယူအေအီး၊ တာ့ခ်မင်နစ္စတန်၊ အုပ်စု (င)တွင် တောင်ကိုရီးယား၊ ဟောင်ကောင်၊ တာဂျစ်ကစ္စတန်၊ အီရတ်၊ အုပ်စု(စ)တွင် မြန်မာ၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ အုပ်စု(ဆ)တွင် ဖိလစ်ပိုင်၊ လက်ဘနွန်၊ ဂူအမ်၊ အုပ်စု(ဇ)တွင် အီရန်၊ ဂျော်ဒန်နှင့် နီပေါအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းပါဝင်သော အုပ်စု(စ)ပွဲစဉ်များကို ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများအဖြစ် ဧပြီ ၂၄ ရက်တွင် ကာဂျစ္စတန်နှင့် မြန်မာ၊ ဧပြီ ၂၆ ရက်တွင် ကာဂျစ္စတန်နှင့် အိန္ဒိယ၊ ဧပြီ ၂၈ ရက်တွင် မြန်မာနှင့် အိန္ဒိယအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှား၊ နောက်ဆုံးကျင်းပသည့် ၂၀၁၉ ပြိုင်ပွဲတွင် ချန်ပီယံဆုရ ဂျပန်အသင်း၊ ဒုတိယဆုရ မြောက်ကိုရီးယားအသင်း၊ တတိယဆုရ တရုတ်အသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်ထားပြီး ဖြစ်သည်။

**ကိုညီလေး**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားပိုက်ကျော်ခြင်းနှင့် အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဟိုပန် ဒီဇင်ဘာ ၂၅**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားပိုက်ကျော်ခြင်းနှင့် အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့နံနက် ၁၁ နာရီက လွတ်လပ်ရေးကျောက်တိုင်ဝင်းအတွင်း၌ ကျင်းပသည်။

အမျိုးသားပိုက်ကျော်ခြင်းဗိုလ်လုပွဲတွင် MT အသင်းနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားရာ MT အသင်းက အနိုင်ရရှိသည်။ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲတွင် ခလရ(၁၄၃) အသင်းနှင့် ခလရ(၁၄၅) အသင်းတို့ ယှဉ်ပြိုင်ကစားရာ ခလရ(၁၄၃)အသင်းက အနိုင်ရရှိသည်။

ထို့နောက် အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် အသင်းများကို “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးနှင့် တာဝန်ရှိသူများက လည်းကောင်း၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်နှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ဂုဏ်ပြုဆုငွေတို့ကိုလည်းကောင်း၊ ပြိုင်ပွဲတွင် ဒိုင်အဖြစ်ပါဝင်ကူညီဆောင်ရွက်ပေးသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။



ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အသင်း ၁၄ သင်း၊ အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲတွင် အသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လွိုင်လင်မြို့နယ်အတွင်း ဘိန်းခင်း ၁၁၅ ဧက ဖျက်ဆီး

**လွိုင်လင် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်အတွင်း စိုက်ပျိုးထားသော ဘိန်းခင်းများအား နိုဝင်ဘာ ၂၂ ရက်မှစတင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်မြေခံတပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ပူးပေါင်းအဖွဲ့များဖွဲ့စည်းကာ ဖျက်ဆီးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘိန်းခင်းဖျက်ဆီးရေးတွင် လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်စိုး ဦးဆောင်ကာ မြို့နယ်ရဲတပ်ဖွဲ့ ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးလွင်ဦး ဦးစီးသောအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၄ ရက်အထိ လွိုင်လင်မြို့နယ် ပင်လုံမြို့အနောက်ဘက်ခြမ်းဒေသရှိတောင်ကုန်း၊ တောင်စောင်းများတွင် စိုက်ပျိုးထားသော သီးပွင့်ဆဲ ဘိန်းခင်းဧက ၁၁၅.၃၀ အား ဖျက်ဆီးခဲ့ပြီး ကျန်ရှိသော ဘိန်းခင်းများအား ဆက်လက်ဖျက်ဆီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ကျောက်ဆည်မြို့နယ်၌ ဆောင်းကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျောက်ဆည် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ကုလားပဲမျိုးများ ပိုမိုပြောင်းလဲစိုက်ပျိုးလာကြောင်း သိရသည်။

**ရသင့်သလောက်မရ**

ဒေသနှင့်ကိုက်ညီသည့် ကုလားပဲမျိုးများပြောင်းလဲစိုက်ပျိုးခြင်းများနှင့် ပတ်သက်၍ ယခင်က နှစ်စဉ် ကုလားပဲစိုက်ရာသီရောက်တိုင်း မိရိုးဖလာစိုက်နည်းဖြစ်တဲ့ ပက်ကြဲစနစ်နဲ့ အလွယ်တကူရရှိသည့် ကုလားပဲများကို ဝယ်ယူစိုက်ပျိုးသည့်အတွက် ထွက်နှုန်းများ ရသင့်သလောက်မရကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ရေ၊ မြေနှင့်ကိုက်ညီသည့် ရေဆင်း(၁၃)ကုလားပဲများကို ပြောင်းလဲပြီး သိပ္ပံနည်းဖြင့် စနစ်တကျ ပြောင်းလဲစိုက်ပျိုးခဲ့သောကြောင့် စိုက်ခင်းများ ပိုမိုကောင်းမွန်လာပြီး အသီးထွက်နှုန်း သိသိသာသာ တိုးပွားလာမည်ဖြစ်ကြောင်း တံစိုးကျေးရွာမှ တောင်သူ ဦးခင်မောင်သန်းက ပြောသည်။

ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကုလားပဲစိုက်တောင်သူများ စီးပွားရေးအဆင်ပြေစေရေးအတွက် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် ရေဆင်း(၆)၊ ရေဆင်း(၁၂)၊ ကုလားပဲအနီမျိုးများနှင့် ရေဆင်း(၃)၊ ရေဆင်း(၈)၊ ရေဆင်း(၁၁)၊ ရေဆင်း(၁၃) ကုလားပဲအဖြူမျိုးများ ဖြန့်ဝေပေးလျက်ရှိပြီး စိုက်ခင်းများအောင်မြင်စေရေး လိုအပ်သည့်တောင်သူများအား စိုက်နည်းစနစ်များ အနီးကပ်ကူညီပေးလျက်ရှိကြောင်းနှင့် ကျောက်ဆည်မြို့နယ်တွင် ဆောင်းကုလားပဲ ၈၀၇ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး သီရိလင်္ကာနိုင်ငံ ကိုထရီကိုမာလီမြို့အနီးမှ ဖြတ်ကျော်လျက်ရှိသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် အနောက်–အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး ကိုမိုရင်းဧရိယာနှင့် အနီးတစ်ဝိုက်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဖက်ဒရယ်ဆိုတာမတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကိုထောက်ခံတဲ့ ပြည်သူလူထုကိုကိုယ်စားပြုတဲ့သူတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဒီဇင်ဘာရုံးပိတ်ရက်တွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းခရီးသွားဧည့်သည်လာရောက်မှု ၁၅၀၀၀၀ ကျော်ရှိ



ညောင်ဦး ဒီဇင်ဘာ ၂၅

ဒီဇင်ဘာရုံးပိတ်ရက်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရ သမိုင်းဝင်ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများတွင် ပြည်တွင်းဘုရားဖူး ဧည့်သည်များ အလွန်များပြားစွာ လာရောက်လျက်ရှိကြောင်း လောကနန္ဒာစွယ်တော်မြတ်စေတီဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးထင်လင်းဦးက ပြောကြားသည်။

ဒီဇင်ဘာ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်အတွင်း သမိုင်းဝင်စေတီပုထိုးများဖြစ်သည့် ပုဂံ-ညောင်ဦးဘက်ခြမ်းရှိ စွယ်တော်သုံးဆူ၊ ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ ပခုက္ကူမြို့နယ် တန့်ကြည်တောင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒


ယနေ့ ဖတ်စရာ

လူငယ်များ သိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ
စာမျက်နှာ » ၂၁

ဆေးလိပ်၊ ကွမ်းယာ မသုံးစွဲပါလျှင်
ဆောင်းပါး စာမျက်နှာ » ၂၃

၃၁ နှစ်အကြာမှာ ကာဂလီယာရီအသင်းရဲ့ နည်းပြအဖြစ် ပြန်လည် ခန့်အပ်ခံခဲ့ရတဲ့ ရာနီယာရီ
စာမျက်နှာ » ၂၆


## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၄ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်အုပ်စုပွဲများ ထွက်ပေါ်

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၄ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်အုပ်စုပွဲများ ထွက်ပေါ်လာပြီဖြစ်သည်။

ခြေစစ်ပွဲကို အဆင့်နှစ်ဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်ခြေစစ်ပွဲကို ၂၀၂၃ ခုနှစ် ဧပြီ ၂၂ ရက်မှ ၃၀ ရက်၊ ဒုတိယအဆင့်ခြေစစ်ပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၂၉ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ မလေးရှား၊ မြောက်မာရီယာနာကျွန်းစု၊ အင်ဒိုနီးရှား၊ အုပ်စု (ခ) တွင် ဩစတြေးလျ၊ တရုတ်(တိုင်ပေ)၊ မွန်ဂိုလီးယား၊ ဘူတန်၊ အုပ်စု (ဂ) တွင် ဗီယက်နမ်၊ ဥဇဘက်ကစ္စတန်၊ ပါလက်စတိုင်း၊ ဘာရိန်း၊

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ○

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် ဘောလုံး(အမျိုးသား) ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၅

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ထူးချွန်ထက်မြက်သည့် ဘောလုံးအားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

